အင်မော်တယ်ဖေဖေ

စာစဉ်(၂၈)

## အခန်း(၃၄၆) တိုက်ပွဲအပြီး ထွက်ခွာခြင်း

ဟုန်ချီထောင်နှင့် အခြားသူများမှာ ဂူချမ်းလုံ၏စကားကို ကြားသည့်အခါ မျက်နှာများ အကြိမ်ကြိမ်ပြောင်းလဲသွားကြသည်။

အဆုံးတွင် ဟုန်ချီထောင်သည် အလွန်စိတ်ဓာတ်ကျသည့်ပုံပေါ်လာသည်။

"ဟုန်လီနဲ့ နီနီကို လွှတ်ပြီး သူ့တူကို သုံးရက်ကြာတောင်းပန်ခိုင်းမှာလား"

ဂူချမ်းလုံ၏ဆိုလိုရင်းကို သူကောင်းကောင်းသိပေသည်။

ဟုန်လီနှင့် နီနီအား စေလွှတ်ပြီးနောက်တွင် သုံးရက်အကြာ ညှင်းပန်းနှိပ်စက်ခြင်းထက် ပိုမည်မဟုတ်ချေ။ ဂူချွမ်းလုံသည် သူတို့အား နည်းမျိုးစုံဖြင့် နှိက်စက်ပေလိမ့်မည်။ ဆိုလိုသည်မှာ အစက သူသည် ရုပ်ပိုင်းဆိုင်ရာအရ ညှင်းပန်းနှိပ်စက်မည်ဖြစ်သော်လည်း နောက်ပိုင်းတွင် စိတ်ရော ကိုယ်ပါ နှိပ်စက်ပေတော့မည်။

"သူ အရမ်းလွန်သွားပြီ" ထန်ကျားယီ၏မျက်နှာမှာ အနည်းငယ် ဖြူဖျော့သွားပြီး လက်ဖဝါးများပင် တုန်ယီနေသည်။

"အန်တီထန် ဒေါသမထွက်ပါနဲ့" နီနီက ဝမ်းနည်းနေသည့်လေသံဖြင့် ပြောသည်။ "အဆိုးဆုံးအနေနဲ့ သမီးတို့ ထွက်ပြေးနိုင်တာပဲ"

"ထွက်ပြေးမှာလား" ထန်ကျားယီ သက်ပြင်းချလိုက်ပြီး အနည်းငယ် စိတ်ထိခိုက်သွားသည်။

မှန်သည်။ သူတို့ကတော့ လွတ်မြောက်နိုင်၏။ သို့သော် ဟုန်ချီထောင်၏ပိုင်ဆိုင်မှုများမှာ ဤနေရာတွင် ကျန်နေခဲ့ပြီး ဟုန်လီ၏အစ်ကိုနှစ်ယောက်မှာလည်း ဤနေရာတွင် ရှိနေသည်။ သူတို့ထွက်သွားပြီးသည်နှင့် ဂူချမ်းလုံက သူတို့အား အတင်းအကြပ် ပြန်လာရန် ဖိအားပေးမည့်အလားအလာရှိသည်။

"ချီးပဲ အဆိုးဆုံးအနေနဲ့ ဂူဖန်းဖုန်းကို သတ်ဖို့ တစ်ယောက်ယောက်ကို ခိုင်းလိုက်လို့ရတယ်” ဟုန်လီ၏မျက်နှာမှာ နီရဲလာပြီး သွားများကိုကြိတ်ကာ ပြောသည်။

"စိတ်မပူနဲ့” ထိုသုံးယောက်၏အမူအရာကိုကြည့်၍ ဟုန်ချီထောင်က အေးဆေးတည်ငြိမ်သည့်မျက်နှာအမူအရာဖြင့် ပြောလိုက်သည်။ "ကမ္ဘာကြီးက ဂူချမ်းလုံတစ်ဦးတည်းရဲ့ အာဏာအောက်မှာ ရှိတာမဟုတ်ဘူး။ ငါ ဒီမှာ ရှိနေသေးတာပဲ။ မင်းတို့ဘာကို ကြောက်နေတာလဲ။ အခု ပြန်သွားကြတာပေါ့။ အဲ့ကိစ္စကို ဖြေရှင်းဖို့ ငါနည်းလမ်းရှာမယ်”

ထိုနောက် သူက ဦးဆောင်က ရှေ့လမ်းဆုံသို့ လျှောက်သွား၏။

သူ၏စကားက ၎င်းတို့အား စိတ်သက်သာရာရစေသော်လည်း ဟုန်ချီထောင်မှာ ပို၍ဒေါသထွက်လာပြီး ပို၍စိုးရိမ်လာသည်။

...နည်းလမ်းရှာရမှာလား။ ငါ့မှာ အကြံကောင်းတစ်ခုခုရှိလာမှာလား...

ဤ၊တစ်ကြိမ်တွင် မာစတာတစ်ဦဂအား အကူအညီတောင်းရန်အတွက် အမြောက်အများ ပေးရဖွယ်ရှိသည်ဟု သူထင်ခဲ့သည်။

ဟုန်ချီထောင် တိတ်တဆိတ်သက်ပြင်းချလိုက်ပြီး ထောင့်ချိုးအား ချောချောမွေ့မွေ့ လှည့်ရန် မျှော်လင့်မိသည်။ သူသည် ပိုက်ဆံအချို့သုံးရန် စိတ်မရှိသော်လည်း ဂူချွမ်းလုံအား အနိုင်ယူနိုင်သည့်သူကို ရှာမတွေ့မှာ စိုးရိမ်ပေသည်။

သူတို့မိသားစုအပြင် အခြားသူများမှာလည်း တိုက်ပွဲထဲ၌ မိန်းမူးနေကြသေး၏။

ဤအခိုက်အတန့်တွင် အောက်ဆင်းလာရင်း လူတော်တော်များများ သက်ပြင်းချသံများကို မကြာခဏကြားနေရသည်။

"မာစတာကျန့်နဲ့ တိုက်ခိုက်တဲ့ ချင်ပန်ဇီက တကယ်ကြမ်းတာပဲ။ သူ့ရဲ့ခွန်အားက မာစတာတစ်ယောက်လိုပဲ သန်မာနေတာလား”

"ရုပ်ရှင်ထဲက ကင်းကောင်နီးနီး အစွမ်းထက်တယ်။ အရမ်းမိုက်တယ်။ ငါ့မှာသာတစ်ကောင်ရှိရင် သေချာပေါက် အိပ်မက်ထဲကနေ ရယ်မောပြီး နိုးလာမှာ”

"အိပ်မက်မက်မနေနဲ့။ မာစတာကျန့်နဲ့ သူ့အပေါင်းအပါတွေ လအနည်းငယ်ကြာမှ ပြန်ကောင်းလာဖို့ရှိတယ်လို့ တခြားမာစတာတစ်ယောက်ဆီက ငါကြားခဲ့ရတယ်။ သူတို့ရဲ့ သိုင်း

အဆင့်လည်း လျော့ကျသွားနိုင်တယ်တဲ့။ သူတို့ ဒဏ်ရာက အတော်လေးပြင်းထန်ပြီး ကံကောင်းလို့ အသက်ရှင်ခဲ့တာ”

"လဆန်းပင်လယ်ကွေ့က မာစတာကျန်းက မာစတာဂူကို တောင် မျက်နှာချင်းဆိုင် စော်ကားရဲတယ်။ တကယ်ကို ကြောက်စရာကောင်းတဲ့သူလို့ ငါထင်တယ်။ သူက အရမ်း ရက်စက်တယ်။ တခြားသူတွေရဲ့ အသက်ကို အမှိုက်တွေလို ဆက်ဆံတဲ့သူပဲ။ ဘယ်လောက် ကြောက်စရာကောင်းလိုက်လဲ”

"ဒါက သိုင်းလောကလေ။ ဒီနေ့ ဒီကိုလာရတာ နောင်တရ စရာမရှိတော့ဘူး။ ငါ့ရဲ့ အမြင်တွေကျယ်သွားခဲ့ရပြီ”

"...”

သူတို့အတွက်တော့ ယွမ်တင်းတောင်တွင် ယနေ့ဖြစ်ပျက် ခဲ့သည်များက အိပ်မက်တစ်ခုပမာပင်။ သိုင်းပညာရှင်များ အားလုံးပင် အနည်းငယ် စိတ်ရှုပ်သွားခဲ့ရ၏။ အကြောင်းမှာ

နက်နဲအဆင့်တွင်ရှိသည့် မာစတာကျန်းသည် သူတို့၏လောက အမြင်များကို ဖျက်စီးပစ်လိုက်သောကြောင့်ပင်။

သူသည် နက်နဲအဆင့်မာစတာတစ်ယောက်သာဖြစ်သော်လည်း တစ်ချက်တည်းဖြင့် မြေကမ္ဘာအဆင့်တစ်ယောက်နှင့် နက်နဲအဆင့်လေးယောက်ကို အနိုင်ယူခဲ့သည်။

"အဲဒါ ဘာကို ဆိုလိုတာလဲ”

သူသည် သူ့ထက် များစွာအစွမ်းထက်သူများနှင့် တိုက်ခိုက်ခဲ့၏။

...ဘယ်လောက်ကြောက်စရာကောင်းလိုက်တဲ့လူလဲ။ သူက သူ့ထက်အဆင့်မြင့်တဲ့ပြိုင်ဘက်ကို ယှဉ်နိုင်တာတောင်မှာ ဘာလို့ သူ့အကြောင်း မကြားဖူး မမြင်ဖူးရတာလဲ....

တောင်ဆင်းလမ်းတွင် လူများစွာသည် ၎င်းတို့၏မိတ်ဆွေသူငယ်ချင်း ဆွေမျိုးများအား ဖုန်းခေါ်ကြသည်။ ပထမဆုံးအကြိမ် ပြောသည့်စကားမှာ အကြမ်းဖျင်းအားဖြင့်...

"ဟဲလို ယွမ်တင်းတောင်မှာ ကြီးကြီးမားမားတစ်ခု ဖြစ်ခဲ့တယ်။ လဆန်းပင်လယ်ကွေ့ရဲ့မာစတာကျန်းကို မင်း အရင်က ကြားဖူးလား။ တကယ်ကို မယုံနိုင်စရာပဲ။ ငါမင်းကို ပြောပြမယ်....”

ယနေ့ ယွမ်တင်းတောင်တိုက်ပွဲနှင့် ပတ်သက်သည့် သတင်းမှာ ဟောင်ကောင်သိုင်းလောကတွင် အမှန်တကယ် အရှိန်အဟုန်ဖြင့် ပျံ့နှံ့သွားသည်မှာ ထင်ရှားပေ၏။

တောင်ကုန်းပေါ်ရှိ ကားပါကင်တွင်...

ယဲ့ဟန်၊ ယဲ့ချီနှင့် သူတို့၏သက်တောင်စောင့်များအားလုံး ကားပေါ်တက်ကာ ဖြည်းညှင်းစွာ ထွက်ခွာသွားကြ၏။

"အဖေ ဘယ်လိုထင်လဲ။ ကျွန်တော့်မှာ အမြင်ကောင်းရှိတယ်မလား။ ကျွန်တော် ပြောပါတယ်။ မစ္စတာကျန်းက အရမ်းအစွမ်းထက်ပါတယ်လို့” ယဲ့ဟန်က စိတ်လှုပ်ရှားစွာ ပြောသည်။

"ရှောင်ဟန် ဒီတစ်ခေါက် မင်း မှန်တာကို လုပ်ခဲ့တာပဲ" ယွဲ့ချီက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ယွဲ့ဟန်၏ပုခုံးကို ပုတ်ကာ ပြောသည်။ "သူ့ရဲ့ ခွန်အားက အရမ်းတုန်လှုပ်ဖို့ကောင်းတယ်။ သူ ရက်အနည်းငယ်အတွင်း မာစတာဂူကို ဆန့်ကျင်ထားနိုင်သရွေ့ သူ ဟောင်ကောင်မှာ အခိုင်အမာခြေကုပ်ရယူနိုင်လိမ့်မယ်"

"အာ... သူတို့အချင်းချင်း ထပ်ပြီး တိုက်ကြဦးမှာလား" ယွဲ့ဟန် အံ့အားသင့်သွားကာ "ဒါပေမဲ့ မာစတာဂူက ဒီနေ့ မစ္စတာကျန်းကို ရှုံးသွားတယ်မဟုတ်လား"

"သူ တကယ်ရှုံးခဲ့တာမဟုတ်ဘူး။ မာစတာဂူက မစ္စတာကျန်းရဲ့ဇစ်မြစ်ကို မဖော်ထုတ်နိုင်လို့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာ ဖြစ်နိုင်တယ်" ယွဲ့ချီက လေးနက်သည့်အသံဖြင့် ပြောသည်။

ဂူချမ်းလုံသာ ဤအဖြစ်အပျက်ကို မြင်လိုက်ရပါက သူ မျက်ရည်ပင်ကျရင် ပြောပေလိမ့်မည်။ "ငါလိုအပ်နေတာ မင်း လိုမျိုး ငါ့ကို နားလည်ပေးနိုင်တဲ့ ဉာဏ်ကြီးရှင်ပဲကွ"

"မစ္စတာကျန်း မနိုင်ရင် အန္တရာယ်ရှိမှာလား" ယွဲ့ဟန်က အမြန်မေးသည်။

"ဘာဖြစ်မလဲတော့ မသိတော့။ မာစတာဂူဘာပဲလုပ်လုပ် မစ္စတာကျန်းက တကယ်အစွမ်းထက်တယ်။ တစ်ချက်တည်းနဲ့ မာစတာငါးယောက်ကို အနိုင်ယူနိုင်တာဟာ သာမန်လူတွေ ထက် အများကြီးသာတယ်"

"အိုး ဟုတ်တာပေါ့။ မစ္စတာကျန်းက တကယ်ကြောက် စရာကောင်းတဲ့သူပဲကို"

...

ထိုအချိန် လဆန်းပင်လယ်ကွေ့သို့ ပြန်သွားသည့်လမ်း ပေါ်ရှိ Land Rover ကားပေါ်တွင်။

ကားမောင်းနေသည့် ကျောက်ဖုန်းက နောက်ကြည့်မှန်မှ တဆင့် တာဟေးကို ကြည့်လိုက်သည်။ သူ၏မျက်လုံးများ နီရဲနေသေးသည်ကို မြင်သည့်အခါ ကျောက်ဖုန်း မေးလိုက်၏။

"တာဟေး မင်းမျက်လုံးတွေ နာနေသေးလား"

"ဝူး...ဝူး..."

တာဟေးက နှုတ်ခမ်းကို တွန့်ကာ တုံ့ပြန်သည်။ သူသည် မျက်ခွံများအား လက်ဖြင့်ပွတ်ကာ နာကျင်နေသေးကြောင်း ပြသသည်။

သူသည် ရန်သူအား အနိုင်မရခဲ့သည့်အတွက် ယနေ့ တိုက်ပွဲရလဒ်ကို မကျေနပ်ချေ။ အချိန်အတော်ကြာအောင် တိုက်ခိုက်ခဲ့သည်ပင် ရန်သူအား မထိမိခဲ့သည့်အတွက် အနည်းငယ် ရှက်စရာကောင်း၏။

သူ၏အမူအရာကိုကြည့်၍ ကျန်းဟန်က ပြုံးကာ ခေါင်းယမ်း၍ ပြောလိုက်သည်။

"ယန်မိုးကြိုးသစ်ပင်အောက်မှာ ယန်ချင်ရေ တစ်ပုံးရှိသေးတယ်။ ပြန်သွားပြီးရင် နည်းနည်းလောက်သောက်ပြီး မျက်လုံးထဲ ရေစက်နည်းနည်းလောက်ချလိုက်။ ဒီနေ့ လုပ်ခဲ့တာ တော်တယ်။ ဒါကြောင့် တောင်ပေါ်က မွေးမြူရေးခြံထဲက မင်းကြိုက်တဲ့အကောင်ကို စားလို့ရတယ်"

"ဝူး"

တာပေါး၏မျက်လုံးများ ပြူးကျယ်သွားကာ နှုတ်ခမ်းများတွန့်ကွေးသွားပြီး ရွှင်မြူးစွာဖြင့် အကြိမ်အနည်းငယ် အော်ဟစ်လိုက်သည်။ "ဝူး ဝူး ဝူး"

ထိုနောက် သူ ရယ်လောသည်။ "ဝူး ဟားဟားဟား…"

တာပေါးမှာ ရယ်မောရင်း ပျော်ရွှင်စွာ ကခုန်နေတော့၏။

…သခင်က ငါ့ကို ချီးကျူးတယ်ဆိုတော့ အရမ်းပျော်တယ်…

...ပြီးတော့ သခင်က ငါကြိုက်တာ စားလို့ရတယ်လို့ပြော တယ်။ ဟီးဟီး ငါ အမွှေးရှည်ရှည်နဲ့ဝက်တွေ စားချင်နေတာ။ ဒီ နေ့တော့ စားလို့ရပြီ...

တာပေါ်းမှာ အလွန်ကြီးမားသည့်အတွက် ကားပင် အနည်းငယ် လှုပ်ခါသွား၏။

တာပေါ်း၏ပုံစံကို မြင်သည့်အခါ ကျောက်ဖုန်း ရယ်မောလိုက်သည်။

"ဝူး ဝူး ဝူး ဝူး...."

မိနစ်အနည်းငယ်ကြာ လှုပ်ခါပြီးနောက် တာပေါ်းက ကျန်းဟန်နှင့် ကျောက်ဖုန်းအား လက်ဇွေ့ယမ်းကာ အော်ဟစ် ပြသည်။

သူ၏အမူအရာကိုကြည့်၍ ၎င်း၏ဆိုလိုရင်းကို သူတို့နှစ် ယောက် သိလိုက်ကြသည်။

"အဲဒီကောင်က အရမ်းကောက်ကျစ်လို့ မဟုတ်ရင် ငါ သူ့ကို သေတဲ့အထိ ရိုက်ပြီးပြီ" ဟူ၍ ပြောရန် ကြိုးစားနေခြင်းဖြစ်သည်။

"ကောင်းပါပြီ။ မင်းက စွမ်းအားကြီးပါတယ် ဟုတ်ပြီလား" ကျောက်ဖုန်းက ပြုံး၍ ပြောသည်။ ထိုနောက် သူက ခရီးသည်ခုံတွင် ထိုင်နေသော ကျန်းဟန်ကို ကြည့်၍ ပြောသည်။ "ဆရာခုနက လှုပ်ရှားတာ အရမ်းမြန်တယ်။ ကျင့်ကြံသူတွေအားလုံးက ဒီလိုပဲ အရမ်းကြောက်ဖို့ကောင်းတာလား။ ဆရာက နက်နဲအဆင့်မာစတာလို့ သူတို့ပြောနေကြတာ။ သူတို့ကို လွယ်လွယ်လေး အနိုင်ယူနိုင်တယ်"

"ယေဘူယျအားဖြင့် ပြောရရင် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်က မာစတာကျန့်လို့မျိုး သိုင်းသမားတစ်ယောက်ကို အနိုင်ယူနိုင်တယ်။ ဒါပေမယ့် မာစတာငါးယောက်ဆိုရင်တော့ ရှုံးနိမ့်သွားနိုင်တယ်" ကျန်းဟန်က ခေါင်းယမ်းကာ ပြောသည်။

"ဆရာ ဘယ်လိုဖြစ်လို့ လွယ်လွယ်အနိုင်ရတာလဲ” ကျောက်ဖုန်းက သိချင်စိတ်ဖြင့် မေးသည်။

"ငါက သာမန် ချီသန့်စင့်ခြင်းအစောပိုင်းအဆင့်တစ်ယောက် မဟုတ်ဘူးလေ” ကျန်းဟန်မှာ ရယ်စရာကောင်းသည်ကို တွေ့လိုက်ရ၏။

သူသည် အတိဒုက္ခအဆင့်တွင်ရှိခဲ့ဖူးသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး သာမန်လူများ မယှဉ်နိုင်သည့် ကျင့်ကြံမှုနှင့်ပတ်သက်သော အသိပညာများ ရှိခဲ့သည်။ သူသည် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်သာရှိသေးသော်လည်း ၎င်းကို အလွန်ထိရောက်စွာ အသုံးပြုနိုင်သည်။ ထို့ကြောင့် သူ၏လှုပ်ရှားမှုများမှာ လျင်မြန်မှု၊ တိကျမှုနှင့် ရက်စက်မှုတို့ရှိသည်။ ထို မာစတာဟုခေါ်သည့်လူများမှာ သူကဲ့သို့ တိကျမည်မဟုတ်တာသေချာပေသည်။

ဤအချိန်တွင် ကျောက်ဖုန်းက သူ့နဖူးကိုသူ ပြန်ပုတ်လိုက်ပြီး ပြုံး၍ ဆိုသည်။ "ဟုတ်သားပဲ၊ ဆရာက အစွမ်းအထက်ဆုံးပဲကို"

"ဝူး ဝူး ဝူး…ငါလည်း မင်းထက်ပိုပြီး သန်မာတယ်"

"…" ကျောက်ဖုန်းမှာ နှုတ်ခမ်းများ ရှုံ့မဲ့သွား၏။

သူတို့ စကားပြောလာကြရင်း လဆန်းတောင်သို့ ရောက်ရှိသွားကြသည်။ တာဟေးက ကားပေါ်မှဆင်းကာ လက်ကိုဝှေ့ယမ်းပြပြီး တောင်ပေါ်တက်သွား၏။

ကျောက်ဖုန်းက ကျန်းဟန်အား စားသောက်ဆိုင်သို့ ပြန်ပို့ပေးသည်။ ကျန်းဟန် ကားပေါ်မှဆင်းပြီးနောက် သူသည် လဆန်းတောင်ရှေ့ရှိ ကမ်းခြေသို့ ဦးတည်ကာ မောင်းသွားခဲ့သည်။

နည်းပြလျှို့နှင့် အခြားသူများ၏ လေ့ကျင့်မှုအခြေအနေအား စစ်ဆေးရန်ပြင်ဆင်ထား၏။

ရက်အနည်းငယ်ကြာ လေ့ကျင့်ပြီးနောက် နည်းပြလျို သည် အတွင်းအားအဆင့်သို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။

သူအဆင့်ဖြတ်ကျော်နိုင်သည့်အတွက် အလွန်စိတ်လှုပ်ရှား နေကာ ကျောက်ဖုန်းအား ချက်ချင်းပင် တိုက်ခိုက်ရန်စိန်ခေါ် လေသည်။ နောက်ဆုံးတွင်တော့... သူရှုံးနိမ့်သွားလေ၏။

ကျောက်ဖုန်းသည် ဝံပုလွေခေါင်းအဖွဲ့မှ လူများ စွာ၏မျက်စိရှေ့တွင်ပင် သူ့အား လေးစားမှုလေးမထား သည့်အတွက် နည်းပြလျှိုမှာ မညည်းညူဘဲမနေနိုင်ချေ။

သို့သော် ရက်အနည်းငယ်ကြာလေ့ကျင့်ပြီးနောက် ဝံပုလွေ ခေါင်းအဖွဲ့၏ထက်ဝက်ကျော်မှာ အပြင်အားအဆင့်သို့ အဆင့် တက်သွားခဲ့ကြသည်။

ကျန်သည့်လူများမှာလည်း အဆင့်ချိုးဖြတ်တော့မည် ဖြစ်၏။ ထို့ပြင် ၎င်းတို့ အဆင့်တက်ပြီးနောက် နည်းပြလျိုက အားဟူနှင့် အခြားသူများအား ကူညီ၍ အလုပ်လုပ်ကိုင်ရန် လုံခြုံရေးကုမ္ပဏီသို့ သွားရန်ဆုံးဖြတ်ခဲ့သည်။ ထိုအတော်

အတွင်း၌ နည်းပြလိုသည် ပရော်ဖက်ရှင်နယ်ဆရာအမျိုးမျိုးကို ကမ်းလှမ်းခဲ့ပြီး ကုမ္ပဏီ၏နောက်တွင် သေနတ်ပစ်ကွင်းထောင်မည်ဟု ကတိပေးခဲ့၏။

အရာရာမှာ စနစ်တကျဖြစ်လာခဲ့သည်။ အားဟူနှင့်သူ၏အဖွဲ့သားများသည် ကုမ္ပဏီတွင် အသိပညာမျိုးစုံကိုသင်ယူခဲ့ကြပြီး ကြီးမားသည့်တိုးတက်မှုကိုရရှိခဲ့ကြသည်။

အခြားတစ်နေရာရှိ မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်တွင်။

ကျန်းဟန်သည် ဆယ့်နှစ်နာရီတွင် ထွက်သွားခဲ့ပြီး နှစ်နာရီထိုးခါနီးတွင် ပြန်လာခဲ့သည်။

"ဖေဖေ ဘာလို့နောက်ကျကနေတာလဲ။ မုန့်မုန့် ဖေဖေ့ကိုလွမ်းနေပြီ" ပထမထပ်ရှိ ဆိုဖာပေါ်၌ အရုပ်များဖြင့် ကစားနေသော မုန့်မုန့်သည် သူ့အား မြင်သည်နှင့် သူမ၏လက်ကလေးများအား ကျန်းဟန်ဆီ ဆန့်တန်းကာ သူမအား ပွေ့ချီခိုင်းသည်။

ကျန်းဟန်က ကလေးမလေးအား ပွေ့ချီလိုက်ပြီးနောက် မုန့်မုန့်သည် နှုတ်ခမ်းလေးစူက မကျေမနပ်ဖြင့် ပြောသည်။ "ဖေဖေ အန်တီလီလီက မုန့်မုန့်ကို အနိုင်ကျင့်တယ်"

မုန့်မုန့်၏လေသံက ဆိုဖာပေါ်တွင် တီဗီကြည့်နေသော ကျန်းလီနှင့် လော့ချင်းအား ရယ်မောသွားစေသည်။

"ဘာလဲ။ သူ မုန့်မုန့်ကို ဘယ်လိုအနိုင်ကျင့်တာလဲ ဖေဖေ့ကိုပြော။ နောက်မှ ဖေဖေ သူ့ကိုရိုက်မယ်" ကျန်းဟန်က မုန့်မုန့်၏နှာခေါင်းသေးသေးလေးအား လက်ဖြင့်ထိကာ ပြုံး၍ ပြောသည်။

"အင်း သမီး ရှောင်တ ကြည့်လို့မပြီးသေးတာကို အန်တီလီလီက ချန်နယ်ပြောင်းလိုက်တော့ ရှောင်တ ပျောက်သွားတယ်။ သမီးကို ကြည့်ခွင့်မပေးဘူး" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

"အိုး မင်းသမီးလေးရယ်" ကျန်းလီမှာ ရယ်ချင်သွားပြီး "ကာတွန်းကားရဲ့အဆုံးသတ်သီချင်းသံကို ကြားနေရပြီလေ။ အဲ့တော့ ကာတွန်းက ပြီးသွားတာ သေချာတာပေါ့"

"ဖေဖေသိပြီ။ ဖေဖေတို့ သူ့ကို အပြစ်ပေးသင့်တယ်။ ဒီည သူ့ကို ညစာစားခွင့်မပေးရင်ရော ဘယ်လိုလဲ" ကျန်းဟန်က ရယ်မောကာ မေးသည်။

"အင်း...." မုန့်မုန့်က မျက်လုံးဝိုင်းကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ကာ ပြန်ပြောရန်ပြင်သည်။

ကျန်းလီက ကြားဖြတ်ပြောလိုက်၏။ "အဟမ်း ခုနက ငါ ဘာဝယ်ခဲ့တာဘာလိမ့်။ ကလေးလေးက အဲဒါကို အရမ်းကြိုက်လို့ အများကြီးစားတာ ငါမှတ်မိပါတယ်"

"အမ်" မုန့်မုန့် ရုတ်တရက် အံ့အားသင့်သွား၏။ သူမလေး မျက်လုံးများ ပေကလပ်ပေကလပ်လုပ်နေသည်ကို ရပ်ကာ အမြန်ပြောလိုက်သည်။ "မဟုတ်ဘူး မဟုတ်ဘူး။ မုန့်မုန့် ရေခဲမုန့် မစားခဲ့ဘူး။ ဖေဖေ ဖေဖေ အန်တီလီလီ ညစာစားလို့ရတယ်"

မုန့်မုန့်သည် ပြောနေရင်းဖြင့် ကျန်းဟန်အား ကြည့်လိုက်၏။

ကျန်းဟန်မှာ မရယ်မိအောင် အတတ်နိုင်ဆုံး ထိန်းထားခဲ့သည်။ သူသည် ထိုစကားများ၏နောက်ကွယ်မှ အဓိပ္ပာယ်ကို မသိဟန်ဆောင်ကာ ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ။ မုန့်မုန့် ဖေဖေ့ကို နမ်းပါဦး"

"မွ မွ မွ" မုန့်မုန့်က နာခံစွာဖြင့်ပင် ကျန်းဟန်၏ပါးကို အကြိမ်များစွာ နမ်းလိုက်သည်။

"ဖေဖေ တာပေါ်ပေါ်ကို တွေ့ခဲ့လား။ သူဘာလို့ ဖေဖေနဲ့ မလိုက်လာတာလဲ။ သမီးတို့ တာပေါ်ပေါ်နဲ့ သွားကစားကြမယ်လေ"

"ကာတွန်းကား ပြီးသွားပြီ။ မုန့်မုန့် က တာပေါ် ရှောင်ပေါ်တို့နဲ့ ကစားဖို့ သုခဘုံကို သွားချင်တယ်"

"သမီးမေမေ ခဏနေရင် ပြန်လာတော့မယ်။ ဖေဖေတို့ သူမနဲ့အတူတူသွားကြမယ်လေ” ကျန်းဟန်က နာရီကို ကြည့်ကာ ပြန်ဖြေသည်။

ဇီယန် မနက်က ထွက်သွားစဉ် ညနေ သုံးနာရီခန့်တွင် ပြန်လာမည်ဟု ပြောသွားခဲ့၏။

သို့သော် ညဘက်တွင် သူမ ရိုက်ကူးရေးအတွက် အပြင် ထွက်ရမည်ဖြစ်သည်။

-အခန်း(၃၄၆)ပြီး

wunzinnosp

## အခန်း(၃၄၇) ဘာကြားခဲ့တာလဲ

"အင်း ကောင်းပြီ။ မေမေ့ကို စောင့်ကြမယ်” မုန့်မုန့်က လိုက်လျောစွာပင် ခေါင်းညိတ်၏။

"လိမ္မာတယ်" ကျန်းဟန်က မုန့်မုန့်၏ နူးညံ့သည့်မျက်နှာလေးကို နမ်းလိုက်ပြီး ဆိုဖာပေါ်ချပေးလိုက်သည်။

"အစ်ကို အခု ဘာလုပ်ပြီးပြန်လာတာလဲ။ ကျောက်ဖုန်းရော်။ သူ နင်နဲ့အတူလိုက်သွားတာ မဟုတ်လား" ကျန်းလီက ဝင်ပေါက်သို့ လှမ်းကြည့်ရင်း ကျောက်ဖုန်းအား မတွေ့သဖြင့် မေးသည်။

"သူ အလုပ်ကိစ္စတစ်ခုနဲ့ အပြင်သွားတယ်" ကျန်းဟန်က ပြန်ပြော၏။

"သူထွက်သွားတာကို ဘာလို့ အသိမပေးသွားတာလဲ။ သူ ပြန်လာရင် ဂိမ်းအတူဆော့မလို့ စောင့်နေတာကို" ကျန်းလီ နှုတ်ခမ်းအား တွန့်ကွေးလိုက်သည်။

"နင် သူ့ကို ကြိုက်နေတာလား ရှောင်လီ" ကျန်းဟန်က သူ့ညီမအား ခဏလောက်စိုက်ကြည့်ကာ ရုတ်တရက် မေးလိုက်သည်။

သူ၏စကားကိုကြားပြီးနောက် ကျန်းလီမှာ အေးခဲသွားပြီး မျက်လုံးမှိတ်တုတ်မှိတ်တုတ်လုပ်လိုက်သည်။ စက္ကန့်အနည်းငယ်အကြာတွင် သူမ ခေါင်းယမ်းကာ ပြော၏။ "မဟုတ်ပါဘူး။ ငါ... ငါက သူတကယ်စိတ်ဝင်စားဖို့ကောင်းတဲ့ သူလို့ ထင်ရုံပါပဲ”

"အင်း” ကျန်းဟန်က ဘာမှမပြောတော့ဘဲ ပြုံးလိုက်သည်။

သူ၏ညီမဖြစ်သူမှာ ကျောက်ဖုန်းအား သဘောကျနေခြင်း ဖြစ်နိုင်ကြောင်း သူသတိပြုမိခဲ့၏။ သို့သော် ကျန်းလီက အရူးအမူးချစ်နေခြင်းမဟုတ်သရွေ့ စိတ်ပိုင်ဆိုင်ရာပြဿနာများအတွက် သူ ဝင်စွက်ဖက်မည်မဟုတ်ချေ။

"ဟေး ဒီကိုတစ်ယောက်ယောက် လာနေတယ်” လော့ချင်းက တံခါးဆီကြည့်ရင်း ရုတ်တရက် ပြောသည်။

သူတို့ လှမ်းကြည့်လိုက်ရာ ပီရာဆန်သည် ရွှေရောင်ဆံပင်၊ အပြာရောင်မျက်လုံးများရှိသည့် လူတစ်ယောက်နှင့်အတူ သေတ္တာငယ်လေးကို ကိုင်၍ လာနေသည်အား တွေ့လိုက်ရ၏။

"သူဌေး ငါပြန်လာပြီ။ မင်းလိုနေတဲ့ မြေအောင်းမှိုတွေလည်း ယူလာတယ်" ပီရာဆန်က လက်ထဲမှာ သေတ္တာဘူးကို မြှောက်ပြကာ ပြုံး၍ ပြောသည်။

"အင်း" ကျန်းဟန်က ခေါင်းညိတ်သည်။

ပီရာဆန်နှင့် အရပ် ၁.၈ မီတာရှည်သော သူ၏သူငယ်ချင်းတို့ သူတို့အနားသို့ လျှောက်လာသည့်အခါ ပီရာဆန်ကာ ပြောသည်။ "သူဌေး ငါ သူနဲ့မိတ်ဆက်ပေးမယ်။ ဒါက ဟောင်ကောင်မှာရှိတဲ့ မီရှယ်လင်ရဲ့ ဒေသဆိုင်ရာမန်နေဂျာ စတီဖန်ပါ"

"ဟဲလို မစ္စတာကျန်း။ ကျုပ်က စတီဖန်ပါ။ ဒီမှာ အစားအသောက်တွေ အရမ်းအရသာရှိတယ်လို့ ကြွန်တော်

ကြားတယ်။ ဒါကြောင့် မင်းဆီကို အထူးတလည် လာလည်တာ ပါ” စတီဖန်က လက်ကိုဆန့်လိုက်ပြီး ပြုံးကာပြောသည်။

ကျန်းဟန်က သူ့အား လက်ဆွဲနှုတ်ဆက်ပြီး ခေါင်းညိတ်ကာ ပြောလိုက်၏။ "ဟဲလို”

ထိုနောက် သူသည် ပီရာဆန်၏လက်ထဲရှိ ဘူးအား ကြည့်လိုက်သည်။

ပီရာဆန်က ရှေ့သို့ ခြေလှမ်းအနည်းငယ်လှမ်းလိုက်ပြီး အနက်ရောင် မြေအောင်းမှိုသုံးခုနှင့် အဖြူရောင်မြေအောင်းမှို လေးခုပါရှိသည့် ဘူးအား ဖွင့်လိုက်သည်။ ၎င်းမှာ ကျန်းဟန် ယွမ်သိန်းချီ၍ အကုန်အကျခံထားသည့်အရာဖြစ်၏။

"ဒီအနက်ရောင် မြေအောင်းမှိုတွေက ပြင်သစ်ကလာတာ။ အဖြူတွေက အီတလီကလာတာ။ အကုန်လုံးက အရည်အသွေးကောင်းပေမယ့် ဒီကိုသယ်လာဖို့ ခုနှစ်ရက်လောက် အချိန်ကုန်သွားတယ်။ ဒါကြောင့် ဒီနေ့စားတာ ပို

ကောင်းလိမ့်မယ်လို့ ထင်တယ် သူဌေး” ပီရာဆန်က ပြောသည်။

"အဲဒါတွေက သာမန်မြေအောင်းမှိုတွေနဲ့အတူတူပဲလား” လော့ချင်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်နေသော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ချေ။

"မိန်းကလေး မင်းမှားနေပြီ။ ဒီအဖြူနဲ့အနက် မြေအောင်းက ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံးဘတ္တရီးယားလေးမျိုးထဲက တစ်ခုပဲ။ အရမ်းရှားပါးပြီးတော့ ဒီလိုအရည်အသွေးကောင်းတာမပြောနဲ့ ပုံမှန်လတ်လတ်ဆတ်ဆတ်မြေအောင်းမှိုတောင်မှ တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော် စျေးပေါက်တယ်။ ဒီကောင်တွေဆိုရင် အရည်အသွေးအရမ်းကောင်းပြီး အရမ်းရှားတယ်”

ပီရာဆန်က မိတ်ဆက်ပေးသည်။

"အနက်ရောင်မြေအောင်းမှိုကို စိန်နက် လို့ တင်စား ခေါ်ဝေါ်ပြီးတော့ အဖြူရောင်မြေအောင်းမှိုကို စိန်ဖြူ လို့

တင်စားကြတယ်။ ပြင်သစ်မှာ သဘာဝမြေအောင်းမှိုတွေဟာ ရွှေနဲ့ ညီမျှတယ်။ ပြင်သစ်တွေ မကြာခဏပြောလေ့ရှိတာ မြေအောင်းမှိုတစ်ဂရမ်က ရွှေတစ်ဂရမ်နဲ့ တူညီတယ်တဲ့။ ဥရောပနဲ့ အမေရိကကလူတွေ အကြိုက်ဆုံးထဲဥတစ်ခုလည်းဖြစ်တယ်။ သူ့ရဲ့အရသာက နိုင်ငံအသီးသီးကခေါင်းဆောင်တွေကြားထဲမှာ တော့ အတော်လေးရေပန်းစားတာ”

"အရမ်းဈေးကြီးတာပဲ” လေ့ချင်းက လျှာလေးထုတ်ကာ မေးသည်။ "ကျွန်မတို့ အဲဒါကို ဘယ်လိုစားရမှာလဲ”

"အဖြူရောင်မှိုက အစိမ်းစားသင့်ပြီးတော့ အနက်ရောင်မှိုကတော့ အသားကင်နဲ့တွဲပြီး စားသင့်တယ်။ အနက်ရောင်မှိုကို ကြက်ဥနဲ့ဖြစ်ဖြစ်ပေါင်းပြီးတော့ အရသာရှိတဲ့ ကြက်ဥပေါင်း အဖြစ် လုပ်လို့ရတယ်” စတီဖန်က ပြောသည်။

"ခဏထိုင်ဦးနော် မုန့်မုန့်။ ဖေဖေ ညစာအတွက် ဟင်းချက်စရာလေးတွေ ပြင်ဆင်လိုက်ဦးမယ်” ကျန်းဟန်က စူးစမ်းလိုစိတ်ဖြင့် ငေးကြည့်နေသည့် မုန့်မုန့်အား ဆိုဖာပေါ်တင်

ပေးလိုက်ပြီး ဘူးကိုယူကာ မီးဖိုချောင်ထဲသို့ လျှောက်သွားသည်။

အနက်ရောင်မှိုများအား ထုတ်ယူကာ ရေသန့်သန့်ဖြင့် ဆေးကြောလိုက်ပြီး အနက်အညစ်အကြေးများအား ဘရက်သေးသေးဖြင့် ပွတ်တိုက်လိုက်သည်။ ထိုနောက် အလွှာပါးလေးများအဖြစ် စတင်လှီးဖြတ်၏။ အရင်ဆုံး အတုံးသေးသေးများအဖြစ် လှီးလိုက်၏။ ထိုနောက် ကြက်ဥတစ်ဒါဇင်ခန့်ကို ဖောက်ထည့်ကာ ပန်းကန်တစ်ခုဖြင့် မွှေလိုက်ပြီး ရေခဲသေတ္တာထဲ၌ ထည့်လိုက်သည်။

ကျန်းဟန်လုပ်နေသည်များကို ကြည့်ပြီး စတီဖန်က အသာခေါင်းညိတ်လိုက်၏။

သူ၏နည်းစနစ်နှင့် အဆင့်များအရ သူသည် ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်း စတီဖန်သိလိုက်သည်။

ရေခဲသေတ္တာထဲသို့ ထည့်ရသည့်ရည်ရွယ်ချက်မှာ အနာရီအနည်းငယ်ကြာပြီးပါက ကြက်ဥအရည်ထဲသို့ မှိုအရသာများ

စိမ့်ဝင်သွားစေရန်ဖြစ်သည်။ ဤနည်းဖြင့် သူသည် အရသာကောင်းမွန်သော ဟင်းလျာကို ချက်ပြုတ်နိုင်ပေသည်။

ကျန်းဟန် ပြင်ဆင်မှုပြီးလုနီးပါးဖြစ်သည်ကို တွေ့သည့်အခါ ပီရာဆန်နှင့် စတီဖန်တို့ ထွက်ခွာသွားကြ၏။

သူတို့ ထွက်သွားပြီးမကြာခင်မှာပင် Bugatti Veyron မှာ ကားပါကင်သို့ မောင်းဝင်လာ၏။

ကျိုးဖေးနှင့် ဧယန်တို့ ကားပေါ်မှဆင်းလာကာ စားသောက်ဆိုင်ဆီသို့ လျှောက်လာကြသည်။

"ဟူး နောက်ဆုံးတော့ အလုပ်ပြီးသွားပြီ။ ပင်ပန်းလိုက်တာ။ ခဲအို ဒီည စားပွဲသောက်ပွဲရှိလား" ကျိုးဖေးက ခေါင်းကိုခါယမ်းလိုက်ရင်း ပြောသည်။

"အင်း" ကျန်းဟန်က ပြုံး၍ လက်ဆေးလိုက်သည်။ လက်သုပုဝါနှင့် သုတ်ပြီးနောက် မီးဖိုချောင်ထဲမှထွက်လာကာ ဧယန်

ဆီသို့ လျှောက်လာသည်။ "မင်း ပင်ပန်းနေပြီလား။ ရက်နည်းနည်းလောက် နားလိုက်ပါလား"

"ရပါတယ်။ အခု ပူပူနွေးနွေးအချိန်မှာ အလုပ်ပြီးအောင်လုပ်ရမယ်။ မဟုတ်ရင် ကျွန်မ ကောင်းကောင်းအနားယူလို့ရမှာမဟုတ်ဘူး" ဇီယန်က ကျန်းဟန်အား ပြုံးပြလိုက်ပြီး ဆိုဖာပေါ်ထိုင်လိုက်ကာ မုန့်မုန့်အား ရင်ခွင်ထဲထည့်ထားလိုက်သည်။ သူမသည် မုန့်မုန့်၏ပါးလေးအား နမ်းလိုက်ပြီး ပြုံး၍ပြောသည်။ "မုန့်မုန့် မေမေ့ကို လွမ်းနေလား"

"လွမ်းတယ်" မုန့်မုန့်သည် လက်ထဲမှ အရုပ်အား ဘေးချလိုက်ပြီး ဇီယန်၏ရင်ခွင်ထဲသို့ တိုးဝင်ကာ သူမ၏ပါးအား နမ်းလိုက်သည်။

"မေမေ ဖေဖေနဲ့သမီးက မေမေပြန်လာရင် သုခဘုံကို သွားမလို့ စောင့်နေကြတာ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

သူမ၏စကားကိုကြားပြီးနောက် ဇီယန် ခဏလောက် တန့်သွားသည်။ သူမ ပင်ပန်းနွမ်းနေသဖြင့် ခဏလောက်အနားယူအိပ်စက်ရန် ကြံစည်ထားခဲ့သည်။ သို့သော် ခဏစဉ်းစားပြီးနောက် ခေါင်းညိတ်ကာ ပြောလိုက်၏။ "ကောင်းပြီ။ မေမေအဝတ်အစားလဲလိုက်ဦးမယ်"

...

ထိုနောက် ဇီယန်သည် မတ်တပ်ထရပ်ကာ လှေကားဆီသို့ လျှောက်သွား၏။ သူမ၏အိပ်ခန်းသို့ သွားရာလမ်းတွင် ဇီယန်သည် ညာဘက်ပုခုံးအား အနည်းငယ် လှုပ်လိုက်ပြီး ပုခုံး၏အောက်ဘက်အား လက်ဖြင့် ဖိထားသည်။

"ဘာဖြစ်တာလဲ။ မင်း နာနေလို့လား" ကျန်းဟန်က လျှောက်သွားလိုက်ပြီး ဂရုတစိုက်ဖြင့် မေးသည်။

"ကျွန်မလည်းမသိဘူး။ အဆစ်လွဲနေတာထင်တယ်။ ညာဘက်ပုခုံးက နည်းနည်း နာနေလို့" ဇီယန် ပြန်ဖြေ၏။

"ကိုယ်မင်းကို နှိပ်ပေးမယ်။ သွားရအောင်" ကျန်းဟန်က ပြောပြောဆိုဆိုဖြင့် ဇီယန်၏လက်နုနုလေးများအား ကိုင်ဆွဲကာ အပေါ်ထပ်သို့ တက်သွားသည်။

အိပ်ခန်းထဲသို့ဝင်သွားပြီးနောက် ကျန်းဟန်က တံခါးကို ပိတ်ကာ ပြုံးလိုက်၏။ "ကုတင်ပေါ် အရင်လှဲလိုက်"

"အင်း" ဇီယန်က အပေါ်အင်္ကျီကိုချွတ်ကာ ကုတင်ပေါ် မှောက်လှဲနေလိုက်သည်။ သူမသည် အဖြူရောင်တီရှပ်နှင့် အပြာနုရောင် ဂျင်းဘောင်းဘီတိုကို ဝတ်ဆင်ထားသည်။

ကျန်းဟန်လည်း ကုတင်ပေါ်တက်ကာ ဇီယန်၏ကျောပြင်ပေါ် ထိုင်လိုက်သည်။

ဇီယန်၏ လှပသွယ်လျသော လက်မောင်းလေးများ၏ နူးညံ့မှုကို ခံစားလိုက်ရသည်နှင့်တပြိုင်နက် ကျန်းဟန်မှာ ပူလောင်လာ၏။

သူ၏ ရုပ်ပိုင်းဆိုင်ရာတုံ့ပြန်မှုမှာ မဖြစ်ပေါ်ဘဲ မနေနိုင်ချေ။

ဇီယန်သည် ကျန်းဟန်၏ပြောင်းလဲမှုအား ခံစားမိလိုက်ပြီး သူမ၏မျက်နှာမှာ ရုတ်တရက် နီရဲသွားသည်။ သူမ ဒေါသထွက်ဟန်ဆောင်ကာ ပြောလိုက်သည်။ "ဟွန့် နည်းနည်း ရှော့ဦး"

…

သူတို့သည် အိမ်ထောင်သက်ကြာရှည်နေသည့် စုံတွဲဖြစ်ပါက သူ၏ညီလေးက သူမအား ထောက်နေပြီ ဟု သူမတိုက်ရိုက် ပြောပေလိမ့်မည်။

ယခုအချိန်တွင် ဇီယန်သည် အနည်းငယ် ရှက်ရွံ့နေသေးပြီး ကျန်းဟန်နှင့် နီးစပ်ရန်မှာ အနည်းငယ် ထူးဆန်းသလိုဖြစ်နေသည်။ သို့သော် ကျန်းဟန်သည် သူမ၏အတွေးအား ရှင်းရှင်းလင်းလင်းသိပေသည်။

ထိုနောက် ကျန်းဟန်က အနည်းငယ်ကြွကာ ခြေထောက်များအား ကုတင်ပေါ်တွင် ထောက်ထားလိုက်၏။ ထို့ကြောင့် ဇီယန်မှာ အလွန်လေးသည်ဟု မခံစားရတော့ချေ။

သူ၏လက်များက ဇီယန်၏ပုခုံးနောက်ဘက်အား ဖိထားပြီး ဘေးပတ်ပတ်လည်ရှိ နေရာများကို ညင်သာစွာ နှိပ်ပေးသည်။

"ဒီနားလေးမှာ နှိပ်တာ နာလား" ကျန်းဟန်က မေးသည်။

"နည်းနည်းနာတယ်"

"ဒီမှာဆိုရင်ရော"

"အဲနားက ပိုနာပေမယ့် ကျွန်မ ခံနိုင်သေးတယ်"

"ဒီနားလေးရော"

"နည်းနည်း"

"ဒီနား"

"အိုး...အား....နာတယ် နာတယ် အဲ့နား အရမ်းမဖိနဲ့"

"ကောင်းပြီ စိတ်လျှော့ထား စိတ်လျှော့ထား..." ကျန်းဟန်သည် နာနေသည့်နေရာအား ဖိလိုက်သည့်အခါ ဇီယန်က ရုတ်တရက် ထအော်သည်။ "အရမ်းနာတယ်။ အဲ့နားလေး"

ကျန်းဟန်သည် ဇီယန်၏ကြွက်သားများ တင်းလာသည်ကို ခံစားမိလိုက်သဖြင့် သူမအား ညင်သာစွာပွတ်ပေးလိုက်၏။ ဇီယန် စိတ်လျှော့လိုက်ပြီးနောက် သူသည် စိတ်ဝိဉာဉ်စွမ်းအင်များကို တဖြည်းဖြည်းချင်းစုစည်းလိုက်ပြီး လက်ဖဝါးပေါ်သို့ ပို့လွှတ်လိုက်သည်။

ကျန်းဟန်သည် သူမ၏ပုခုံးအား နှိပ်လိုက်သည့်အချိန်တွင် ဇီယန်မှာ နာကျင်မှုအား ခံစားရသော်လည်း သက်တောင့်သက်သာဖြစ်နေသည်။

ကျန်းဟန် အကြိမ်အနည်းငယ် နှိပ်လိုက်ပြီးနောက် ဇီယန် မနေနိုင်ဘဲ အော်လိုက်မိသည်။

"အင်း ဟင်း…"

ကျန်းဟန်သည် ဇီယန်၏အော်သံကို ကြားလိုက်ရပြီး နောက် ရုတ်တရက် အေးခဲသွား၏။

ဒီညည်းသံက အရမ်းနှစ်လိုဖွယ်ကောင်းတာပဲ။ လွန်ခဲ့သည့်နှစ်များက သူမနှင့် အတူအိပ်ခဲ့မိသည့်အချိန်ကလည်း သူမသည် ဤကဲ့သို့ ညည်းညူခဲ့မည့်ပုံရသည်။

ဇီယန်သည်လည်း ထိုသို့တုံ့ပြန်ပြီးမှ မျက်နှာမှာ ချက်ချင်း နီရဲသွားသည်။

ငါဘာယ်လိုလုပ် ဒီလိုညည်းလိုက်မိတာလဲ။ ရှက်စရာကြီး…..

ဇီယန်သည် ရှက်လွန်းသဖြင့် အောက်နှုတ်ခမ်းအား ကိုက်လိုက်ပြီး ခေါင်းအုံးကြားသို့ ခေါင်းဝှက်ထားလိုက်သည်။

ထိုနောက် ကျန်းဟန်၏မျက်လုံးများမှာ ရယ်သွေးသွမ်းသွားပြီး ပို၍ပင် အားထည့်ကာ နှိပ်ပေးလိုက်သည်။

ထို့ကြောင့် ဇီယန်မှာ မနေနိုင်ဘဲ ခေါင်းမော့ကာ အော်လိုက်မိသည်။

ပထမထပ်တွင်...

စကားပြောနေရင်းဖြင့် လော့ချင်းက မီးဖိုချောင်ထဲရှိ အိုးအား အမှတ်တမဲ့ ကြည့်လိုက်မိရာ ပွက်ပွက်ဆူနေပြီး အပူလှိုင်းများတက်နေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် သူမ အမြန်ပြောလိုက်သည်။ "အိုး ဟင်းအိုးက ပွက်နေပြီ။ ငါသူ့ကို သွားသတိပေးလိုက်ရမလား”

"ဟုတ်တယ်” ကျန်းလီက မီးဖိုချောင်သို့ လှမ်းလိုက်ပြီး ပြောသည်။ "အပေါ်ထက်သွားပြီး အစ်ကို့ကို ပြောလိုက်ပါလား”

"အင်း”

လော့ချင်းက ထရပ်ကာ အပေါ်ထပ်သို့ ပြေးသွား၏။ သူမ အိပ်ခန်းတံခါးကို ခေါက်ခါနီးတွင် အထဲမှာ အသံတိုးတိုး ကြားလိုက်ရသည်။

"အင်း ဟင်း.... ဖြည်းဖြည်း ဖြည်းဖြည်းလုပ်ပါ။ နာတယ်..အိုး...ရှင်တော်တော်ဆိုးတာပဲ...."

"ကောင်းပါပြီ ကိုယ် သာသာပဲလုပ်ပါမယ်..."

ဂလု...

လော့ချင်း တံတွေးမြိုချလိုက်သည်။

သူမ၏မျက်နှာမှာ ချက်ချင်းရဲသွား၏။

တံခါးခေါက်တော့မည့် လက်မှာ လျှပ်စီးပမာ တန့်သွားသည်။

အတွင်းမှအသံများကို နားထောင်ပြီးနောက် သူမ မျက်နှာ နီရဲလာကာ နှလုံးခုန်သံများ မြန်ဆန်လာသည်။ နောက်

အခိုက်အတန့်တွင် သူမ အမြန်လှည့်ထွက်လာပြီး လှေကားဆီသို့ တိတ်တိတ်လေးပြန်သွားခဲ့သည်။

"ဟူး…"

အောက်ထပ်သို့ ဆင်းလာပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်၏။

"အစ်ကို ဘာလို့မဆင်းလာတာလဲ" ကျန်းလီက ပေါ့ပေါ့ပါးပါး မေးသည်။

"ဟင့်အင်း မဟုတ်ပါဘူး" လော့ချင်းမှာ ကြောင်တောင်တောင် ပြန်ဖြေသည်။

"ဘာဖြစ်နေတာလဲ။ နင့်မျက်နှာ ဘာလို့နီနေတာလဲ" ကျန်းလီက သိချင်စိတ်ပြင်းစွာ မေးသည်။

"မဟုတ်ပါဘူး။ နီလို့လား" လော့ချင်းက ခေါင်းကို အကြိမ်ကြိမ်ယမ်း၏။

"နင်ထူးဆန်းနေပါလား။ ငါ့အစ်ကိုက ဘာပြောလိုက်လို့လဲ။ မီးပိတ်ခိုင်းလိုက်တာလား" ကျန်းလီက နားမလည်နိုင်စွာ ပြောသည်။

"ငါ... ငါ... ငါ မသိဘူး" လော့ချင်းမှာ မျက်နာနီရဲ၍ ပြောသည်။

"နင် အစ်ကို့ကို မမေးခဲ့ဘူးလား"

"ဟေး" ကျိုးဖေးက ခဏလောက်စဉ်းစားပြီး လော့ချင်းအား စိုက်ကြည့်ကာ မေးလိုက်သည်။ "နင် တစ်ခုခု တွေ့ခဲ့လို့လား"

"မဟုတ်ဘူး မဟုတ်ပါဘူး ဘာမှမတွေ့ဘူး" လော့ချင်းက လက်များကို အမြန်ဝှေ့ယမ်းပြကာ ပြောသည်။ "ဘာမှတော့မမြင်ခဲ့ဘူး။ အသံတော့ကြားခဲ့တယ်"

"အသံကြားခဲ့တာလား။ နင် ဘာသံတွေကြားခဲ့တာလဲ” ကျန်းလီက ရုတ်တရက် မျက်လုံးများပြူးကာ "သူတို့...သူတို့... အပေါ်ထပ်မှာ....”

သူမ၏စကားမှာ အဆုံးမသတ်သော်လည်း အရှယ်ရောက်ပြီးလူသုံးယောက်အနေဖြင့် သူမ ဘာကိုဆိုလိုသည်အား သိကြသည်။

"ဖြစ်နိုင်တယ်” လော့ချင်းက နီရဲနေသည့်မျက်နှာဖြင့် ခေါင်းညိတ်သည်။

"ဝိုး သူတို့က အချိန်တိုလေးတွင်းမှာ အတူအိပ်နေကြပြီလား” ကျိုးဖေးက မျက်လုံးများ ပြူးကာ ပြောသည်။ "နင်ဘာကြားခဲ့တာလဲ။ အသံက ကျယ်လား”

လော့ချင်း၏မျက်နှာမှာ ရှက်ရွံ့မှုကြောင့် နီရဲလာပြီး အတွေးနက်သွားသည်။

အခန်းမှာ အသံလုံ၍ တံခါးအား ကောင်းစွာပိတ်ထား သော်လည်း တံခါးဝမှ အသံများကို ပြတ်ပြတ်သားသား ကြား နေရသည်။

ထို့ကြောင့် သူမ ခေါင်းညိတ်ကာ စကားတစ်ခွန်းပြော လိုက်သည်။

"ဟုတ်တယ်"

...

-အခန်း(၃၄၇)ပြီး

wunzinnosp

## အခန်း(၃၄၈-က) လာလည်ရန်ပြင်နေသည့် အန်တီထန်(၁)

သူမပြောသည်ကို ကြားလိုက်ပြီးနောက် သူတို့သုံး ယောက်၏အမူအရာမှာ ထူးဆန်းသွား၏။

အားလုံး စကားသံများ ရပ်သွားပြီး ချက်ချင်းတိတ်ဆိတ်သွားသည်။

တစ်ခန်းလုံး ငြိမ်သက်သွား၏။

လူသုံးယောက်မှာ တဖြည်းဖြည်း အသက်ရှူကြပ်လာကြသည်။

သူတို့ နားစွင့်ကာ သေချာနားထောင်နေကြသည်။

သို့သော် သူတို့မျှော်လင့်ထားသကဲ့သို့ အပေါ်မှ ချစ်ကြည်နူးသံများကို မကြားရချေ။

၎င်းကို သူတို့၏နှလုံးသားဖြင့် ခံစားကြည့်ကြ၏။

အခန်းတွင်းလေထုမှာ ပိုး၀၀ါးမရေမရာဖြစ်နေသည်။

"ဟမ်"

လူကြီးသုံးယောက်၏အမူအရာအားမြင်သည့်အခါ ကလေးမလေးမှာ ကြည့်လင်သည့်မျက်လုံးဝိုင်းကြီးများဖြင့် ဝေ့

ကြည့်လိုက်ပြီး ရေရွတ်လိုက်သည်။ "သမီး ဖေဖေနဲ့မေမေကို သွားရှာမယ်"

သူတို့သည် အပေါ်ထပ်ရကစားနေကြသည့် ဖေဖေနှင့် မေမေ၏အကြောင်းကို ပြောနေခြင်းဖြစ်ကြောင်း မုန့်မုန့် သဘောပေါက်သွားသည်။

မုန့်မုန့်၏စကားသံကြောင့် အခန်းတွင်းတိတ်ဆိတ်မှုမှာ ကျိုးပျက်သွားသည်။ သူတို့သုံးယောက် အချင်းချင်းကြည့်လိုက်ကြရာ အားလုံးမှာ အသံအား နားထောင်ရန် နားစွင့်နေသည်ကို တွေ့လိုက်ကြရပြီး ရယ်မောလိုက်ကြသည်။

ကျိုးဖေးက မုန့်မုန့်အား အမြန်ပွေ့ချီလိုက်ပြီး ပြောလိုက်သည်။ "မဟုတ်ဘူး မဟုတ်ဘူး။ သမီး အပေါ်တက်သွားလို့မရဘူး။ လာ အန်တီဖေးဖေး သမီးနဲ့ကစားမယ်"

"အင်း... အဟမ်း" ကျန်းလီက ချောင်းဟမ့်လိုက်ပြီး မတ်တပ်ထရပ်ကာ ဆိုသည်။ "ငါ မီးသွားပိတ်လိုက်မယ်"

သူမ မီးဖိုချောင်သို့ ရောက်သည့်အခါ အိုးကိုကြည့်လိုက်ပြီး ပြောသည်။ "သစ်တော်သီးပြုတ်က ကျက်ပြီဆိုတော့ ပြီးတော့မှာ။ ငါ မီးအရင်ပိတ်ထားလိုက်တော့မယ်"

"..."

ဒုတိယထပ် အိပ်ခန်းထဲတွင်။

သူတို့စိတ်ကူးထားသကဲ့သို့ ဖြစ်ပျက်နေခြင်းမရှိဘဲ ကျန်းဟန်က ဇီယန်၏ အကြေါမှတ်များကို စနစ်တကျ နှိပ်နယ်ပေးနေသည်။

သို့သော် ထိုကိစ္စမှာ ပို၍ပို၍ ဒွိဟဖြစ်လာသည်။

"အဟမ်း" ကျန်းဟန်က အသာချောင်းဟမ့်လိုက်ပြီး "ကိုယ် အကြောမှတ်တွေ တိတိကျကျ ရှာလို့မရဘူး။ အဝတ်အစားတွေ ချွတ်လိုက်ရင်ရော"

"ရတယ်လေ"

ဇီယန်က တိုတိုတုတ်တုတ်ပြန်ဖြေသည်။

သူမသည် ဝမ်းလျားမှောက်နေသည့်အတွက် ခန္ဓာကိုယ်အား အနည်းငယ် ကြွပေးထားလိုက်သည်။

ကျန်းဟန်က ပြုံးကာ သူမ၏တီရှပ်အောက်ပိုင်းအား ဆွဲကိုင်လိုက်ပြီး လည်ပင်းမှ ဆွဲမြှောက်ချွတ်လိုက်သည်။

သူမ၏နောက်ကျောတစ်ခုလုံးမှာ ကျန်းဟန် ထိတွေ့ခွင့်ရသွား၏။

အိုး မဟုတ်သေးဘူး။ ဘရာစီယာကျန်သေးတာပဲ။

သူမ၏ဖြူဖွေးနူးညံ့နေသည့် အသားအရေအား စိုက်ကြည့်ရင်း ကျန်းဟန်သည် ၎င်းအား လက်ဖဝါးဖြင့် မထိကြည့်ဘဲ မနေနိုင်ချေ။

အို…

ဇီယန်သည် ထုံထိုင်းကာ ယားယံလာ၏။

သူမ တုန်လှုပ်သွားသလို ခံစားလိုက်ရသည်။

သူမ၏မျက်နှာမှာ ပို၍နီရဲလာ၏။

ထို့ကြောင့် ကျန်းဟန် ထပ်မံနှိပ်နယ်လိုက်ပြန်သည်။

ဇီယန်က သူ၏လက်များမှာ အလွန်ပူလောင်နေသည်အား သတိထားမိသွား၏။ ကျန်းဟန်သည် မိနစ်အနည်းငယ်ကြာ အောင် နှိပ်နယ်ပြီးနောက် သူမ၏နာကျင်မှုဝေဒနာမှာ တဖြည်းဖြည်း ပျောက်သွားသည်။

ထိုအစား စိတ်မချရသည့်လေထုက တဖြည်းဖြည်းမြင့် တက်လာ၏။

"ကိုယ်မင်းရဲ့ ကျောပြင်တစ်ခုလုံးကို နှိပ်ပေးမယ်လေ ဘယ်လိုလဲ"

"အင်း"

"အဲဒါ ဒီအဝတ်အစားအဆီးတစ်ကို ကိုယ်အရင်ဖြုတ်လိုက်မယ်…"

ကျန်းဟန်က ပြောပြောဆိုဆိုဖြင့် လက်နှစ်ဖက်အား ဘရာချိတ်များပေါ်သို့ တင်လိုက်သည်။

တစ်၊ နှစ်၊ သုံး၊ လေး…

ကလန့်…

သူသည် ချိတ်ဖြုတ်ပြီးသွားသည်နှင့် ဇီယန်၏ကျောပြင်တစ်ခုလုံးအား လုံးလုံးလျားလျား ထိတွေ့ခွင့်ရသွားစေသည်။

ကျန်းဟန်သည် သူမ၏ကျောပြင်ပေါ်သို့ လက်တင်လိုက်၏။

အစပိုင်းတွင် သူသည် နှိပ်နယ်ပေးရုံပင်။

တဖြည်းဖြည်းနှင့်…

သူသည် သူမ၏ကျောပြင်အား စတင်ပွတ်သပ်လာ၏။

တဖြည်းဖြည်းနှင့်…

ပတ်ဝန်းကျင်လေထု၏အပူချိန်မှာ မြင့်တက်လာခဲ့သည်။

တဖြည်းဖြည်းနှင့်...

ဓိယန် နောက်လှည့်လိုက်၏။

သူမ၏လှပချွန်းစိုသည့် မျက်လုံးဝိုင်းများမှာ စိုလဲ့နေသည့်ပုံပြီး သူမ၏လက်နှစ်ဖက်အား ဆန့်တန်းကာ ကျန်းဟန်၏လည်ပင်းကိုသိုင်းဖက်၍ သူ့အား နမ်းလိုက်သည်။

"အွန်း..."

အချိန်အတော်ကြာသည်အထိ ဖော်ပြ၍မရနိုင်သော အချစ်ဇာတ်တစ်ခုဖြစ်ပျက်ခဲ့သည်။

နောက်ထပ် နာရီဝက်ကြာသွား၏။

စိတ်ကျေနပ်မှုမရှိသေးသည့် ကျန်းဟန်မှာ တံခါးဝတွင် သုံးမိနစ်ခန့်စောင့်ဆိုင်းနေခဲ့သည်။ ထိုနောက် နီရဲနေသည့် မျက်နှာဖြင့် ဓိယန်ထွက်လာသည်။

သူတို့ နေ့စဉ်ကဲ့သို့ ပွေ့ဖက်နမ်းရှုံ့ခြင်းမှလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မလုပ်ခဲ့ကြပေ။

ကျန်းလီ၊ ကျိုးဖေးနှင့် မုန့်မုန့်တို့ အခန်းထဲတွင်ရှိနေသည့်အတွက် သာမာန်အချိန်များတွင်ပင် ရက်ရွံ့တတ်သော ဇီယန်မှာ ပို၍ရဲရင့်လာသော်လည်း သူမ မည်သည်ကိုမျှ တိုက်ရိုက်မပြောဝံ့ချေ…

"သွားရအောင်။ ကိုယ်မင်းအတွက် သစ်တော်သီးပြုတ်ချက်ထားတယ်။ အရင်စားပြီးမှ တောင်ပေါ်သွားကြတာပေါ့" ကျန်းဟန်က ဇီယန်၏လက်ကိုဆွဲကာ သူမနှင့်အတူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"အင်း ရှင်က အရမ်းချိုသာတာပဲ" ဇီယန်က ကျန်းဟန်အား ပြုံး၍ ကြည့်လိုက်ပြီး ပြောသည်။ "ဒါနဲ့ ညကျရင် ရုပ်ရှင်သွားကြည့်မလား"

"ကောင်းတာပေါ့။ မင်း ဘယ်လိုဇာတ်လမ်းမျိုး ကြည့်ချင်လဲ။ ကိုယ်နောက်မှ လက်မှတ်ဝယ်လိုက်မယ်" ကျန်းဟန် ပြန်ပြောသည်။

"Alice in Wonderland ရုံတင်နေတယ်လို့ ကြားတယ်"

"အင်း ဒါဆို အဲ့ကားကြည့်ကြတာပေါ့" ကျန်းဟန် ပြုံးလိုက်ပြီး ဘွတ်ကင်လုပ်ရန် ဖုန်းကိုထုတ်လိုက်သည်။ သူသည် အနီးအနားရှိ ရုပ်ရှင်ရုံများ၏ ရုပ်ရှင်အချိန်စာရင်းကို မေးမြန်းကြည့်ရာ ထိုင်ခုံနေရာကောင်းများအားလုံး ရောင်းကုန်လုနီးပါး ဖြစ်နေကြောင်း သိလိုက်၏။

ထို့ကြောင့် သူ ကျောက်ဖုန်းအား ဖုန်းဆက်ကာ ရုပ်ရှင်ပြခန်းတစ်ခုကို ဘွတ်ကင်လုပ်ပေးရန် ပြောလိုက်သည်။

သူတို့ အောက်ထပ်သို့ ဆင်းလာပြီး ထွက်ပေါက်သို့ရောက်သည့်အခါ...

ကျန်းလီ၊ ကျိုးဖေးနှင့် လော့ချင်းတို့အားလုံး လှမ်းကြည့်လိုက်ကြသည်။

ကျန်းဟန်နှင့် ဇီယန်တို့၏မျက်နှာအား သူတို့ သေချာကြည့်လိုက်ရာ သူတို့မျှော်လင့်ထားသကဲ့သို့ ဇီယန်၏မျက်နှာမှာ နီမြန်းနေသည်ကို တွေ့လိုက်ရသည်။

"အိုးဟိုး... အစ်မယန်က ခဲအိုကို ကြာကြာတောင့်ခံနိုင်တာပဲ" ကျိုးဖေးက ထူးဆန်းသည့်လေသံဖြင့် ပြောသည်။

သူတို့ အပေါ်ထပ်မှ ပြန်ဆင်းလာရန် တစ်နာရီနီးပါးကြာနေပြီး လော့ချင်းသူတို့အား ခေါ်ရန်တက်သွားပြီးနောက်တွင်ပင် မိနစ်လေးဆယ်ကြာသွားသည်။

"နင်ဘာကိုပြောတာလဲ" ဇီယန်က ဇဝေဇဝါဖြင့် ပြန်မေးသည်။

ပြောလိုက်ပြီးမှ ကျိုးဖေး၏အမူအရာအား ကြည့်ရင်း သူမအေးခဲသွား၏။

သူမ၏မျက်နှာမှာ ချက်ချင်းနီရဲသွားပြီး ဒေါသတကြီးပြောလိုက်သည်။ "ပေါက်ကရတွေလျှောက်မပြောနဲ့။ နင့်ခဲအိုက ငါ့ကို နှိပ်ပေးနေရုံပဲ"

"သိပါတယ် ငါသိပါတယ်။ ရှင်းပြနေဖို့မလိုပါဘူး အစ်မ ယန်ရယ်။ ဟားဟား.... နင်တို့ နှိပ်နေရင်းနဲ့ ညည်းနေကြတာ..." ကျိုးဖေးက ရယ်မောကာ ပြောသည်။

ကျန်းလီနှင့် လော့ချင်းတို့လည်း ရယ်မောလိုက်ကြသည်။

"အမ်.. ဘာဖြစ်လို့လဲ။ မေမေတို့ ဘာလို့နောက်ကျနေတာလည်း။ မုန့်မုန့်က အကြာကြီးစောင့်နေရတာ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

"မေမေတို့ အခုသွားကြမယ်လေ" ဇီယန်က ကျိုးဖေးအား လျစ်လျူရှုလိုက်ပြီး မုန့်မုန့်ကိုချီရန် သွားလိုက်သည်။

"အရင်မသောက်တော့ဘူးလား" ကျန်းဟန်က မီးဖိုချောင်ထဲမှ မေးသည်။

"ပြန်လာမှပဲ သောက်တော့မယ်။ တောင်ပေါ်ကို အရင်သွားရအောင်" ဇီယန်က ပြန်ပြောသည်။

"ကောင်းပြီ"

ကျန်းဟန်က ခေါင်းညိတ်ကာ မီးဖိုခန်းထဲမှထွက်လာပြီး အပြင်သွားရန် ဦးဆောင်လိုက်သည်။

-အခန်း(၃၄၈-က)ပြီး

wunzinnosp

## အခန်း(၃၄၈-ခ) လာလည်ရန်ပြင်နေသည့် အန်တီထန်(၂)

ကျန်းဟန်သည် ထုံးစံအတိုင်း ပန်ဒါကားလေးကိုမောင်းကာ လဆန်းတောင်သို့ ရောက်လာ၏။

မုန့်မုန့်အား မြင်လိုက်ရသည်နှင့် တာပေါ့နှင့်ရှောင်ပေါ့မှာ အလွန်ပျော်ရွှင်သွားပြီး မုန့်မုန့်ဘေးသို့ ပြေးလာသည်။

တာပေါ့၏မျက်လုံးများမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ယခု သူသည် အလွန်တက်ကြွနေ၏။

သေချာဂရုတစိုက်ကြည့်လျှင်တော့ သူ၏ပါးစပ်တွင် အဆီ ရစ်နေသည်အား တွေ့နိုင်ပေသည်။

ထိုထက်ပို၍ သေသေချာချာကြည့်ပါက နှုတ်ခမ်းထောင့် တွင် သိုးဝက်၏အမွှေးလေးများကပ်နေကြောင်း မြင်နိုင်၏။

သိုးဝက်အား သတ်စားပြီးပြန်လာကာ ပျော်ရွှင်နေကြောင်း သိသာပေသည်။

အခု သခင်က ငါ့ကို ကြိုက်သလိုစားခွင့်ပြုလိုက်ပြီဆိုတော့ နိုင်ငံခြားသားဝက်တွေကို မြည်းစမ်းကြည့်ရမယ်....

ကျန်းဟန်နှင့် ဇီယန်တို့သည် မုန့်မုန့်နှင့်အတူ တောင် နောက်ဘက်ရှိ အိမ်မွေးတိရစ္ဆာန်ဧရိယာ၌ ခဏတာအတူ ကစားကြသည်။ ထိုနောက် သူတို့နှစ်ဦးသည် ဇီယန်ယူလာ သည့်ဖျာပေါ်တွင်ထိုင်ကာ မုန့်မုန့်ကစားနေသည်အား ကြည့် နေကြ၏။

ဤအချိန်တွင် ပျော်ရွှင်ကြည်နူးမှုမှာ ဇီယန်၏နှလုံးသားထဲသို့ ပြည့်လျှံလာသည်။

သူမနှင့် ကျန်းဟန်သည် တစ်ယောက်ကိုတစ်ယောက် ဖက်ထားကာ ကျန်းဟန်၏ပုခုံးပေါ်မှီ၍ ဤသုခဘုံ၏ငြိမ်းအေးမှုကို ခံစားနေသည်။

"အိုး ဒါနဲ့" ဇီယန်က ခေါင်းမော့ကာ ကျန်းဟန်အား စိုက်ကြည့်၍ ပြောလိုက်သည်။ "ရိုက်ကူးရေးက သုံးရက်လောက်ကြာမှာ။ လေးရက်မြောက်နေ့ကျရင် သတင်းစာရှင်းလင်းပွဲလုပ်ရမယ်။ ငါးရက်မြောက်နေ့ နေ့လည်ကျရင် ပြည်မကြီးကို ရိုက်ကူးရေးသွားရမယ်။ ဒါကြောင့် အဲဒီနေ့ မနက်ပိုင်းလောက် ကျွန်မ ရှင်ကို ခေါ်သွားလို့ရသေးတယ်"

"ခေါ်သွားမှာလား။ ကိုယ်တို့ ဘယ်သွားကြမလို့လဲ" ကျန်းဟန်က စိတ်ဝင်တစားမေးသည်။

"တခြား ဘယ်မှမသွားပါဘူး။ လဆန်းကွေ့နားတင် သိပ်မဝေးဘူး" ဇီယန်က ဖြေသည်။

"အင်း ကောင်းပြီ” ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

"အန်တီထန်ဆီသွားလည်ကြမှာလေ။ ရှင်နဲ့ မုန့်မုန့်ကိုတွေ့ရှင် သူမ လန့်သွားလိမ့်မယ်ထင်တယ်” ဇီယန် ပြုံးကာ ပြောလိုက်သည်။

"အန်တီထန်က မင်းရဲ့ဆွေမျိုးလား” ဇီယန်ပြုံးနေသည်ကို မြင်တော့ ကျန်းဟန်လည်း ပြုံး၍မေးလိုက်သ်ည။

"ဆွေမျိုးတော့မဟုတ်ပါဘူး။ ကျွန်မတို့က ဆက်ဆံရေး ကောင်းကြတယ်လေ။ သူမက ကျွန်မကို အများကြီးဂရုစိုက် ပေးခဲ့တယ်” ဇီယန်က ဖြေသည်။

ထိုအချိန်တွင် ဇီယန်သည် ကျန်းဟန်အား ဟုန်ချီ ထောင်၏မိသားစုထံသို့ အလည်ခေါ်သွားလိုခဲ့သည်။

သို့သော် ဟုန်ချီထောင်နှင့် အခြားသောမာစတာများမှာ လဆန်းပင်လယ်ကျွေ့၏မာစတာကျန်းထံသို့ သွားရောက် လည်ပတ်ရန် စဉ်းစားနေခဲ့ကြလေသည်။

အမှတ်သုံးစံအိမ်ကြီး၏ ညှော်ခန်းထဲ၌။

ဟုန်ချီထောင်၊ ထန်ကျားယီနှင့် အထွတ်အထိပ်သိုင်းပညာရှင် လင်းရှန်တို့ အတူထိုင်နေကြသည်။

"ဟူး... မာစတာလန်က ဂူချန်းလုံကို နားချဖို့ကျရှုံးခဲ့လိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ဘူး။ ရှောင်လီနဲ့ နီနီတို့ သူ့ကို လူကိုယ်တိုင်တောင်းပန်ရတော့မယ်ထင်တယ်" ထန်ကျားယီက စိုးရိမ်တကြီးမျက်နှာထားဖြင့် သက်ပြင်းချသည်။

"အခု ငါတို့ရှာနိုင်တဲ့အစွမ်းအထက်ဆုံးလူက မာစတာလန်ပဲ။ သူကျရှုံးသွားပြီဆိုတော့ ငါတို့ ဘယ်သူ့ကို အကူအညီတောင်းနိုင်ပါဦးမလဲ" ဟုန်ချီထောင်မှာ တည်ငြိမ်မနေနိုင်တော့ဘဲ ခါးသီးသောမျက်နှာအမူအရာဖြစ်နေသည်။

"အမျိုးသားလုံခြုံရေးအေဂျင်စီက အထက်လူကြီးတွေကို အကူအညီတောင်းဖို့ကြိုးစားကြည့်မလား" ထန်ကျားယီက စမ်းသပ်သည့်သဘောဖြင့် ပြောသည်။

"ငါကြိုးစားပြီးပြီ။ ဒါပေမယ့် သူတို့က ဝင်မပါချင်ကြဘူး" ဟုန်ချီထောင်က ခေါင်းယမ်းကာပြောသည်။

"ကျွန်မတို့ဘာလုပ်ကြမလဲ။ နောက်ဆုံးတော့ သူတို့ကို သူ့ ဆီလွှတ်လိုက်ရတော့မှာလား" ထန်ကျားယီက ဒေါသတကြီး ပြောသည်။

"ဘယ်ဖြစ်ပါ့မလဲ။ ငါ တခြားမိတ်ဆွေတွေကို ဆက်သွယ် ပြီး ဖြေရှင်းဖို့နည်းလမ်းရှာပါဦးမယ်" ဟုန်ချီထောင်က သက်ပြင်းချသည်။

"အစ်ကိုဟုန်"

ထိုအချိန်တွင် သူတို့၏ဘေးနားရှိ လင်းရှန်က တုံ့ဆိုင်းစွာ ပြောသည်။ "လဆန်းပင်လယ်ကွေ့က မာစတာကျန်းကို ဆက် သွယ်ကြည့်ရင်ရော"

သူပြောလိုက်သည်နှင့် ဟုန်ချီထောင်၏မျက်လုံးများမှာ တောက်ပလာသည်။

ထိုနောက် သူ တံ့ဆိုင်းစွာဖြင့် "မာစတာကျန်းက အံ့သြစရာကောင်းတားယ်။ ဒါပေမယ့် သူ ဂူချန်းလုံကို နိုင်ပါ့မလား”

"မပြောတတ်ဘူး” လင်းရှန်က ခေါင်းယမ်းကာ ပြောသည်။ "ဒါပေမယ့် အဲဒီနေ့ကျအခြေအနေအရတော့ မာစတာဂူက အဲဒီတိုက်ပွဲမှာ ရှုံးသွားခဲ့တာ။ သူအစွမ်းကုန်မသုံးခဲ့ဘူးလို့ အခိုင်အမာပြောနေပေမယ့် တကယ်ဟုတ်လား မဟုတ်လားကို ကျုပ်တို့မသိဘူးလေ။ ဒါပေမယ့် မာစတာကျန်းရဲ့ ခွန်အားက သိသာပါတယ်။ သူက လှုပ်ရှားမှုငါးခုအတွင်း မာစတာငါးယောက်ကို အနိုင်ယူခဲ့တာဆိုတော့ မာစတာဂူနဲ့ တန်းတူလောက်ဖြစ်နိုင်လိမ့်မယ်ထင်တယ်။ ပြီးတော့ မာစတာဂူက အနာဂတ်မှာ သေချာပေါက် လက်စားချေမယ်လို့ ပြောခဲ့သေးတယ်လေ။ အဲဒါ အခွင့်အရေးတစ်ခုလို့ ကျုပ်ထင်တယ်။ အခု သူတို့အချင်းချင်း တိုက်ခိုက်ဖို့ရှိနေမှတော့ ဒီပြဿနာကို ဖြေရှင်းဖို့ ဘာလို့ မာစတာကျန်းကို အကူအညီမတောင်းရမှာလဲ။ မာစတာကျန်းသာနိုင်သွားရင် ကျုပ်တို့ စိတ်ပူနေစရာမလို

တော့ဘူး။ မဟုတ်ရင်တော့ တခြားနည်းလမ်းရှာရုံပဲ တတ်နိုင်တော့မယ်”

"ဟုတ်တယ်” ဟုန်ချီထောင်၏မျက်လုံးများ ကျဉ်းမြောင်းသွားပြီး "မာစတာကျန်းကို အကူအညီတောင်းတာဖြစ်နိုင်လောက်မယ်။ အားရှန် မာစတာကျန်းရဲ့အိမ်ကိုစုံစမ်းလိုက်။ ငါတို့ မနက်ဖြန် သူ့ဆီသွားလည်ကြမယ်”

"ကောင်းပြီ”

"...”

အခြားတစ်ဖက်ရှိ သီးသန့်စံအိမ်ကြီးတစ်ခုတွင်။

ကျန့်ဇုန်ဟောင်သည် အားနည်းချိနဲ့စွာဖြင့် ကုတင်ပေါ်လှဲနေပြီး တစ်ကိုယ်လုံးနာကျင်နေသည်။ သူသည် ကောင်းကင်အဆင့်မာစတာတစ်ဦး၏ ကျွမ်းကျင်သော ကုသမှုကို ခံယူခဲ့ပြီးနှစ်ပေါင်းများစွာ သူစုဆောင်းထားခဲ့သည့် ကောင်းကင်ရတနာ

များကို အသုံးပြုခဲ့ရသည်။ ၎င်းတို့က သူ့အား သုံးရက်အတွင်း ပြန်သက်သာလာစေရန် ကူညီပေးခဲ့သည်။

သို့သော် သတင်းဆိုးတစ်ခုက ရှိနေပြန်သည်။ ပြန်လည် သက်သာလာပြီးနောက်တွင် သူ၏ကျင့်ကြံမှုမှာ နက်နဲ အဆင့်၏အထွတ်အထိပ်၌ တုံ့ဆိုင်းသွားမည်ဖြစ်ပြီး နောက် တစ်ကြိမ် အဆင့်တက်ရန် ဆယ်ဆမက ပို၍ခက်ခဲသွားမည် ဖြစ်သည်။

ကျန့်ဇုန်ဟောင်၏နှလုံးသားထဲ၌ အမုန်းတရားများ ဖုံးလွှမ်းသွားသည်။ သူသည် မာစတာကျန်းအား အပြစ်ပေးရန် အတွက် အမျိုးသားလုံခြုံရေးအေဂျင်စီသို့ ဆက်သွယ်ခဲ့သည်။

ဒေါက် ဒေါက် ဒေါက်

ရုတ်တရက် တံခါးခေါက်သံကြားလိုက်ရပြီး အသက်လေး ဆယ်ကျော်အရွယ်လူလတ်ပိုင်းတစ်ဦး ဝင်လာသည်။

သူ့အားမြင်ပြီးနောက်တွင် ကျန့်ဇုန်ဟောင် ဖျော့တော့သည့်လေသံဖြင့် ပြောသည်။ "စောင့်ရှောက်သူနန် ကျုပ်ကို ကူညီပေးပါ"

"မင်းဘာကိုပြောတာလဲ" သက်လတ်ပိုင်းလူက တုံးတိတိပြောသည်။

"မာစတာကျန်းကိုအပြစ်ပေးဖို့ပါ" ကျန့်ဇုန်ဟောင်က မျှော်လင့်ချက်အပြည့်ဖြင့် ပြောသည်။

"ဟားဟားဟား...."

သက်လတ်ပိုင်းလူက ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

ကျန့်ဇုန်ဟောင်သည် သူ၏အပြုအမူကိုမြင်သည့်အခါ အားငယ်သွားသည်။ တကယ်တမ်းတွင် သူသည် ပြီးခဲ့သည့်အကြိမ်ကာ ကူညီပေးမည်ဟု ကတိပေးခဲ့သော်လည်း ယခု သူ့အား ကူညီရန် ရည်ရွယ်ချက်ရှိသည့်ပုံမရချေ။

...

သူက တည်ငြိမ်စွာဖြင့် ပြောသည်။ "မင်းရဲ့တာဝန်က ညှို နှိုင်းဖို့ပဲလို့ မင်းရဲ့အထက်အရာရှိက ငါ့ကိုပြောခဲ့တယ်။ ဒါကို မင်းက ယွမ်တင်းတောင်မှာ တိုက်ပွဲလုပ်ခဲ့သေးတယ်။ မင်းကပဲ အပြစ်တင်သင့်တဲ့လူပဲ။ ငါ့ရဲ့အထက်လူကြီးကလည်း ဘာဖြစ်ခဲ့ တယ်ဆိုတာ ကြားခဲ့တယ်။ သူက ဒီကိစ္စကို အဆုံးသတ်ဖို့ ငါ့ကို လွှတ်လိုက်တာ။ မင်းလက်စားချေချင်ရင် ကိုယ့်ဘာသာ နည်း လမ်းရှာသင့်တယ်"

သူ၏စကားဆုံးဆုံးချင်းမှာပင် ကျန့်ဇုန်ဟောင်၏မျက်နှာ မှာ အကြိမ်ကြိမ်ပြောင်းလဲသွားသည်။

"သူဘာကိုဆိုလိုတာလဲ"

သူ၏အကြည့်အောက်တွင် သက်လတ်ပိုင်းလူမှာ ရှင်းပြ ခြင်းမရှိဘဲ လှည့်ထွက်သွားခဲ့၏။

တံခါးဆီသို့ လျှောက်သွားသည့်ခါ သူသည် ခဏရပ်လိုက်ပြီး ခေါင်းအနည်းငယ်လှည့်လိုက်၏။ သူသည် ကျန့်ဇုန်ဟောင်အား မျက်လုံးထောင့်မှကြည့်လိုက်ပြီး နောက်ဆုံးစကားပြောလိုက်သည်။ "မင်းကို မာစတာကျန်းကို ရန်မစမိတာပိုကောင်းမယ်လို့ ငါသတိပေးချင်တယ်။ သူ့ရဲ့အထောက်အထားက မင်းရန်စဖို့တတ်နိုင်တဲ့သူမဟုတ်ဘူး"

...

ထိုနောက် သူသည် တိတ်ဆိတ်စွာ ထွက်ခွာသွားသည်။

ဘုန်း...

ကျန့်ဇုန်ဟောင်၏နှလုံးသားထဲတွင် မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လာသကဲ့သို့ပင်။

သူ၏စိတ်ထဲ၌ "သူ့ရဲ့အထောက်အထား" ဟူသော စကားလုံးများဖြင့်သာ ပြည့်နေခဲ့သည်။

...

"မင်းရန်စနိုင်တဲ့သူမဟုတ်ဘူး”

-အခန်း(၃၄၈-ခ)ပြီး

wunzinnosp

## အခန်း(၃၄၉) ရုပ်ရှင်ကြည့်ခြင်း

လဆန်းတောင်ပေါ်တွင်...

ဇီယန်နှင့် ကျန်းဟန်သည် အတူတူထိုင်ကာ စကားတိုးတိုး လေးပြောနေကြ၏။

သူတို့နှစ်ယောက်မှာ ဆယ်ကျော်သက်အရွယ်ကတည်းက စတင်ခဲ့သည့် သမီးရည်းစားများကဲ့သို့ပင်။

သို့သော် သူတိုနှစ်ယောက်၏ ဆက်ဆံရေးမှာ မကြာသေး ခင်ကမှ စတင်ခဲ့ကြခြင်းဖြစ်၏။

ဇီယန်သည် အများဆုံးစကားပြောနေပြီး ကျန်းဟန်က သူမ၏စကားကို တိတ်ဆိတ်စွာနားထောင်နေကာ ရံဖန်ရံခါမှ ပြန်ပြောသည်။

အလုပ်အကြောင်းပြောနေစဉ်တွင် ဇီယန်၏နှုတ်ခမ်းမှာ တွန့်ကွေးသွားပြီး မျက်နှာထက်တွင် ချိုမြိန်သည့်အပြုံးတစ်ခု ပေါ်လာသည်။

သူမ ထွက်ရှိခဲ့ပြီးသည့် သီချင်းခြောက်ပုဒ်စလုံးမှာ သီချင်းဆော့ဖ်ဝဲလ်များတွင် ထိပ်ဆုံးခြောက်ပုဒ်ဖြစ်ကြောင်း ကျန်းဟန်အား ပြောပြနေ၏။

ထို့ပြင် Weibo တွင် သူမ၏ဖော်လိုဝါအရေအတွက်မှာ သန်းနှစ်ဆယ်ရှိနေပြီဖြစ်သည်။ သီချင်းများမှာ သိသာသည့်ရလဒ်ရှိခဲ့ကြောင်း သိရ၏။

ထိုအကြောင်းကို ပြောနေရင်း ဇီယန်မှာ တက်ကြွလာသည်။ သူမသည် သူ့အား ညလက်တွင် မည်သည့်နေရာ၌

ရိုက်ကူးရမည် မနက်မိုးလင်းမှ ပြီးဆုံးမည်လည်း ဖြစ်ကောင်း ဖြစ်နိုင်ကြောင်း ပြောပြနေသည်။

"ကိုယ်မင်းကို စောင့်နေမယ်"

ကျန်းဟန်၏စကားကြောင့် ဇီယန် ကြည်နူးသွား၏။

သူမစိတ်ထဲတွင် ပျော်ရွှင်နေသော်လည်း ခေါင်းကိုယမ်းကာ ပြောလိုက်သေးသည်။ "ကျွန်မကို မစောင့်ပါနဲ့။ ညဘက်မအိပ်ရင် ရှင်ပင်ပန်းနေလိမ့်မယ်။ ညနေကျရင် ကျွန်မအလုပ်မသွားခင် သော့တစ်ချောင်းပေးလိုက်လေ"

"မင်းရဲ့သော့တွဲချိတ်မှာ သော့တစ်ချောင်း ကိုယ်ချိတ်ပေးထားပြီးသားပါ" ကျန်းဟန်က ခေါင်းယမ်းကာ ပြုံး၍ ပြောသည်။ "မင်းပြန်လာခါနီးရင် ကိုယ့်ကို မက်ဆေ့ချ်ပို့လိုက်"

"အင်း" ဇီယန်က နာခံစွာဖြင့် ခေါင်းညိတ်သည်။

ကျန်းဟန်သည် အလွန်တွေးတောပေးတတ်သည့်သူဟု သူမ ခံစားမိ၏။

ခဏာလောက်စဉ်းစားပြီးနောက် ဇီယန် ခေါင်းကိုလှည့်ကာ သူ၏ပါးအား နမ်းလိုက်သည်။

ကျန်းဟန်သည် ဇီယန်၏အနမ်းများမှ ပျော်ရွှင်မှုအား အမြဲတမ်းရရှိနိုင်သည်။ သူမ၏ဆွဲဆောင်မှုရှိသော နှုတ်ခမ်းရဲရဲလေးများအား ကွေးညွှတ်ကာ ထိတွေ့လိုက်သည့်အခါ ၎င်းတို့၏နူးညံ့စိုစွတ်မှုအား အပြည့်အဝ ခံစားနိုင်၏။ နမ်းလိုက်သည့်အချိန်တွင် အနည်းငယ် အေးမြသွားသလို ခံစားရသည်။

သူတို့ ငါးနာရီတွင် လဆန်းတောင်မှ အိမ်သို့ပြန်လာခဲ့ကြသည်။

စားသောက်ဆိုင်သို့ရောက်သည့်အခါ ကျန်းဟန်၏မိသားစုအား အလွန်အားကျနေကြသည့် လူတစ်ဒါဇင်ကျော်ခန့်မှာ တံခါးရှေ့၌ တန်းစီနေကြသည်။

လူပျိုတော်တော်များများမှာ ဆိုကြ၏။ "ငါလည်း ဒီလိုမျိုး ဇနီးချောချောလေးရယ် ချစ်စရာကလေးလေးရယ်နဲ့ မိသားစုမျိုး ပိုင်ဆိုင်ချင်လိုက်တာကွာ"

သို့သော် သူတို့မှန်ကြည့်မိသည့်အခါ သူတို့၏ရုပ်ရည်မှာ သူဌေးနှင့်ယှဉ်လျှင် အလွန်အမင်းဆိုးရွားနေခြင်း တွေ့လိုက်ရသည်။

"ဟိုင်း သူဌေး”

"သူဌေး အပြင်လျှောက်လည်တာလား”

"မုန့်မုန့်က အရမ်းချစ်ဖို့ကောင်းတဲ့ကလေးလေးပဲ”

"...”

စားသောက်ဆိုင်မှ ပုံမှန်စားသုံးသူများမှာ သူတို့အား မနှုတ်ဆက်ဘဲမနေနိုင်ချေ။

ကျန်းဟာန်နှင့် ဇီယန်သည် ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး အားလုံး၏အကြည့်အောက်တွင် စားသောက်ဆိုင်ထဲသို့ လျှောက်ဝင်သွားကြ၏။

ပီရာဆန်နှင့် စတီဖန်သည် ဝမ်ချမ်း၏စားပွဲတွင် ထိုင်နေကြပြီး လူအများအပြားမှာ ဆိုင်ထဲ၌ ထိုင်နေကြသည်။ ကျန်း

ဟန်အား မြင်လိုက်ရပြီးနောက် ပီရာဆန်သည် အမြန်ထရာ သူ ထံလျှောက်သွားလိုက်ပြီး တိုးတိုးလေးပြောသည်။

"သူဌေး ဦးလေးဝမ်ရဲ့ မန်ဘာကတ်ကို စတီဖန်တစ်ခါလောက် သုံးလို့ရမလား။ သူက ငါတို့ကို မြေအောင်းမှိုတွေ ရအောင် ကူညီပေးခဲ့တာပါ။ သူက မြည်းစမ်းကြည့်ချင်တယ် ဆိုလို့ ခေါ်လာတာ"

"အင်း အဆင်ပြေပါတယ်" ကျန်းဟန်က ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးပါ သူဌေး" ပီရာဆန်မှာ ဝမ်းသာအားရဖြင့် သူ၏ထိုင်ခုံသို့ ပြန်သွားသည်။

ဇီယန်သည် မုန့်မုန့်အား ချီကာ ဒုတိယထပ်သို့တက်သွားပြီး ဆိုဖာပေါ်တွင်ထိုင်နေသည့် ကျိုးဖေးနှင့် အခြားနှစ်ယောက်လည်း နောက်မှလိုက်သွားခဲ့သည်။

ကျန်းဟန်သည်တော့ ညစာပြင်ဆင်ရန် မီးဖိုချောင်ထဲသို့ ဝင်သွား၏။

ဝမ်ချမ်း၏စားပွဲတွင်။

စတီဖန်သည် သူ၏ဘေးနားရှိ ဝိုင်ဗီရိုကို ကြည့်ကာ ခေါင်းယမ်း၍ ပြောသည်။ "ပီရာဆန် မင်းရဲ့အစီရင်ခံစာကို ငါဖတ်ခဲ့တယ်။ မင်းပြောလိုသာ တကယ်အရသာရှိတယ် ဒီအဖိုးတန်အရက်တွေကုန်လုံးနဲ့ထည့်တွက်လိုက်မယ်ဆိုရင် ကြယ်သုံးပွင့်မီရှယ်လင်စားသောက်ဆိုင်အဖြစ် သတ်မှတ်လို့ရတယ်"

"ဒါက…အင်း" ပီရာဆန်မှာ ဖျစ်ညှစ်ရယ်လိုက်သည်။

သူ့ဌေးသည် မီရှယ်လင်စားသောက်ဆိုင်ဆိုသည့် ခေါင်းစဉ်ကို လုံးဝ ဂရုမစိုက်ကြောင်း သူ ခံစားမိပြီးသားဖြစ်သည်။

ကျန်းဟန်သည် ညစာအတွက် အသားကင်များ ပြင်ဆင်၏။

အနက်ရောင်မြေအောင်းမှို၊ အသားကင်၊ ကြက်ဥမှိုကြော်၊ ကြက်ဥပေါင်းအနည်းငယ်နှင့် အဖြူရောင်မှိုပြားလေးများမှာ ယနေ့အတွက် ညစာဖြစ်သည်။

ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်သည်တော့ မပါမဖြစ်ပင်။

အစားအသောက်များအား သူ ဒုတိယထပ်သို့ သယ်သွင်းပြီးနောက် အားလုံးမှာ သူတို့၏ညစာအား စတင်ရွေးချယ်ကြသည်။

ချက်ချင်းပင် ဖော်ပြ၍မရနိုင်သည့် မွှေးရနံ့တစ်ခုက လွင့်ပျံ့လာသည်။ သေသေချာချာဂရုတစိုက် အရသာခံလိုက်ပါက အရသာဖူးလေးများ၏စည်းစိမ်ကို ခံစားရပေလိမ့်မည်။

"သင်ပေးသလောက် ပြန်ရမယ်" ဆိုသကဲ့သို့ပင်။ ၎င်းမှာ အလွန်စျေးကြီးနေရခြင်းမှာ ရှားပါးမှု၊ အရသာကောင်းမွန်မှု၊ အာဟာရကြွယ်ဝမှုနှင့် ကျန်းမာရေးအထောက်အပံ့ဖြစ်စေမှုတို့ကြောင့်ဖြစ်သည်။

အကယ်၍ မစင်အရသာဖြစ်နေခဲ့ပါက မည်မျှပင်ရှားပါး သည်ဖြစ်စေ မည်သူမျှ ကြိုက်နှစ်သက်မည်မဟုတ်ချေ။

အနက်ရောင်မြေအောင်းမှိုများနှင့် အဖြူရောင်မြေအောင်း မှိုများမှာ ရှားပါးသလောက် အရသာလည်း အလွန်ကောင်းမွန် သည့်အတွက် ယနေ့ညစာမှာ ဖောက်သည်များအတွက် အနည်းငယ်ထူးခြားနေသည်။

အောက်ထပ်တွင်။

ပီရာဆန်ပြန်ရောက်လာသည့်အတွက် စားသောက်ဆိုင်ထဲ တွင်စားရန် စိတ်ကူးထားသည့် ပုံမှန်စားသုံးသူသုံးယောက်မှာ စိတ်ပြောင်းသွားကြပြီး ပါဆယ်ယူသွားကြ၏။

"ဒီအသားကင်က အရမ်းမွှေးတယ်။ စတီဖန် မြည်းကြည့်” ပီရာဆန်မှာ သူ မစားသော်လည်း သူ၏ဘေးနားရှိ စတီဖန်အား မြည်းကြည့်ရန် ပြောလိုက်သည်။

သူ၏စကားကိုကြားပြီးနောက် စတီဖန်မှာ အလွန်လေးနက်လာသည်။ ထိုနောက် သူသည် အသားကင်တစ်တုံးအား သေချာလှီးဖြတ်လိုက်ပြီး ပါးစပ်ထဲသို့ ထည့်လိုက်၏။

နူးညံ့သောအသား၊ သန့်ရှင်းလတ်ဆတ်သည့်အရသာနှင့် အနက်ရောင်မှို၏မွှေးရနံ့တို့ကို ခံစားလိုက်ရသဖြင့် စတီဖန်မှာ တဖြည်းဖြည်း မျက်လုံးပြူးကျယ်သွားသည်။

စက္ကန့်အတော်ကြာအောင်ဝါးပြီးနောက် မျက်လုံးများကို ပြန်မှိတ်လိုက်ပြီး အံ့သြမှင်သက်လောက်စရာအရသာထဲ၌ စီးမြောနေလိုက်သည်။

ပြီးသွားသည့်နောက် မျက်လုံးများကိုမှိတ်ကာ မလှုပ်မယှက်နှင့် ရုပ်ထုတစ်ခုပမာဖြစ်သွားသည်။

"ဘယ်လိုလဲ။ ငါပထမဆုံး စားတုန်းကလည်း မင်းလိုမျိုးပါပဲကွာ" ပီရာဆန်က ပြုံးပြုံးလေးပြောသည်။

စတီဖန်သည် ရှည်လျားသော ထွက်သက်ကို ရှူထုတ်လိုက်ပြီး ထိတ်လန့်မှုအပြည့်ဖြင့် မျက်လုံးဖွင့်လိုက်သည်။ သူက ပီရာဆန်အား ကြည့်ကာ အံ့ဩတကြီးပြောသည်။ "ဒီ အသားက…”

သူ၏စကားမဆုံးခင်မှာပင် ပီရာဆန်က သူ့အား ကြားဖြတ်ပြောလိုက်သည်။ "ဟုတ်တယ်။ အဲဒါ ကိုဘေးအမဲသားပဲ။ ငါစားဖူးသမျှထဲအသားတွေထက်အများကြီးပိုပြီး အရသာရှိတယ်”

"ဝိုး အိုးမိုင်ဂေါ့တ်။ မယုံနိုင်စရာပဲ။ ဒီလို ထိပ်တန်းအရသာရှိတဲ့ အသားကင်ကိုလုပ်ဖို့ ဘယ်လိုနည်းစနစ်တွေသုံးခဲ့တာလဲ” စတီဖန်မှာ ချီးကျူးမဆုံးတော့ချေ။

"ဒါကြောင့် ဒီစားသောက်ဆိုင်က အစားအသောက်တွေက ငါစားဖူးသမျှထဲမှာ အကောင်းဆုံးလို့ပြောတာပေါ့” ပီရာဆန်က ပြုံး၍ ပြောလိုက်သည်။

"အခုကစပြီး ဒီကိုမကြာမကြာလာရတော့မယ်ထင်ပါတယ်" စတီဖန်က စိတ်ခံစားချက်များဖြင့် ပြောသည်။

"အင်း... ဒီမှာက မန်ဘာကတ်ရှိမှပဲ စားလို့ရတာ"

"မန်ဘာကတ်လား။ ငါတစ်ခုဝယ်လိုက်မှာပေါ့"

"ဒီကမန်ဘာကတ်က တစ်ခုကို ၁၀ သန်းကျတယ်"

"ဖူး.... အဟွတ် အဟွတ်.... ဘယ်လောက်ရယ်"

"၁၀ သန်း"

"ထားလိုက်ပါတော့ကွာ"

"..."

စတီဖန်မှာ အနည်းငယ်မူးနောက်နောက်ဖြစ်သွား၏။ သူလှည့်ကြည့်လိုက်ရာ ထိုနေရာတွင်ထိုင်နေသည့် ဗီအိုင်ပီအဖွဲ့ဝင်များအားလုံးမှာ လူချမ်းသာများဖြစ်ကြောင်း သဘောပေါက်သွားသည်။

ထိုနောက် သူ၏ရှေ့ရှိ ဝမ်ချမ်းနှင့် သူ၏ဇနီးအား ကြည့်လိုက်ပြီး အနည်းငယ် သတိအနေအထားဖြစ်သွားသည်။

သူတို့ကမန်ဘာကတ်တစ်ခုအတွက် ၁ဝ သန်းသုံးနိုင်တယ်ဆိုတော့ အရမ်းချမ်းသာတဲ့သူတွေဖြစ်ရမယ်.....

သို့သော် ပထမဆုံးမန်ဘာကတ် ၁ဝ ခုမှာ တစ်သန်းသာကုန်ကျသည်ကို သူ မသိခဲ့ချေ။

စားသောက်ဆိုင်အကြောင်း လူများပို၍သိလာသည့်အခါ ပို၍နောင်တရလာကြသည်။

ဘာလို့ အရင်က မဝယ်ခဲ့မိဘာလိမ့်။ တစ်သန်းနဲ့ဆို ၉ဝ ရာခိုင်နှုန်းလျှော့ဈေးတောင်ရနေခဲ့တာကို...

ညစာစားပြီးနောက် သူတို့ အနားယူကြသည်။

၇ နာရီ ၃ဝ မိနစ်တွင် ကျောက်ဖုန်း ပထမထပ်မှ တက်လာခဲ့ပြီး ပြောသည်။ "သူဌေး မဒမ် ရုပ်ရှင်က ည ၈ နာရီစမှာ။ ဟိုကိုရောက်ဖို့ မိနစ်နှစ်ဆယ်လောက် သွားရမယ်"

"ဒါဆို အခုသွားကြမယ်လေ" ဇီယန်က ထရပ်ကာ ပြောသည်။

"အင်း"

ကျန်းဟန်က ခေါင်းညိတ်ကာ မုန့်မုန့်အား ပွေ့ချီလိုက်ပြီး "လာ ရုပ်ရှင်သွားကြည့်ကြမယ်"

“ကောင်းပြီ ရုပ်ရှင်သွားကြည့်ကြမယ်” တကယ်တမ်းတွင် ကလေးမလေးမှာ ရုပ်ရှင်များအား သိပ်ပြီး စိတ်မဝင်စားချေ။ သူမလေး စိတ်ဝင်စားသည်က ရုပ်ရှင်ကြည့်ရင်း ပေါက်ပေါက် စားကာ ဆိုဒါသောက်ခြင်းပင်။

"ပြောင်းဖူးပေါက်ပေါက်က အရသာရှိပြီး ချိုလည်းချိုတယ် ကြွပ်လည်းကြွပ်တယ်။ ဆိုဒါကလည်း သောက်လို့ကောင်း တယ်။ တစ်ခါသောက်ပြီးတာနဲ့ လေချဉ်တက်လာတယ်”

မုန့်မုန့်၏ချစ်စဖွယ်တောက်ပသည့် မျက်လုံးလေးများမှာ မျှော်လင့်ချက်များဖြင့် ပြည့်နေ၏။

"ငါတို့ အလုပ်သွားရတော့မယ်" ကျန်းလီက နာရီကိုကြည့်ကာ ပြောသည်။ "ချင်းချင်း အောက်ထပ်အတူတူဆင်းရအောင်"

"အင်း"

"အိုး မဖြစ်ဘူး။ ဒါဆို ငါတစ်ယောက်တည်းကျန်ခဲ့မှာပေါ့" ကျိုးဖေးက နှုတ်ခမ်းကိုတွန့်ကွေးလိုက်၏။

ထိုနောက် ဇီယန်က ပြုံးကာ ပြောလိုက်သည်။ "ငါတို့နဲ့ အတူတူ ရုပ်ရှင်လိုက်ကြည့်ပါလား"

"မလိုက်ပါဘူး။ တတိယဘီးဖြစ်ရတဲ့ခံစားချက်က တော်တော်ဆိုးတယ်။ နင်တို့တွေချစ်ကြည်နူးနေတာကို မကြည့်ချင်ပါဘူး" ကျိုးဖေးက ခေါင်းယမ်းကာ အမြန်ပြောသည်။

"ပေါက်ကရတွေ။ ရှောင်ဖုန်းလည်း လိုက်လာမှာကို" ဇီယန်က သူ့အား မျက်စောင်းထိုးကာ ပြောလိုက်သည်။

"ကျွန်တော်လည်း တံခါးဝမှာ ထိုင်ဖို့ စီစဉ်ထားတာ" ကျောက်ဖုန်း၏အမူအရာမှာ "ကျုပ်လည်း တတိယဘီးမဖြစ်ချင်ဘူး" ဟု ပြောနေသည့်ပုံပင်။

ရုပ်ရှင်ကားထဲမှာ ရိုမန်တစ်ဇာတ်ကွက်တွေရောက်ရင် သူတို့ နမ်းတာတို့ ဘာတို့ တစ်ခုခုလုပ်ရင်လုပ်နေမှာ။ သူတို့ဘေးမှာ ထိုင်ရတာ ရှက်စရာကြီး...

ဇီယန်သည် ကျောက်ဖုန်းအား ကြည့်လိုက်ပြီးနောက် ကျိုးဖေးအား ပြန်ကြည့်သည်။ သူမ နှာခေါင်းရှုံ့ကာ ပြောလိုက်၏။ "ငါ နင့်ကို ထားခဲ့လိုက်မယ်လေ"

ပြောပြီးသည်နှင့် ဦးထုပ်ဆောင်းကာ အောက်ထပ်သို့ဆင်းသွားသည်။

ကျန်းဟန်၏မိသားစုသည် Land Rover ထဲသို့ဝင်ကာ နောက်ခုံတွင်ထိုင်လိုက်ကြသည်။ ထိုနောက် ကျောက်ဖုန်းက ရုပ်ရှင်ရုံသို့ မောင်းသွားခဲ့၏။

ကျန်းလီနှင့် လော့ချင်းသည် အဖြူရောင် Maserati ထဲသို့ ဝင်ကာ ကော့စ်ဝေးပင်လယ်ကွေ့သို့ သွားကြသည်။

ရုပ်ရှင်ရုံသည် ကျူးကန်းခရိုင်အနီးတွင် တည်ရှိ၏။ သူတို့ ရောက်သွားသည့်အချိန်တွင် ရုပ်ရှင်မှာ စတော့မည်ဖြစ်သည်။

သူတို့ ခန်းမအတွင်းရှိ စင်္ကြံသို့ လျှောက်လာစဉ် မုန့်မုန့်သည် ဘားကောင်တာအား မျက်လုံးဝိုင်းကြီးများဖြင့်ကြည့်ကာ စိုးရိမ်တကြီးပြောသည်။

"ဟင့်အင်း မရဘူး"

"ဘာဖြစ်လို့လဲ" ကျန်းဟန်က မေးသည်။

"သမီးတို့ ဝင်လို့မရသေးဘူး။ ပစ္စည်းတွေအများကြီးလိုသေးတယ်" မုန့်မုန့်က တောက်ပသည့်မျက်လုံးဝိုင်းကြီးများဖြင့် ကောင်တာနောက်ဘက်ရှိ ပြောင်းဖူးပေါက်ပေါက်များကို စိုက်ကြည့်နေသည်။

ကျန်းဟန်က ၎င်းကိုကြည့်ကာ ရယ်မောလိုက်သည်။ "သမီး ပေါက်ပေါက်လိုချင်လို့လား”

"အင်း သမီးစားချင်တယ်” မုန့်မုန့်က တောက်ပသည့် မျက်လုံးဝိုင်းကြီးများအား မှိတ်တုတ်မှိတ်တုတ်လုပ်ကာ ပြောသည်။

ခဏလောက်စဉ်းစားပြီးနောက် သူမလေး ထပ်ပြောသည်။ "သမီး ကိုကာကိုလာလည်း သောက်ချင်တယ်”

"ဟားဟားဟား...” ကျန်းဟန်က ရယ်မောကာ ပြောလိုက်၏။ "သွားဝယ်ကြတာပေါ့”

မူလက ကျောက်ဖုန်းသည် သူတို့အထဲဝင်ပြီးနောက် ထို ပစ္စည်းများအား ဝယ်ပေးရန် စီစဉ်ထားခဲ့သည်။ သို့သော် ကလေးမလေးမှာ အလွန်စိတ်လောနေသဖြင့် ကျန်းဟန်က ကိုယ်တိုင်ဝယ်ရန် ဆုံးဖြတ်လိုက်၏။

"ရှင် သူမကို အလိုလိုက်လွန်းနေတယ်" ဇီယန်က ပြုံးကာ မျက်စောင်းထိုးလိုက်သော်လည်း သူ့အား မတားချေ။

"အဆာပြေနည်းနည်းလောက်စားတာက ဘာမှမဖြစ်ပါဘူး"

ကောင်တာသို့ရောက်သည့်အခါ ကျန်းဟန်က အရောင်းဝန်ထမ်းအား မှာလိုက်သည်။ "ပေါက်ပေါက်နှစ်ဘူးနဲ့ ကိုလာနှစ်ဘူးပေးပါ"

"ပေါက်ပေါက်က အလတ်တစ်ဘူး၊ အသေးတစ်ဘူး။ ကိုလာက အကြီးတစ်ဘူး အသေးတစ်ဘူး" ဇီယန်က ထပ်ပေါင်းပြောလိုက်သည်။

"ဟုတ်ကဲ့ အားလုံးပေါင်း ၅၅ ယွမ်ပါ။ ခဏစောင့်ပေးပါရှင့်"

ကျသင့်ငွေရှင်းပြီးနောက် ဝန်ထမ်းက အစားအသောက်များကို အမြန်ပြင်ဆင်ပေးသည်။ နောက်ဆုံးတွင် မုန့်မုန့်သည်

လက်ထဲ၌ ပြောင်းဖူးပေါက်ပေါက်ဘူးသေးတစ်ဘူးကို ကိုင်ကာ ကျေနပ်သွား၏။

သူတို့ ရုပ်ရှင်ရုံထဲသို့ ဝင်လာကြသည်။ အစောပိုင်းက ကျောက်ဖုန်းမှာ သူ၏ဖုန်းအားကြည့်ရင်း အပြင်တွင်သာနေခဲ့သဖြင့် သူတို့သုံးယောက်သာရှိသည်။

သူတို့သည် 3D မျက်မှန်များကိုယူကာ တတိယတန်းရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်ကြသည်။ ဧယန်သည် ကျန်းဟန်၏ဘေးတွင်ထိုင်ပြီး မုန့်မုန့်အား ကျန်းဟန်၏ပေါင်ပေါ်တွင် တင်ထားသည်။

မကြာမီပင် ရုပ်ရှင်ရုံမီးများ ပိတ်သွားပြီး ပိတ်ကားမှာလင်းလက်လာသည်။ ရုပ်ရှင်စတင်ပြီဖြစ်၏။

၎င်းမှာ Alice in Wonderland ဒုတိယမြောက်ကားဖြစ်သည်။ Wonderland သို့ ပြန်လည်ဆင့်ခေါ်ခံရသည့် ကပ္ပတိန် အဲလစ်၏ဇာတ်လမ်းဖြစ်သည်။ သူမသည် သူမ၏သူငယ်ချင်း မက်ဒ်ဟက်တာအား ကယ်တင်ရန်အတွက်

မော်ဘောလုံးအား ခိုးယူခဲ့ပြီး အချစ်နှင့် ရှာဖွေခြင်းအကြောင်း စွန့်စားခန်းတစ်ခု စတင်ခဲ့သည်။

ထိုဇာတ်ကား၏အမည်အား ကြည့်သည့်အခါ ကျန်းဟန်မှာ အနည်းငယ် ထူးဆန်းသလိုခံစားလိုက်ရ၏။

သူ၏ယခင်ဘဝတွင် ထိုဇာတ်ကားမှာ ၂၀၁၆ ခုနှစ်၌ ထွက်ရှိခဲ့ပြီး ဟွာနိုင်ငံ(တရုတ်နိုင်ငံ)ရှိ ပျမ်းမျှ Box Office နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ Box Office မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိခဲ့သည်။

ယခုဘဝတွင်တော့ ထိုဇာတ်ကားမှာ ကြိုတင်ထွက်ရှိလာခဲ့သည်။ အခြားသော စော၍ထွက်လာသည့်ရုပ်ရှင် ဇာတ်လမ်းတွဲများလည်း ရှိပေသည်။ ထို့ပြင် အချို့သောဇာတ်ကားများမှာ ဤနေရာတွင် မထုတ်ဝေခဲ့ချေ။

ကျန်းဟန်သည် ထိုကဲ့သို့သော အသေးအမွှားပြောင်းလဲမှုများကို ဂရုမစိုက်ချေ။

သူသည် အတိဒုက္ခအဆင့် ကိုးဆင့်အား ဖြတ်ကျော်ပြီး ကောင်းကင်မိုးကြိုးကြောင့် ပြန်လည်မွေးဖွားလာခဲ့သည်။ အချိန်အတားအဆီးအား ချိုးဖြတ်ကာ ကမ္ဘာကြီးအား အနည်းငယ် ကမောက်ကမဖြစ်သွားစေသည်။

ဤနေရာမှာ ကမ္ဘာကြီး၏အဆုံးသတ်ဖြစ်နေခဲ့လျှင်ပင် ကျန်းဟန် အံ့သြမိမည်မဟုတ်ချေ။

နောက်ဆုံးတွင်တော့ အခြားအရာများကိုထားပေဦး အချိန်နှင့်အာကာသစည်းမျဉ်းများကို ချိုးဖျက်လိုက်ခြင်းကပင် မယုံကြည်နိုင်စရာဖြစ်နေပေသည်။

သို့သော် ပြန်လည်မွေးဖွားလာပြီးနောက် လက်ရှိ အခြေအနေအတွက်မူ....

ကျန်းဟန်သည် ဇီယန်အား စိုက်ကြည့်လိုက်၏။

ထိုနောက် သူ နူးညံ့ညင်သာစွာ ပြုံးလိုက်သည်။

-အခန်း(၃၄၉)ပြီး

wunzinnosp

## အခန်း(၃၅၀) ချမ်ချန်ချင်း

ကျန်းဟန်သည် ဤအချိန်၌ အလွန်ပျော်ရွှင်နေခဲ့သည်။

သူ့တွင် မုန့်မုန့်နှင့် ဇီယန်ရှိနေခဲ့သည်မှာ အလွန်ကံကောင်းသည်ဟု ခံစားရ၏။

ကောင်းကင်မိုးကြိုးများကိုပင် သူ ကျေးဇူးတင်မိသည်။

ယေဘူယျာအားဖြင့် လူများမှာ "ကျုပ်ကိုမသတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟုပြောကြပေလိမ့်မည်။

သို့သော် ကျန်းဟန်သည်တော့ "ကျုပ်ကို ပစ်ချပေးတဲ့အတွက် ကောင်းကင်မိုးကြိုးတွေကို ကျေးဇူးတင်ပါတယ်" ဟု ဆိုရမည့်ကိန်းဆိုက်နေ၏။

တစ်ခါတစ်ရံ ကျန်းဟန်သည် ကောင်းကင်မိုးကြိုးများကို ဖြတ်ကျော်ပြီး အင်မော်တယ်လောကသို့ ဝင်ရောက်ခွင့်ရသည် အထိ ကံကောင်းခဲ့ပါက ကိစ္စများမှာ ယခုနှင့် အလွန်ကွဲပြားနေ လိမ့်မည်ဟု တွေးတောမိသည်။

သူသည် လမ်းလျှောက်နေသည့် လူသေကောင်ပမာ ရည်မှန်းချက်မရှိ ဦးတည်ရာမရှိ အထီးကျန်စွာ ရှိနေပေလိမ့်ဦး မည်။

သို့သော် ယခုတွင်တော့ သူ့တွင် ရည်မှန်းချက်ပန်းတိုင်း များစွာ ရှိနေပြီဖြစ်သည်။

ဇီယန်၊ မုန့်မုန့်၊ သူ၏မိဘများနှင့်အတူ ရိုးရှင်းတည်ငြိမ် ကာ အေးချမ်းသည့်ဘဝအား ဖြတ်သန်းချင်မိသည်။

လက်ရှိတွင် သူလုပ်ဆောင်ရမည့်အရာမှဥ္စ သူ၏မိဘများ ကို ရှာဖွေရန်၊ သူ၏ကိုယ်ပိုင်ခွန်အားကို မြှင့်တင်ရန်နှင့် အင်အားစုစည်းရန်ဖြစ်သည်။ အဆင့်တစ်ခုသို့ရောက်သည့် အခါ ဤနေရာမှာ သူထွက်သွားမလား ဆက်နေမလားဆိုသည်

ကို ရွေးချယ်ပေလိမ့်မည်။ ၎င်းက သူ၏ဆုံးဖြတ်ချက်အတိုင်း ပင်ဖြစ်ပေမည်။

ကမ္ဘာ့တံခါးတွေ ဒီမှာရှိနေရင် ကောင်းမှာပဲ......

ကမ္ဘာ့တံခါးသည် ကောင်းကင်နှင့် မြေပြင်ကြားရှိ နေရာများ၏ ကိုသြဒိနိတ်အမှတ်များကို မှတ်သားထားသော အဆင့်ကိုးအဆင့်ရှိ အာကာသစိတ်ဝိညာဉ်ရတနာတစ်မျိုးဖြစ်သည်။ ၎င်းတွင် ယခင်မျိုးဆက်မှ တန်ခိုးကြီးပုဂ္ဂိုလ်များ၏နေရာများပါဝင်သည်။

ကမ္ဘာ့တံခါးသည် ကျင့်ကြံခြင်းကမ္ဘာတွင် ရှေးဟောင်းခေတ်က ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး ကျန်းဟန်သည် ၎င်း၏ ကိုးဆက်မြောက် သခင်ဖြစ်သည်။

၎င်းအား သူရရှိခဲ့သည့်အချိန်တွင် တည်နေရာအမှတ်အသားများစွာ ပါရှိ၏။ ထိုနေရာများထဲမှ သူရောက်ရှိခဲ့သည့်နေရာများကို မှတ်သားထားသည်။ ၎င်းထဲမှ တစ်နေရာ

ရာအား ပြန်သွားချင်သည့်အခါတိုင်း ကမ္ဘာ့တံခါးကို အသုံးပြုနိုင်သည်။

၎င်းမှာ ခရီးဆောင်တံခါးတစ်ချပ်ကဲ့သို့ပင် အလွန်အဆင်ပြေပေသည်။

ကမ္ဘာ့တံခါးသည် ကျန်းဟန်၏ ရတနာများထဲမှ တစ်ခုဖြစ်ပြီး အသုံးအများဆုံးနှင့် လက်တွေ့အသုံးအကျဆုံးစိတ်ဝိညာဉ်ရတနာလည်းဖြစ်သည်။

ငါ လောဘကြီးလွန်းနေပါပြီ…

ယန်မိုးကြိုးသစ်ပင်နှင့်ပြန်လည်မွေးဖွားလာနိုင်ခဲ့ခြင်းကပင် အလွန်အမင်းကံကောင်းလွန်းနေပြီဖြစ်ရာ ကျန်းဟန်မှာ ခါးသီးစွာ ရယ်မောလိုက်မိသည်။ အဆင့်ကိုးစိတ်ဝိညာဉ်ရတနာဖြစ်သည့် ကမ္ဘာ့တံခါးကိုမူ။ သူ အမှန်တကယ် တောင်းဆိုလွန်းသွားမိသည်။

သူ၏လက်ထဲတွင် ရှိနေလျှင်ပင် လက်ရှိ ချီသန့်စင်ခြင်း အဆင့်ခွန်အားဖြင့် ဖွင့်နိုင်မည်မဟုတ်သေးချေ။

သူစဉ်းစားနေစဉ်တွင် ရုပ်ရှင်၏စာတန်းထိုးခြင်းမှာ ကျော်သွားခဲ့ပြီး ဇာတ်လမ်းစတင်နေခဲ့သည်။

ဇီယန်သည် လက်ထဲမှာ အလတ်ဆိုဒ် ပြောင်းဖူးပေါက်ပေါက်ဖူးအား ကိုင်ထားပြီး အနည်းငယ်စားကာ ကျန်းဟန်အား ခွန့်ပေးသည်။ သူစားလိုက်သည့်အခါ သူ၏နှုတ်ခမ်းများက သူမ၏လက်ချောင်းသွယ်သွယ်လေးများအား နမ်းမိသွား၏။ သို့သော် သူမကတော့ မည်သို့မျှ စိတ်ထဲမထားချေ။ ထိုနောက် ပေါက်ပေါက်အချို့အား ကောက်ယူကာ သူမ၏ပါးစပ်ထဲသို့ ထည့်လိုက်၏။

သူတို့ မကြာခဏ အနမ်းခွေကြသည်ဖြစ်ရာ ယခုကဲ့သို့ သွယ်ဝိုက်သည့်အနမ်းများမှာ သူတို့အတွက် ဘာမျှ မဟုတ်တော့ချေ။

ဘဲကင်စားနေသည့်အချိန်က သူသည် ဇီယန်အား မတော်တဆနမ်းမိသွားခဲ့သည်ကို ကျန်းဟန် သတိရသွား၏။ ထိုအချိန်က ဇီယန်မှာ အလွန်ရှက်ရွံ့နေခဲ့ပြီး ပါးပြင်လေးများမှာ နှင်းဆီရောင်သမ်းသွားခဲ့သည်။

စဉ်းစားနေရင်းဖြင့် ကျန်းဟန်၏နှုတ်ခမ်းထောင့်တွင် အပြုံးတစ်ခုပေါ်လာသည်။

မသိလိုက်စွာဖြင့်ပင် ဇီယန်နှင့် သူသည် အမှတ်တရများစွာကို ဖန်တီးခဲ့လေ၏။

မုန့်မုန့်သည် ယခုအချိန်တွင် အလွန်ပင်စကားနားထောင်နေပြီး သူမ၏ပြောင်းဖူးပေါက်ပေါက်ကိုသာ ဂရုတစိုက်စားနေ၏။

"အရမ်းချိုတယ် အရသာရှိတယ်”

ကလေးမလေးမှာ အလွန်ပျော်ရွှင်နေသော်လည်း သူမ၏မေမေက အများကြီးစားခွင့်မပေးမည်ကို အနည်းငယ်

စိုးရိမ်နေသည်။ မေမေ၏အာရုံကို စွဲဆောင်မိမည်စိုး၍ သူမလေးမှာ ဆူဆူညံညံမလုပ်ချေ။

စွန့်စားခန်းဇာတ်လမ်းအား ကြည့်သည့်အခါ ကျန်းဟန်နှင့် ဇီယန်မှာ အလွန်တိတ်ဆိတ်နေပြီး မုန့်မုန့်မှာ ပို၍ တက်ကြွနေ၏။ ကျန်းဟန်၏ရင်ခွင်ထဲတွင် တိတ်ဆိတ်စွာဖြင့် ပြောင်းဖူးပေါက်ပေါက်အား စားပြီးသည့်နောက် သူမလေးသည် ရုပ်ရှင်အား ခဏလောက်ကြည့်လိုက်၏။ သို့သော် နောက်ပိုင်းတွင် ဇီယန်၏ထိုင်ခုံပေါ်မှ ပေါက်ပေါက်ဘူးကို မြင်သွားလေသည်။ မေမေသည် ရုပ်ရှင်ကိုသာ အာရုံစိုက်၍ ကြည့်ရှုနေသည်ကို သတိပြုမိပြီးနောက် သူမလေးသည် ချစ်စဖွယ်လက်မောင်းလေးအား ဆန့်ထုတ်လိုက်သည်။

"အင်း သမီးနည်းနည်းလောက် မြည်းကြည့်မယ်”

သူမလေးသည် ရေရွတ်လိုက်ပြီး ပြောင်းဖူးပေါက်ပေါက်အချို့အား ယူကာ ပျော်ရွှင်စွာ စားလေသည်။

ကျန်းဟန်သည် မုန့်မုန့်၏အပြုအမူအား သတိပြုမိသော်လည်း ဘာမှမပြောဘဲ ပေါ့ပေါ့ပါးပါးသာ ပြုံးလိုက်သည်။ ထိုနောက် ဇီယန်နှင့် လက်ချင်းချိတ်ကာ ရုပ်ရှင်အား ဆက်၍ကြည့်ရှုနေခဲ့သည်။

ရုပ်ရှင်မှာ ၁၀ နာရီတွင် ပြီးကာ စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အချိန်၌ ၁၁ နာရီဝန်းကျင်ရှိပြီဖြစ်သည်။ မုန့်မုန့် အိပ်ပျော်သွားပြီးနောက် ဇီယန်သည် သူမ၏အဝတ်အစားများအား လဲလိုက်၏။

"ကျွန်မ အလုပ်သွားတော့မယ်"

ဇီယန်သည် တံခါးဆီသို့ လျှောက်သွားပြီး ခြေဖျားလေးထောက်ကာ ကျန်းဟန်၏နှုတ်ခမ်းများအား နမ်းလိုက်၏။

"အင်း ကိုယ်အပြင်လိုက်ပို့ပေးမယ်"

သူတို့ အောက်ထပ်သို့ဆင်းလာသည့်အခါ ကျိုးဖေး၊ ကျောက်ဖုန်းနှင့် လန်ယွဲ့အပါအဝင် မိန်းကလေး

သက်တော်စောင့်ခြောက်ယောက်မှာ စားပွဲဝိုင်း၌ ထိုင်နေကြသည်ကို တွေ့လိုက်ရ၏။

"ဟမ် ဘာလို့ လူတွေဒီလောက်များနေတာလဲ" ဇီယန်က သိချင်စိတ်ဖြင့် မေးသည်။

"သူတို့က မင်းရဲ့ အချိန်ပြည့်သက်တော်စောင့်တွေလေ။ အပြင်သွားတဲ့အခါ မင်းရဲ့လုံခြုံရေးကို တာဝန်ယူလိမ့်မယ်" ကျန်းဟန်က ပြုံးလိုက်၏။

"ရပါတယ်။ ကုမ္ပဏီကဝန်ထမ်းတွေနဲ့ပဲဟာ ကျွန်မ လုံခြုံပါတယ်" ဇီယန်က နှုတ်ခမ်းကို သပ်လိုက်သည်။

"မင်းအပြင်သွားရင် ကိုယ်စိုးရိမ်နေရမှာပေါ့" ကျန်းဟန်က ညာဘက်လက်ဖြင့် ဇီယန်၏ခါးလေးကိုဖက်လိုက်ပြီး တိုးတိုးလေးပြောသည်။

သူ၏ဂရုစိုက်မှုက ဇီယန်၏နှလုံးသားအား နွေးထွေးသွားစေသည်။

သူတို့ အနားသို့ရောက်သွားသည့်အခါ ကျောက်ဖုန်းနှင့် အခြားသူများ မတ်တပ်ရပ်လိုက်ကြ၏။

"မဒမ်" ကျောက်ဖုန်းက ပြုံးကာ ပြောသည်။ "ကျုပ် သူတို့နဲ့ မိတ်ဆက်ပေးမယ်။ သူက ခရီးမှာ လုံခြုံရေးအတွက် တာဝန်ရှိတဲ့ သူတို့ရဲ့ခေါင်းဆောင် လန်ယွဲ့ပါ"

"မင်္ဂလာပါ မဒမ်" လန်ယွဲ့က ခေါင်းညိတ်ကာ နှုတ်ဆက်သည်။

"မင်္ဂလာပါ" ဇီယန် အသာပြုံးပြလိုက်၏။

"ဒါက ရှောင်နန်၊ ဒါက လန်စီ၊ ဒါက......"

ကျောက်ဖုန်းက အခြားမိန်းကလေးငါးယောက်အား အလှည့်ကျမိတ်ဆက်ပေးပြီး အားလုံးက ဇီယန်အား နှုတ်ဆက်ကြသည်။

"ဒါဆို သွားကြရအောင်"

နှုတ်ဆက်ပြီးနောက် ဇီယန်က ဦးဆောင်ကာ ထွက်လာခဲ့၏။

သူတို့လူစု စားသောက်ဆိုင်မှာ ထွက်ခွာသွားကြ၏။ ကျိုးဖေးနှင့် ဇီယန်သည် Bugatti Veyron ကိုစီးပြီး လန်ယွဲ့ အပါအဝင် အခြားမိန်းကလေးခြောက်မှာ အနက်ရောင် Mercedes-Benz S600s သုံးစီးစီ အသီးသီးစီးကြသည်။

သူတို့၏ဦးတည်ရာမှာ ရိုက်ကူးရေးပရောဂျက်များပြုလုပ်သည့်နေရာဖြစ်သော ကျန့်ရှာခရိုင်၏အရှေ့ဘက်ခြမ်းရှိ ကြယ်ပွင့်များ၏ရိပ်သာဖြစ်သည်။

ပထမဆုံးကားကို လန်ယွဲ့မောင်းနှင်ပြီး သူ၏နောက်တွင် ကျိုးဖေးမောင်းနှင်သည့်ကားနှင့် အခြားကားနှစ်စီးရှိသည်။ ကျန်းဟန်နှင့် ကျောက်ဖုန်းတို့၏အာရုံများအောက်တွင် သူတို့ ဖြည်းညှင်းစွာ ထွက်ခွာသွားကြသည်။

"ဆရာ ကုမ္ပဏီရိပ်သာကို ပြင်ဆင်ပြီးပါပြီ။ စမ်းသပ်ပြီးလို့ ရက်ပိုင်းနေရင် ကျွန်တော်တို့ စစ်ဆေးကြည့်လို့ရပြီ။ နိုက်

ကလပ်ကို ပြင်ဆင်ဖို့ကတော့ လဝက်ကျော်လောက် လိုသေးတယ်။ အဲဒါပြီးမှ ဖွင့်ပွဲလုပ်ရင်ကောင်းမလား” ကျောက်ဖုန်းက မေးသည်။

"မဟုတ်ဘူး” ကျန်းဟန်က တန်းပြောသည်။

"ကောင်းပါပြီ”

ကျောက်ဖုန်းမှာ သူ့ဆရာ၏အဖြေကို ခန့်မှန်းပြီးဖြစ်သည်။ သူက ပြုံးကာ ဆက်ပြော၏။ “နိုက်ကလပ်ရဲ့ တတိယထပ်ကို စားသောက်ဆိုင်ကြီးတစ်ဆိုင်အဖြစ် ပြောင်းလိုက်တယ်။ ပါဝင်ပစ္စည်းတွေကလည်း တောင်ပေါ်ကနေပဲ ယူတာဆိုတော့ အဲဒါကို မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်လို့ပဲ နာမည်ပေးလိုက်ရင်ရော။ အဖွဲ့ဝင်ကတ်တွေကိုလည်း အဲဒီမှာ သုံးလို့ရနိုင်တယ်”

"အဆင်ပြေပါတယ်” ကျန်းဟန်က ခဏလောက် စဉ်းစားကာ ခေါင်းညိတ်သည်။

စားသောက်ဆိုင်ဖွင့်ပြီးနောက် ဖောက်သည်များစွာအား စွဲဆောင်နိုင်ခဲ့သည်။ တန်းစီစောင့်ဆိုင်းနေသူများမရှိပါက လက်ရှိစားသောက်ဆိုင်မှာ ပို၍ တိတ်ဆိတ်နေပေလိမ့်မည်။

သို့သော် ကျန်းဟန်သည် သူ၏ဆန္ဒအတိုင်းဖြစ်မလာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။ စားသုံးသူများစွာမှာ ဆိုင်ရှေ့၌ တန်းစီရန် ဆန္ဒရှိနေကြသည်။

သူတို့သည် ကြက်ဥထမင်းကြော်ကိုသာမက ကျန်းဟန်၏အချက်အပြုတ်နှင့် စိတ်နေသဘောထားကိုလည်း သဘောကျကြ၏။ ပို၍အရေးကြီးသည်မှာ စားသုံးသူအများစုမှာ မုန့်မုန့်အား နေ့တိုင်းတွေ့မြင်ဖူးကြပြီး ဇီယန်၏အလှကိုလည်း ရံဖန်ရံခါ မြင်တွေ့ဖူးကြသည်။ ဤဆိုင်တွင် စားသောက်ခြင်းသည် ပါးစပ်၊ မျက်လုံး၊ နားနှင့် နှလုံးသားများကိုပါ နှစ်ခြိုက်မှုဖြစ်စေသည်။

ထိုပြင် ဗီအိုင်ပီအဖွဲ့ဝင်များအတွက် အစားအသောက်များမှာ ဈေးချိုလှသည်။ ဥပမာအားဖြင့် အစောပိုင်းက ၎င်းတို့စားခဲ့

ရသည့် အဖြူအမည်း မြေအောင်းမှိုများအား သက်သတ်လွတ်ဟင်းလျာအဖြစ် ထည့်တွက်ကာ တစ်ပွဲလျှင် ယွမ် ၂၀ဂ သာကျသင့်လေသည်။ ၎င်းမှာ အလကားနီးပါးစားရသည်ဖြစ်ရာ ဗီအိုင်ပီအဖွဲ့ဝင်များအတွက် အလွန်တန်သည့် ဈေးနှုန်းပင်။ သို့သော် ထို တတိယထပ်ရှိ စားသောက်ဆိုင်ကြီးအတွက်မူ ကျောက်ဖုန်းက ဈေးနှုန်းများကို ချိန်ညှိပြင်ဆင်ကာ အမြတ်အစွန်းရအောင် ပြုလုပ်ထားခဲ့သည်။

"ကျွန်တော် နောက်မှ နာမည်ကြီးစားဖိုမှူးတွေ ခေါ်လိုက်ပါမယ်" ကျောက်ဖုန်းမှာ သူ့အနေဖြင့် ပြင်ဆင်မှုများလုပ်ရမည်ကို သိသော်လည်း ထိုအကြောင်းကို သိပ်မသိသဖြင့် ကျွမ်းကျင်သူများကိုသာ ခိုင်းစေရန် စီစဉ်ထားခဲ့သည်။

လျိုချင်းဖုန်းက စီမံခန့်ခွဲရေးအဖွဲ့တစ်ဖွဲ့အား စေလွှတ်ပေးခဲ့ပြီး ၎င်းတို့တစ်ဦးချင်းစီမှာ အလွန်နာခံကြကာ သက်ဆိုင်ရာလုပ်ငန်းစဉ်များ၏ အကြံပြုချက်များကို ပေးခဲ့ကြသည်။ ထိုသို့သော ဝန်ထမ်းကောင်းများရှိနေသဖြင့် ကျောက်ဖုန်းမှာ ဝန်ပေါ့

သွားသလို ခံစားရသည်။ သူ၏နောက်ထပ်ပန်းတိုင်အား နာမည်ပေးရန်သာလိုပြီး ခဏလေးအတွင်းမှာပင် အစီအစဉ်အချို့ကို ချမှတ်နိုင်ပေလိမ့်မည်။

ကျောက်ဖုန်းသည် အလွန်စိတ်ကျေနပ်ခဲ့ပြီး ခေါင်းဆောင်တစ်ဦးဖြစ်ရန် မှန်ကန်သည့်နည်းလမ်းဖြစ်သည်ဟု ခံစားခဲ့ရသည်။

ကျောက်ဖုန်းက ကျန်းဟန်အား အခြားကိစ္စအချို့ကို ပြောပြခဲ့သည်။ ကမ်းခြေရှိ လေ့ကျင့်ရေးမှာ ပြီးဆုံးခါနီးပြီးဖြစ်ကာ ထိုလူများအား ကုမ္ပဏီ၌ တစ်လကျော် လေ့ကျင့်ပေးမည်ဟု ဆိုသည်။

သင်တန်းသည် အားဟူနှင့် အခြားသော လုံခြုံရေးအဖွဲ့ဝင်များကို ကျွမ်းကျင်သင်တန်းပေးရန်ဖြစ်သည်။

ခဏကြာစကားပြောပြီးနောက် ကျောက်ဖုန်း အနားယူရန် ကုမ္ပဏီသို့ ပြန်သွားခဲ့သည်။

သူယခင် ငှားရမ်းထားသည့် တိုက်ခန်းမှာ ယခုတွင် နေခဲ့လှသည်။ သူသည် ကုမ္ပဏီနှင့် စားသောက်ဆိုင်ကြားတွင် အလုပ်များနေသဖြင့် ကုမ္ပဏီရိပ်သာတွင်သာ နေထိုင်ရန် ရွေးချယ်ခဲ့သည်။ အခြေအနေများမှာ သိပ်မကောင်းသေးသော်လည်း ထိုထက်ပိုဆိုးသည့်နေရာများတွင်ပင် နေထိုင်ခဲ့ဖူးသဖြင့် သူ့အတွက် ဘာမှမဖြစ်ချေ။

ကျန်းဟန်သည် စားသောက်ဆိုင်သို့ ပြန်လာခဲ့ကာ တံခါးကို သော့မခတ်ပဲ ထားခဲ့၏။ သူ အပေါ်ထပ်သို့ တန်း၍ တက်သွားကာ ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

သူ့တွင် ဘာမှလုပ်စရာမရှိသဖြင့် ဖုန်းကိုထုတ်ကာ ကြည့်လိုက်၏။ သူ၏အဆက်သွယ်များထဲတွင် လူအနည်းငယ်၏နံပါတ်သာရှိသည်။

ကျောက်ဖုန်း၊ ရှုရုံ၊ ဇီယန်၊ ကျန်းလီ၊ ဝမ်ကျွမ့်နှင့် ချမ်ချန်ချင်းတို့၏နံပါတ်များသာ ရှိလေသည်။

ကျန်းဟန်သည် ယခင်နံပါများအားလုံးအား သိမ်းဆည်း မှတ်သားထားခြင်းမရှိသလို မှတ်ထားရန်စိတ်ကူးလည်းမရှိချေ။ ထို့ကြောင့် ထိုလူများ၏နံပါတ်များကိုသာ မှတ်သားထားခဲ့ သည်။ အထူးသဖြင့် သူ မကြာခဏတွေ့ဆုံလေ့ရှိသည့် ပထမ ဆုံးလူငါးယောက်ကို ဖုန်းခေါ်ဆိုခဲ့သည်။

နောက်ဆုံးတစ်ခုမှာ ချမ်ချန်ချင်းဖြစ်သည်။ ကျန်းဟန် သည် သူ၏နံပါတ်အား ရှင်းရှင်းလင်းလင်းမှတ်မိနေကာ ၎င်းကို နာမည်စာရင်းမှတ်ထားခဲ့သည်။

ကျန်းဟန်သည် ချမ်ချန်ချင်း၏နံပါတ်အား ခေါ်ဆို လိုက်၏။

"မင်္ဂလာပါရှင် လူကြီးမင်းခေါ်ဆိုသော ဖုန်းနံပါတ်မှာ စက် ပိတ်ထားပါတယ်ရှင်..."

"ဒီကောင် ဘယ်တွေများရောက်နေလဲ" ကျန်းဟန် ပြုံး လိုက်၏။

ချမ်ချန်ချင်းသည် သူ၏ကလေးဘဝကတည်းက ကစားဖော်ဖြစ်ကာ သူငယ်ချင်းကောင်းဖြစ်သည်။

ကျန်းဟန်မှာ ဆိုးသွမ်းပေတေနေခဲ့စဉ်ကလည်း ချမ်ချန်ချင်းမှာ လူအေးတစ်ယောက်ဖြစ်၏။ ကျန်းဟန်မှာ သူဌေးသားများကိုခေါ်ကာ အမြဲတမ်းအပျော်အပါးရှာလေ့ရှိသည်။ နှစ်တွေကြာလာသည့်အခါ ချမ်ချန်ချင်းမှာ ကျန်းဟန်နှင့် ပြန်လည်တွေ့ဆုံခဲ့ပြီး နောက်တစ်ကြိမ် တွဲသွားတွဲလာဖြစ်သွားကြ၏။

သူသည် ပိန်ပိန်ပါးပါးနှင့် အလွန်အေးသော်လည်း ရဲရင့်သူဖြစ်သည်။ ကျန်းဟန် ဆယ်ကျော်သက်အရွယ်ကာ လူမိုက်ခုနှစ်ယောက်ဖြင့် ရန်ပွဲဖြစ်နေခဲ့ပြီး သိသာစွာပင် သူ ၎င်းတို့အား အနိုင်မချနိုင်ပေ။

ထိုအချိန်၌ ချမ်ချန်ချင်းမှာ သူ့ဆီသို့ မဆိုင်းမတွ ပြေးဝင်လာခဲ့သည်။

ရလဒ်အနေဖြင့် နှစ်ယောက်စလုံး အရိုက်ခံရလိုက်ရလေသည်။

လူတိုင်းတွင် သူတို့၏ဘဝ၌ သူငယ်ချင်းကောင်းများစွာရှိကြသည်။ ချမ်ချန်ချင်းမှာ ကျန်းဟန်၏သူငယ်ချင်းကောင်းဖြစ်သည်။ သို့သော် ကျန်းဟန် မတော်တဆမှုမဖြစ်မီ တစ်နှစ်ခန့်အလိုတွင် တစ်စုံတစ်ရာဖြစ်ပျက်ခဲ့ပြီး သူရုတ်တရက် ထွက်သွားခဲ့၏။ အစပိုင်းတွင် သူတို့ တစ်လတစ်ကြိမ်ခန့် တွေ့ဆုံကြတာ နောက်ပိုင်းတွင် နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်...စသဖြင့်ဖြ်စလာပြီး ကျန်းဟန်မတော်တဆမဖြစ်ခင် နှစ်လခန့်အလိုအကတည်းက သူပေါ်မလာတော့ချေ။

ချမ်ချန်ချင်းသည် ပေကျင်းရှိ ချမ်မိသားစုမှ ဆင်းသက်လာခဲ့သူဖြစ်ပြီး ကျန်းများကဲ့သို့ အင်အားကြီးမားခြင်းမရှိသော်လည်း မိသားစုကြီးတစ်ခုဖြစ်ပေသည်။

မတော်တဆမှုဖြစ်ပြီးနောက် နှစ်နှစ်အကြာတွင် ချမ်ချန်ချင်းက သူ့အား ဖုန်းခေါ်ဆိုလာခဲ့ပြီး စကားတစ်ခွန်းတည်းသာပြောဆိုခဲ့သည်။ ကျန်းဟန် ၎င်းကို အမြဲတမ်း စိတ်ထဲမှတ်မိနေခဲ့သည်။

"အစ်ကိုဟန် ငါအိမ်ပြန်ပြီးတော့ မင်းကိုအနိုင်ကျင့်တဲ့သူတွေကို သတ်ပစ်မယ်"

ကျန်းဟန်သည် ထိုအချိန်က ငိုလုမတတ်ဖြစ်ခဲ့ရသည်ကို သတိရမိသည်။ သို့သော် သူ နောက်ပိုင်းတွင် ငြင်းဆန်ခဲ့၏။ ခဏကြာအောင် စကားပြောပြီးနောက်တွင် ချမ်ချန်ချင်းသည် အရေးကြီးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ပြည်ပသို့ရောက်ရှိနေခဲ့ကြောင်း သူသိခဲ့ရ၏။ သုံးနှစ်အကြာတွင် သူပြန်လာကာ ကျန်းဟန်နှင့်အတူ တောက်ပသည့်အနာဂတ်အား ဖန်တီးမည်ဟု ပြောခဲ့၏။

"အတိတ်ဘဝမှာ မင်းက ငါ့ကို တောက်ပတဲ့အနာဂတ်ပေးမယ်လို့ ကတိပေးခဲ့တယ်"

"ဒီဘဝမှာတော့ ငါမင်းကို ကျင့်ကြံဖို့ ဖန်တီးပေးပါမယ်"

သူတွက်ချက်ကြည့်လိုက်ပြီး ချမ်ချန်းချင်ပြောခဲ့သည့်အချိန်မှာ နီးကပ်နေသည့်အတွက် ဖုန်းခေါ်ကြည့်ခဲ့ခြင်းဖြစ်သည်။

သူ၏ဖုန်းမှာ စက်ပိတ်ထားဆဲဖြစ်၏။

"ဒီကောင် ပြည်ပမှာ ဘာစီးပွားရေးလုပ်နေတာလဲ။ ကျောင်းတက်နေတာလား"

ကျန်းဟန် ၎င်းကိုစဉ်းစားရင် ဘာမှမတွေးတတ်တော့သဖြင့် ပြုံး၍ ခေါင်းကိုယမ်းကာ စဉ်းစားနေသည်ကို ရပ်တန့်လိုက်၏။ ထိုနောက် ဖုန်းထဲမှာ သတင်းများကိုသာ တိတ်တဆိတ်ဖတ်နေလိုက်သည်။

အချိန်မှာ ၁၁ နာရီ ၃၀ မိနစ်။

ဇီယန်တို့ကားလေးစီးမှာ ဦးတည်ရာသို့ ရောက်ရှိလာခဲ့၏။

-အခန်း(၃၅၀) ပြီး

wunzinnosp

## အခန်း(၃၅၁) သေဖို့တောင်းဆိုနေခြင်း

ကမ်းခြေပန်းခြံတွင်တည်ရှိသော ကြယ်ပွင့်များ၏ရိပ်သာမှာ ပင်လယ်ကွေ့၌ ရှုခင်းကြည့်ရန် တည်ဆောက်ထားသည့် လမ်းမဖြစ်သည်။

ညဥ့်နက်နေပြီဖြစ်၍ ခရီးသွားများမရှိသော်လည်း ကမ်းခြေပန်းခြံ၌ လူအများအပြား ပျော်ရွှင်ကစားနေကြသည်။

ကမ်းခြေပန်းခြံသည် အရွယ်အစားအတော်လေးကြီးမားပြီး အထိုင်ကျပြီးသည့်စီးပွားဖြစ်ဖျော်ဖြေရေးစနစ်ရှိသည်။

ဝင်ပေါက်တွင် လူ ၂၀ ခန့် ဗီယန်အား စောင့်ဆိုင်းနေခဲ့သည်။

၎င်းတို့မှာ တော်ဝန်အန်တာတိတ်မန့်၏အကောင်းဆုံးရိုက်ကူးရေးအဖွဲ့အပါအဝင် မိတ်ကပ်ဝန်ထမ်းများ၊ စက်အဖွဲ့များ စသည်တို့ဖြစ်ကြသည်။

အမိုက်စား Bugatti ကားကြီးလာနေသည်ကိုမြင်သည့်အခါ သူတို့အများစုမှာ မနာလိုအားကျဖြစ်သွားကြ၏။

"သူတို့လာပြီ"

"အစ်မဇီယန်ရောက်လာပြီ"

"ဒီတစ်ခါ မာစီးဒီးဘန်နဲ့ဇ်သုံးစီးလည်းပါလာတယ်"

"..."

အားလုံး၏အာရုံစိုက်မှုအောက်တွင် ကားလေးစီးမှာ ထိုနေရာ၌ ရပ်သွားသည်။

"ဘန်း ဘန်း ဘန်း"

တံခါးအဖွင့်အပိတ်အသံများနှင့်အတူ အားလုံး အပြင်ထွက်လာကြ၏။

ဇီယန်နှင့် ကျိုးဖေးတို့ လျှောက်လာခဲ့ပြီး လန်ယွဲ့နှင့်အခြားသူများက နောက်မှလိုက်လာခဲ့သည်။

မိန်းကလေးခြောက်ယောက်၏ပုံပန်းသွင်ပြင်ကိုမြင်သည့်အခါ လူတိုင်းအံ့အားသင့်သွားကြ၏။

အနက်ရောင်အနောက်တိုင်းဝတ်စုံ၊ လယ်သာရှူးနှင့် အဖြူရောင်ရှပ်အင်္ကျီတို့ဝတ်ဆင်ထားသည့် မိန်းကလေးခြောက်ယောက်မှာ အလွန်အရည်အချင်းရှိကာ အတွေ့အကြုံပြည့်ဝသည့်ဟန်ပေါ်၏။

ထို့ပြင် သူတို့အားလုံးမှာ နားကြပ်တပ်ဆင်ထားပြီး မပြောင်းလဲသည့်အမူအရာတို့ဆင်မြန်းထားသည်။

သူတို့အားကြည့်လိုက်မိပါက လူတိုင်းမှာ "ပရော်ဖက်ရှင်နယ်သက်တော်စောင့်တွေ” ဟူ၍ တွေးမိကြပေလိမ့်မည်။

"တောင်းပန်ပါတယ် ဆရာမား ကျွန်မ နည်းနည်းနောက်ကျသွားတယ်”

ဇီယန်သည် ဆံပင်ဖြူများနှင့် အသက် ၄၀ ကျော်အရွယ် သက်လတ်ပိုင်းလူထံသို့ လျှောက်လာကာ ပြုံး၍ နှုတ်ဆက် လိုက်သည်။

ဆရာမားသည် ရိုက်ကူးရေးအဖွဲ့၏ခေါင်းဆောင်နှင့် တာဝန်ခံဖြစ်သည်။

ပြီးခဲ့သည့်အဖြစ်အပျက်အပြီး၌ ကုမ္ပဏီတစ်ခုလုံးမှာ ဇီယန်အား အလွန်ရိုကျိုးနေကြသည်။ ဆရာမားသည်လည်း ခြွင်းချက်မရှိချေ။ အခြားသူသာ မိနစ် ၂၀ နောက်ကျပြီးမှ ရောက်လာပါက ဝုန်းဒိုင်းကြဲသွားပေလိမ့်မည်။

သို့သော် ယခုတော့ သူသည် အလွန်စိတ်အားထက်သန်စွာ ပြုံးကာ ပြောလိုက်၏။ "သိပ်နောက်မကျပါဘူး။ ကွက်တိ လောက်ပါပဲ။ မိတ်ကပ်လိမ်းပြီး အဝတ်အစားလဲထားလိုက်ပါ။ မကြာခင် ရိုက်ကူးရေးစကြတာပေါ့"

"ကောင်းပါပြီ" ဇီယန်က ခေါင်းညိတ်ကာ ကျိုးဖေး၊ အမျိုးသမီးမိတ်ကပ်ပညာရှင်နှင့်အတူ ဘေးနားရှိ လီမိုခန်းထဲ

သို့ ဝင်သွားသည်။ တံခါးပိတ်ပြီးသည်နှင့် သူတို့ပြင်ဆင်ရန် စတင်ကြသည်။

လန်ယွဲ့သည် သူမ၏ဘေးရှိအခြားသူများအား လက်ဝှေ့ယမ်းပြလိုက်ကာ လေးယောက်မှာ ဦးတည်ရာအသီးသီးသို့ ခွဲသွားကြ၏။ လန်ယွဲ့နှင့် အခြားတစ်ယောက်မှာတော့ တံခါးရှေ့တွင် မျက်နှာသေများဖြင့် ရပ်နေကြသည်။

သူတို့၏အမူအရာများမှာ "အနားကပ်မလာနဲ့" ဟူ၍ ပြောနေသယောင်။

သူတို့ကိုကြည့်ရသည်မှာ အလွန်လန့်စရာကောင်း၏။

သို့သော် သူတို့၏လေ့ကျင့်ရေးမှာ မပြီးဆုံးသေးချေ။ သူတို့တွင် ကျွမ်းကျင်မှုသိပ်မရှိသေး။ အကယ်၍ ဝါရင့်သက်တော်စောင့်အချို့သာ ၎င်းတို့အားမြင်ပါက အချို့သောအသေးစိတ်အချက်များမှာ ပရော်ဖက်ရှင်နယ်မဆန်ဟု ဆိုကြပေလိမ့်မည်။

ငင်းတို့မှာ အပြင်အားဆင့်သိုင်းပညာရှိပြီဖြစ်သော်လည်း အချိန်နှင့်အမျှ လေ့လာရန်ဆည်းပူးရန် လိုအပ်နေသေး၏။

တစ်ချိန်တည်းမှာပင် သိပ်မဝေးလှသည့် ဗီလာတစ်ခု၌ လူငယ်များစုဝေးနေကြသည်။

လူ ၂၀ ခန့်ရှိကာ ပျော်ပါးကြနေကြခြင်းဖြစ်သည်။

ဗီလာသည် သေးငယ်ခြင်းမရှိဘဲ ဒုတိယထပ်၌ အမိုးဖွင့်နှင့် ရေကူးကန်ပါရှိသည်။

ရေကူးဝတ်စုံနှင့် မိန်းကလေးအချို့မှာ လူငယ်လေးများဖြင့် ဝိုင်းဖွဲ့၍ ရေဆော့နေကြ၏။

လသာဆောင်၏အစွန်း၌ လူလေးယောက်မှာ စားပွဲဝိုင်လေးတစ်ခုဖြင့် ထိုင်နေကြသည်။

သူတို့၏ဘေးနားတွင် သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ယောက်က အကင်ကင်နေပြီး ရုံဖန်ရုံခါ တံကျင်လေးများအား စားပွဲပေါ်တင်ပေးသည်။

ကျိုးဖေးသာ ဤနေရာတွင်ရှိနေပါက ထိုလူများထဲမှ တစ်ယောက်မှာ လီချန်းဖြစ်ကြောင်း ကျိန်းသေပေါက်သိပေလိမ့်မည်။

ဘီယာတစ်ငုံသောက်ကာ အကင်လေးစားပြီးနောက် သူသည် မျက်နှာချင်းဆိုင်ရှိ လူငယ်အား အလွန်လေးစားစွာဖြင့် ပြုံးပြသည်။

"အစ်ကိုဖုန်း မင်းဦးလေးပြန်လာပြီးတော့ ဟုန်ချီထောင်ကို သတိပေးခဲ့တယ်လို့ ကျွန်တော်ကြားတယ်"

သူ၏မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့်လူငယ်မှာ ဂူမျိုးနွယ်မ်းလုံး၏တူဖြစ်သူ ဂူဖန်းဖုန်းပင်ဖြစ်ပြီး အစောပိုင်းက ခြေထောက်ကျိုးသွားသူဖြစ်သည်။

ဂူဖန်းဖုန်း၏အသွင်အပြင်မှာ ဘဲဥပုံမျက်နှာပေါက်ဖြစ်ပြီး အခြားသူများ၏အမြင်၌ ပေါင်းသင်းရလွယ်ကူသူဟူ၍ ခံစားရပေလိမ့်မည်။ သူသည် မောက်မာကာ သိမ်ဖျင်းခြင်းမရှိပါက အလွန်ချဉ်းကပ်ရလွယ်ပေမည်။ သို့သော် သူနှင့်ရင်းနှီးသည့်လူ

တိုင်းမှာ သူသည် အလွန်ပေါင်းသင်းရခက်သူဖြစ်ကြောင်း သိကြ၏။ သူသည် စိတ်သဘောထားကျဉ်းမြောင်းကာ ဇီဇာကြောင်သူဖြစ်ပြီး မည်သည့်စာနာမှုမျှမရှိချေ။

"သတိပေးတာလား" ဂူဖန်းဖုန်းက လှောင်ရယ်လိုက်ပြီး "မင်းက ငါ့ဦးလေးကို အထင်သေးနေတာပဲ" ဟုပြောလိုက်၏။

"မဟုတ်ပါဘူး ကျွန်တော်က ကြားခဲ့ရုံပါ" လီချန်းမှာ အလောတကြီးခေါင်းယမ်းလိုက်သည်။

ဂူဖန်းဖုန်းက ပြုံးကာ ပြောသည်။ "ငါ့ဦးလေးက ဝင်ပါဖို့ ဆုံးဖြတ်လိုက်ကတည်းက ရိုးရှင်းတဲ့သတိပေးချက်လေးပဲဖြစ်ပါ့မလား"

"ဒါဆို ဘာများလဲ အစ်ကိုဖုန်း။ ကျွန်တော်တို့ကို ပြောပြပါဦး" ဆံပင်အဝါရောင်နှင့်လူငယ်က သိလိုစိတ်ပြင်းပြနေသည်။

"ကောင်းပြီလေ ငါပြောပြမယ်" ဂူဖန်းဖုန်းက ဘီယာအနည်းငယ်သောက်လိုက်ပြီး သူ၏မျက်လုံးထဲတွင်

အထင်သေးမှုများပေါ်လာသည်။ ထိုနောက် သူ ဆက်ပြောသည်။ "အရင်တစ်ခေါက်က ဟုန်လီက ငါသတိမထားမိတဲ့အချိန်ကို အခွင့်ကောင်းယူသွားတာ။ ဒါကြောင့် ငါ့ဦးလေးက သူ့အမှားတွေကို ဝန်ခံဖို့ သူနဲ့နီနီကို သုံးရက်လာခိုင်းထားတယ်”

"သုံးရက်လား။ အဲဒါ ဘာအဓိပ္ပာယ်လဲ” ဆံပင်အဝါနှင့်လူက စိတ်ရှုပ်ထွေးစွာမေးသည်။

"မင်းက ငတုံးလား” နောက်ထပ် ဆံပင်တိုနှင့်လူက ဝင်ပြောသည်။ "အဲဒါ ဘာအဓိပ္ပာယ်လို့ မင်းထင်လို့လဲ။ အဲဒါ အဲဒီသုံးရက်အတွင်း အစ်ကိုဖုန်းက သူတို့ကို သူခိုင်းချင်တာမှန်သမျှ ခိုင်းလို့ရတယ်လို့ လိုဆိုတာပဲ”

ထိုစကားများ၏အဓိပ္ပာယ်ကို အခြားသူများအားလုံး နားလည်ကြပေသည်။

"ဟားဟားဟား…” ဂူဖန်းဖုန်းက ရယ်မောလိုက်ပြီး "ဟုတ်တယ်။ အဲဒီသုံးရက်မှာ ငါကြိုက်တာလုပ်လို့ရတာပဲ။ ဟုန်လီက

ငါ့ကိုရိုက်ဖို့ လူတွေငှားတယ်လေ။ သူ့ကြောင့် ငါ့ခြေထောက် တစ်ဖက်ကျိုးသွားမှတော့ ငါလည်း သူ့ခြေထောက်နှစ်ဖက်ကို ပြန်ချိုးပစ်ရမှာပေါ့။ ပြီးတော့ အဲဒီခွေးမ နီနီ။ ငါသူ့ကို အခွင့်အရေးပေးခဲ့တာတောင် သူက ဘယ်ဟာကောင်းလဲဆိုး လဲမသိဘူး။ ဒီတစ်ခါ ငါသူ့ကို ကောင်းကောင်းနှိပ်စက်ပစ်ဦး မယ်"

အဆုံးတွင် ဂူဖန်းဖုန်း၏စကားများမှာ စိတ်အားထက်သန် မှုနှင့် အေးစက်မှုအချို့ရှိနေခဲ့သည်။ ကလဲ့စားချေရခြင်း၏ ရင်ဖိုပီတိဖြစ်မှုကိုတွေးရင်း သူအလွန်စိတ်လှုပ်ရှားသွားသည်။ သူ၏မျက်လုံးများတွင် အပြုံးတစ်ခုရှိပြီး စီးကရက်တစ်လိပ် ကိုထုတ်၍ မီးညှိကာ တစ်ဖွာရှိုက်လိုက်၏။

"ဟဲဟဲ နီနီက အသားဖြူဖြူ ချစ်စရာမျက်နှာလေးနဲ့ အရမ်းလှတယ်။ အစ်ကိုဖုန်းကတော့ ခံစားနိုင်တော့မယ်။ ကျွန်တော် တကယ်အားကျတယ်ဗျာ" ဆံပင်ဝါနှင့်လူက ပြုံး လိုက်သည်။

"အိုး" ဂူဖန်းဖုန်းက မျက်လုံးများကျဉ်းမြောင်းလိုက်ပြီး ထုလူအားကြည့်ကာ ပြောလိုက်သည်။ "မင်းက မြည်းစမ်းကြည့်ချင်လို့လား"

"ကျွန်တော်လား" ထိုလူ၏မျက်လုံးများမှာ ပြူးကျယ်သွားပြီး အနည်းငယ်စိတ်လှုပ်ရှားသွား၏။ သူ တုံ့ဆိုင်းစွာ မေးသည်။ "ကျွန်တော်လုပ်လို့ရလား"

"ရတာပေါ့" ဂူဖန်းဖုန်းက လှောင်ပြုံးလိုက်ပြီ "ဒီသုံးရက်အတွင်း အဲ့ခွေးမကို မမေ့နိုင်အောင် လုပ်ပစ်လိုက်မယ်။ မင်းတို့အားလုံး လာလို့ရတယ်"

"ဟားဟား ကျေးဇူးပါ အစ်ကိုဖုန်း" ဆံပင်ဝါနှင့်လူက ရယ်သည်။

"ကျေးဇူးပါ အစ်ကိုဖုန်း" လီချန်းလည်း ရယ်သည်။

သူသည် ဤကဲ့သို့သော အပြန်အလှန်ဆက်နွယ်မှုမျိုးကို အလွန်နှစ်သက်၏။ ၎င်းက သူ့အား အစ်ကိုဖုန်းနှင့် ပို၍ ရင်းနီး

စေသည်။ ထို့ပြင် နီနီသည် ကလေးမလေးတစ်ယောက်ပမာ ချစ်စရာမျက်နှာလေးဖြင့် အလွန်လှပကြောင်း သူကြား ဖူးသည်။

သူ၏နတ်သမီး ဇီယန်၏နှလုံးသားအား အနိုင်မယူနိုင်မှ တော့ ထိုမိန်းမလှလေးထံမှာ နှစ်သိမ့်မှုအချို့ရနိုင်ပေသေး သည်။

ခဏကြာအောင် စကားပြောပြီးနောက် ဂူဖန်းဖုန်းက လီချ န်းအား ကြည့်ကာ ရုတ်တရက် ပြောလိုက်သည်။ "မင်းရဲ့ ကုမ္ပဏီမှာရော လက်တလော ဆော်ချောချောလေးတွေမရှိဘူး လား။ ဘာလို့ မင်းဆီက ဘာမှမကြားရတာလဲ"

"အာ…" လီချန်းက ခဏလောက်တန့်သွားပြီး ပြောလိုက် သည်။ "ရှလောယွီက မဆိုးပါဘူး။ အစ်ကိုသိပါတယ်"

"သူမက သာမန်ပါပဲ။ သူမနဲ့ခဏလောက်ကစားပြီးရင် ပျော်ဖို့မကောင်းတော့ဘူး။ သူ့ကိုထားလိုက် တခြားတစ် ယောက်ရှိလား" ဂူဖန်းဖုန်းက မေးသည်။

"ဟင့်အင်း" လီချန်း ခေါင်းခါသည်။ ရုတ်တရက် သူ ဇီယန် အားတွေးမိသွားသည့်အခါ သူ၏မျက်လုံးများ တောက်ပသွား သည်။

သူမအား ကျောထောက်နောက်ခံပြုထားသူ ဟုန်ချီထောင် မှာ ဂူဖန်းဖုန်းနှင့်တွေ့သည့်အခါ ကြောင်ရှေ့ရောက်သည့် ကြွက်တစ်ကောင်ပမာဖြစ်နေသည်။

ဂူဖန်းဖုန်းသာ ဇီယန်အား ဖြုတ်ချရန်ကြိုးစားပါက သေချာပေါက် သူမ ခံနိုင်ရည်ရှိမည်မဟုတ်ချေ။

ဟစ်...

၎င်းကိုတွေးရင်း လီချန်း၏နှလုံးခုန်သံမှာ မြန်ဆန်လာ သည်။ သူအလွန်စိတ်လှုပ်ရှားသွားကာ အမြန်ပြောလိုက်၏ "အိုး ဟုတ်သားပဲ။ တစ်ယောက်တော့ရှိတယ်။ သူမက နတ်သမီးလေးလိုပဲ ရင်သပ်ရှုမောစရာအလှလေး။ အစ်ကိုသူမ အကြောင်း ကြားဖူးမှာပါ"

"အိုး ဘယ်သူများလဲ" ဂူဖန်းဖုန်းနှင့် အခြားသူများမှာ စိတ်ဝင်စားသွားပြီး မျက်လုံးများ တောက်ပသွား၏။

"ဇီယန်" လီချန်းက စိတ်လှုပ်ရှားစွာ ပြန်ပြောသည်။ သူ၏အသံပင် အနည်းငယ်တုန်ယီနေ၏။

"ဇီယန်လား။ သူမက မင်းတို့ကုမ္ပဏီမှာလုပ်နေတာပေါ့" ဂူဖန်းဖုန်းမှာ လက်တလောရေပန်းစားနေသည့်သီချင်းများကို နားထောင်ရင်း ဇီယန်၏ခေတ်ပုံများကို တွေ့ခဲ့ရသည်အား ရုတ်တရက် သတိရသွားသည်။ ယခင်ကလည်း သူမအား သတိထားမိကာ တကယ့်နတ်သမီးလေးတစ်ပါးအဖြစ် အသိအမှတ်ပြုခဲ့၏။

"သူမက မင်းတို့ကုမ္ပဏီမှာလုပ်နေတာ ဘာလို့ငါ့ကို အစောကြီးကတည်းက မပြောတာလဲ" ဂူဖန်းဖုန်းမှာ ပြောနေရင်း လီချန်းအား စိုက်ကြည့်လိုက်သည်။

"အဲဒါက... သူမပြန်ရောက်တာ တစ်လတောင်မကြာသေးဘူး။ ကျွန်တော်လည်း မကြာခင်ကမှ သတင်းကြားခဲ့တာ" လီချန်းက အမြန်ဖြေသည်။

"အဲလိုလား" ဂူဖန်းဖုန်း မျက်လုံးများကိုကျဉ်းမြောင်းလိုက်ပြီး ပြုံးကာပြောသည်။ "သူမဆို မဆိုးဘူး။ ငါသဘောကျတယ်။ သူမကို အခုချက်ချင်းဆက်သွယ်ပြီး ဒီကိုလာခိုင်းလိုက်"

"အဲ...ကျွန်တော် အဲ့လိုလုပ်လို့မရဘူး" လီချန်းမှာ ခါးသီးစွာပြုံးလိုက်ပြီး "သူမက ကုမ္ပဏီမှာ အတော်လေးသြဇာညောင်းတယ်။ ငါသူ့ကို ရန်စလို့မရဘူး။ အိုးဟုတ်သားပဲ။ သူ့ကိုကျောထောက်နောက်ခံပြုထားတာ ဟုန်ချီထောင်လို့တော့ ကြားတယ်"

"ဟုန်ချီထောင်လား။ မင်းကား အဲဒါကို သြဇာ လို့ခေါ်တာလား။ ဟားဟားဟား...."

ဂူဖန်းဖုန်းက အထင်သေးစွာ ရယ်မောလိုက်၏။ ထိုအလှလေးမှာ သူ့အတွက်သေချာနေပြီဟု ခံစားရကာ ပြောလိုက်

သည်။ "မနက်ဖြန်ချိန်းလိုက်။ ငါ သူမကိုဖိတ်တယ်လို့သာ ပြောလိုက်ပါ”

"ကောင်းပြီ ဒါဆို ကျွန်တော် မနက်ဖြန် ကြိုးစားကြည့်လိုက်ပါမယ်။ ဒါပေမယ့် သူမရဲ့စရိုက်ကို ကျွန်တော်သိတယ်... သူမ သဘောမတူမှာတော့ ကျွန်တော်စိုးရိမ်မိတယ်။ ကျွန်တော် ကျရှုံးသွားရင် ဘယ်လိုလုပ်မလဲ” လီချန်းက မေးသည်။

"မင်းကျရှုံးလည်း ကိစ္စမရှိဘူး။ အဲလိုဆို ငါကိုယ်တိုင်လုပ်မယ်။ ဒေါ်သနဲ့မိန်းမလှလေးမျိုးကို ငါသဘောကျတယ်။ အလျင်စလိုလုပ်စရာမလိုပါဘူး။ နီနီနဲ့ကိစ္စပြီးမှ သူမဆီသွားတာပေါ့” ဂူဖန်းဖုန်းက ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

ထိုနောက် လူတိုင်းမှာ ၄င်းတို့ဝယ်ယူခဲ့သည့် ပြိုင်ကားများအကြောင်း သို့မဟုတ် အပျော်စီးလှေများအကြောင်းကဲ့သို့သော အခြားသောအကြောင်းအရာများကို ပြောဆိုနေကြတော့သည်။

သူ၏ ကြင်နာလွန်းသောသူငယ်ချင်း လီချန်း၏အသိပေး ပြောဆိုမှုကြောင့် သူသည် အန္တရာယ်ရှိသည့်လမ်းကြောင်းကို လျှောက်လှမ်းမိတော့မည်အား ဂူဖန်းဖုန်း မသိခဲ့ချေ။

အားလုံးမှာ အချင်းချင်း စကားပြောနေကြ၏။

လူတစ်ယောက်က ဘေးသို့တစ်ချက်ကြည့်လိုက်ရင်း အံ့အားသင့်သွားခဲ့သည်။

ထိုနောက် သူ ပြောလိုက်သည်။ "ဟမ် ဟိုမှာ လူတချို့ ရုပ်ရှင်ရိုက်နေကြတယ်ထင်တယ်"

"ရုပ်ရှင်ရိုက်နေတာလား"

အားလုံးလှမ်းကြည့်လိုက်ကြ၏။

သိပ်မဝေးသည့်အတွက် ထိုလူများ၏လှုပ်ရှားမှုများကို ရှင်းရှင်းလင်းလင်းမြင်နေရသည်။

သူတို့လှမ်းကြည့်လိုက်သည့်အချိန်တွင် လီမိုအခန်းတံခါး မှာ ပွင့်လာ၏။ သူတို၏အကြည့်များအောက်တွင် ခရစ်စတယ်

ဝတ်စုံ၊ ဆံပင်ရှည်ရှည်၊ ငွေသရဖူနှင့် မိန်းမလှလေးတစ်ယောက် ဖြည်းညှင်းစွာ လျှောက်လှမ်းထွက်လာသည်။

"သူမက အရမ်းမိုက်တာပဲ" ဆံပင်တိုတိုနှင့် ခပ်ဝဝလူ၏မျက်လုံးများ တောက်ပသွားသည်။

"ဖူး…"

လီချန်းသည် ထိုလူများမှာ ရင်းနှီးနေသည်ကို တွေ့လိုက်ရသည်။ "အဲဒါ ကုမ္ပဏီက ဆရာမားတို့အဖွဲ့မဟုတ်လား။ ပြီးတော့ အဲဒါ ဇီယန်ရဲ့ Bugatti ပဲ။ ပြီးတော့ အဲဒီမိန်းမလှလေး…"

"သူမက ဇီယန်ပြ" လီချန်းမှာ နှစ်ကြိမ်ချောင်းဆိုးလိုက်ပြီး ပြောသည်။

"အဲဒါ ဇီယန်လား" ဂူဖန်းဖုန်းမှာ သူမအား မျက်လုံးမှေးကာ ကြည့်လိုက်၏။ သူမ၏မျက်နှာအား ရှင်းရှင်းလင်းလင်း မ

မြင်ရသော်လည်း ခရစ်စတယ်ဝတ်စုံနှင့် သရဖူကြောင့် ဒဏ္ဍာရီထဲမှာ မင်းသမီးလေးတစ်ပါးနှင့် တူနေသည်။

"တိုက်ဆိုင်လိုက်တာ။ ဒါက ရေစက်ပဲ။ လီချန်း သူမကို ငါတို့နဲ့အတူသောက်ဖို့ ဖိတ်လိုက်" ဂူဖန်းဖုန်းက အမိန့်ပေးသည်။

"အဲ...ကျွန်တော်တစ်ယောက်တည်းလား" သူမ မလာမှာစိုးမိတယ်" လီချန်းသည် ဗီယန်ကြောင့် အနည်းငယ် စိတ်ခာတ်ကျနေခဲ့ရ ဤအချိန်တွင် သူတုံ့ဆိုင်းသွား၏။

"သူမက မင်းတို့ကုမ္ပဏီမှာလုပ်နေတာကို မင်းမဖိတ်နိုင်ဘူးလား။ မင်းအဖေက ဥက္ကဌအတုလား" ဂူဖန်းဖုန်းက သူ့အားစိုက်ကြည့်သည်။

"ကောင်းပြီ ကျွန်တော် သူမကို ဖိတ်လိုက်မယ်"

လီချန်း မတ်တပ်ထရပ်ကာ လျှောက်သွားရင်း အောက်ထပ်သို့ဆင်း၍ သူမအားဖိတ်ရန် အဆင်သင့်ဖြစ်နေသည်။

"ငါလည်း သွားကြည့်ဦးမယ်" ဆံပင်တိုနှင့် ဖတ်တီးက သူ့နောက်မှလိုက်သွားသည်။

လီချန်းသူ့အားကြည့်လိုက်ပြီး ဘာမှမပြောချေ။

သူယုံကြည်မှုမရှိပေ။

သူလုပ်နိုင်ပါမည်လား။

-အခန်း(၃၅၁)ပြီး

wunzinnosp

## အခန်း(၃၅၂-က) မျက်လုံးနက်များ(၁)

"မင်းတို့ ငါနဲ့လိုက်ခဲ့"

အောက်ထပ်သို့ဆင်းလာသည့်အခါ လီချန်းက အဝတွင်ရပ်နေသော ဂူဖန်းဖုန်း၏သက်တော်စောင့်လေးယောက်အား ပြောလိုက်သည်။

တစ်ခါတစ်ရံ သက်တော်စောင်များမှာ အခြိမ်းအဟန့်ဖြစ်စေသည်။ သူသည် သူမအား ပထမဆုံး ဖော်ဖော်ရွေရွေဖိတ်ခေါ်ရန် စီစဉ်ထား၏။ အကယ်၍မအောင်မြင်ခဲ့ပါက သက်တော်စောင့်များဖြင့် ခေါ်သွားရပေမည်။

သူပြောလိုက်ပြီးသည့်နောက်တွင် လူလေးယောက်မှာ သူ့အား မထူးမခြားနားတစ်ချက်ကြည့်လိုက်ပြီး မလှုပ်မယှက်ပင်။

လီချန်း၏နှုတ်ခမ်းများ အနည်းငယ်တုန်ခါသွားပြီး အကူအညီမဲ့စွာ ပြောလိုက်သည်။"အဲဒါ မစ္စတာဂူရဲ့အမိန့်ပဲ။ ကောင်မလေးတစ်ယောက်ကို သွားဖိတ်ခေါ်မလို့ ငါနဲ့လိုက်ခဲ့”

"အဲ့မှာရပ်မနေနဲ့တော့ မြန်မြန် ငါတို့နဲ့လိုက်ခဲ့” ဖက်တီးက ပြောလိုက်သည်။

သက်တော်စောင့်တစ်ယောက်က ခေါင်းညိတ်ကာ ဖုန်းကို ထုတ်၍ ညွှန်ကြားချက်တောင်းဆိုလိုက်သည်။ ခွင့်ပြုချက်ရရှိပြီးနောက်တွင် သူတို့ မနီးမဝေးရှိ ရိုက်ကူးရေးနေရာသို့ လိုက်သွားကြသည်။

ထိုအချိန် အရှေ့၌…

ဇီယန်သည် လမ်းမဘေးတွင် တစ်ယောက်တည်းရပ်နေပြီး သူမ၏ဘေးတွင် ကင်မရာများချိန်ထားသည်။

"ဇီယန် ရှေ့ကိုတည့်တည့်ကြည့်လိုက်။ ပြေပြေပြစ်ပြစ်လေးပဲ မင်းသမီးလေးလိုမျိုး တည့်တည့်လေးရပ်မယ်။ အဲ့အတိုင်းလေး ထိန်းထား။ ပြုံးလိုက်ရင် ပိုကောင်းမယ်။ ဒါပေမယ့် အရမ်းကြီးလည်း မပြုံးနဲ့။ ခပ်ရေးရေးလေးပဲပြုံး။ ဟုတ်ပြီ အဲ့အတိုင်းလေးပဲ သရီး တူး ဝမ်း အက်ရှင်"

သူ၏အမိန့်အတိုင်း ဇီယန်မှာ မျက်နှာထက်ရှိ အပြုံးမပျက်ဘဲ ရှေ့သို့ ဖြည်းညှင်းလှပစွာ လျှောက်သွားသည်။

သူမ ခြေလှမ်းတစ်ဒါဇင်ခန့်လျှောက်သွား၏။

"ကောင်းတယ်" ဆရာမားက ချီးကျူးကာ ပြောတယ်" မင်းကိုယ်တိုင် သရုပ်ဆောင်ကောင်းတစ်ယောက်ဆိုတာ သက်သေပြပြီးပြီ။ ကိုယ်ဟန်အနေအထားနဲ့ အမူအရာက

ပြည့်စုံတယ်။ ကောင်းပြီ နောက်တစ်စင်းရိုက်မယ်။ ဇီယန် မင်းရဲ့ဝတ်စုံကို ညာလက်နဲ့ နည်းနည်းလေးမလိုက်ပါ။ ဒီတစ်ခါ တက်ကြွတဲ့ကောင်မလေးတစ်ယောက်လို ပျော်ရွှင်ပြီးပြုံးနေလိုက်။ ဟုတ်ပြီ ပြေးမယ် ခုန်မယ် လှည့်မယ်"

"အိုကေ" ဇီယန် ခေါင်းညိတ်လိုက်သည်။

ထိုနောက် သူမကိုယ်သူမ ပျော်ရွှင်အောင် ကြိုးစားလိုက်၏။

"သရီး တူး ဝမ်း..."

ဆရာမားက အက်ရှင် ဟုပြောခါနီးတွင် သူ၏နောက်ဘက်မှ ခေါ်သံထွက်လာသည်။

"ဆရာမား ဒီမှာ MV ရိုက်နေတာလား"

အားလုံး လှည့်ကြည့်လိုက်ရာ လီချန်းဦးဆောင်သည့်လူစုအား တွေ့လိုက်ရသည်။

မိန်းကလေးများနှင့် ပရောပရည်လုပ်တတ်သည့် လီချန်းအား ကြည့်မရသောကြောင့် ဆရာမားမှာ ရုတ်တရက် နှောင့်ယှက်ခံလိုက်ရပြီး မပျော်မရွှင်ဖြစ်သွားသည်။ သူ မှုန်မှိုင်းသောအမူအရာဖြင့် ပြန်ပြောလိုက်၏။ "ဟုတ်တယ် အားလုံးပဲ အဆင်သင့်ပြင်ပါ"

"နေပါဦး ရိုက်ကွင်းကို ရပ်လိုက်" လီချန်းက အမြန်ပြောသည်။

"မင်းဘာလုပ်နေတာလဲ" ဆရာမားက ခေါင်းလှည့်ကာ သူ့ရှေ့ရှိ လီချန်းအား ကြည့်လိုက်၏။ သူ မကျေမနပ်ဖြစ်နေသော်လည်း တည်ငြိမ်စွာ ပြောလိုက်သည်။ "မစ္စတာလီ ငါတို့ ဒီနေ့ည အလုပ်တွေအများကြီးရှိတယ်။ ဒါပြီးရင် နောက်ထပ် ငါးနေရာသွားရဦးမှာ"

ဆိုလိုရင်းမှာ "မင်းက ငါတို့အဖွဲ့ထဲကမဟုတ်ဘူး။ ထွက်သွားလို့မရဘူးလား" ဟူ၍ပင်။

လီချန်းက လုံးဝဂရုမစိုက်ဘဲ ပေါ့ပေါ့ပါးပါးပြုံးလိုက်သည်။ သူက လက်ကိုဝှေ့ယမ်းကာ ပြောလိုက်သည်။ "ရိုက်ကူးရေး ခဏလောက်နှောင့်နှေးသွားတာ ဘာမှကြီးကြီးမားမားမဟုတ်ပါဘူး"

ဆရာမား မျက်မှောင်ကြုတ်လိုက်ပြီး ဘယ်လောက်ကြာမှာလဲ မေးလိုက်ချင်သော်လည်း လီချန်း၏ဘေးနားရှိ ခပ်ဝဝလူက ဝင်ပြောလိုက်သည်။

"ဒီအလှလေးက ဇီယန်လား။ သူမက တကယ်လှတာပဲ။ ဟိုနောက်က ဗီလာမှာ အစ်ကိုဖုန်းက သော်ကနေတာ။ သူက မင်ကိုဖိတ်ချင်နေတယ်လေ။ အလှလေး ကျေးဇူးပြုပြီး ကြွပါ"

ထိုစကားကိုကြားသည့်အခါ ဆရာမား အံ့အားသင့်သွားကာ ဘာမှမပြောတော့ချေ။

သူတို့က အဲဒီလူကို အစ်ကိုဖုန်းလို့ခေါ်နေပြီးတော့ ကောင်မလေးကိုဖိတ်ခိုင်းလိုက်တယ်။ သူက သေချာပေါက် သြဇာကြီးတဲ့လူဖြစ်ရမယ်...

သူသည် ရိုက်ကူးရေးအဖွဲ့၏ခေါင်းဆောင်တစ်ယောက်သာဖြစ်ပြီး လူချမ်းသာသခင်လေးများကို ရန်မစရဲချေ။

တစ်ချိန်တည်းမှာပင် သူစိတ်ထဲ၌ သက်ပြင်းချမိ၏။

မိန်းမလှလေးတွေက အန္တရာယ်များတယ်...

လှပသောမိန်းကလေးများသည် အမြဲတမ်း ရန်စများ၏အရင်းမြစ်ဖြစ်သည်။

ဆရာမားက စိတ်ထဲမှ သက်ပြင်းချလိုက်သော်လည်း ဇီယန်သည် သူမ၏သက်တော်စောင့်များနှင့်အတူလာခဲ့သည့်အတွက်သူဘာမှပြောစရာမလိုတော့ချေ။

လူတိုင်း၏အာရုံစိုက်မှုအောက်တွင် ဇီယန်က ခေါင်းကိုအသာယမ်းကာ အေးစက်စွာငြင်းလိုက်၏။

"ကျွန်မ အစ်ကိုဖုန်းကို မသိဘူး”

"ဇီယန်" လီချန်းက သက်ပြင်းချလိုက်ပြီး သူမအား နားချရန်ကြိုးစားသည်။ "မင်းဘာလို့ ခေါင်းမာနေတာလဲ။ ငါမင်းနဲ့ သူငယ်ချင်းဖြစ်ဖို့ သုံးခါတောင်ဖိတ်ခဲ့တယ်။ အခု..."

"ကြောင်သူတော်ကြွက်သူခိုး။ ဒီလိုစကားမျိုးပြောတာ အရှက်မရှိဘူးလား" ကျိုးဖေးက အနောက်ဘက်မှ သူ့အား သရော်လိုက်၏။

လီချန်း ထိုစကားကိုကြားပြီး ကြောင်အသွား၏။

"အိုး ကြည့်ရတာ မင်းက ဒီမှာ သိပ်ပြီးလူကြိုက်မများဘူးထင်တယ်" ခပ်ဝဝလူက ဟာသလုပ်သည်။

သူ၏အဆင့်အတန်းသည် လီချန်းထက်ပိုမြင့်ကာ ဤကဲ့သို့မြင်ကွင်းမျိုးကိုကြည့်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်း၏။

"လီချန်းရဲ့အဖေက ဘုတ်အဖွဲ့ဝင်တစ်ယောက်ပေမယ့် သူက ဒီလောက်လဲ သြဇာကြီးတဲ့ပုံမပေါ်ဘူး။ သူ့ကုမ္ပဏီက

ဝန်ထမ်းတွေကတောင် သူ့ကို မျက်နှာချင်းဆိုင် လှောင်ပြောင်ရဲတယ်”

ခပ်ဝဝလူ၏စကားကြောင့် လီချန်းအနည်းငယ် ရှက်ရွံ့သွားကာ သူ၏မျက်နှာပေါ်ရှိ အပြုံးလည်း တဖြည်းဖြည်း ပျောက်ကွယ်သွား၏။ သူက ကျိုးဖေးအား ကြည့်လိုက်ပြီးနောက် ဇီယန်ကိုပြန်ကြည့်သည်။

"ဇီယန် မင်းရဲ့နောက်လိုက်လေးကို ပါးစပ်စည်းစောင့်ခိုင်းပါ”

"သူမပြောတာ အမှန်တွေပဲ” ဇီယန်က မျက်ကိုးလှလှလေးများကို ခပ်လိုက်ပြီး လေးနက်စွာပြန်ပြောသည်။

ဇီယန်သည် လီချန်းကဲ့သို့ ကြောင်သူတော်အား မုန်းတီး၏။

သူမ၏စကားကြောင့် နေရာရှိဝန်ထမ်းများမှာ ရယ်မောလှနီးပါးဖြစ်သွားသည်။

သူမက စကားသိပ်မပြောပေမယ့် ပြောပြီဆိုရင်လည်း အချိုကြီးပဲ။

ငှင်းက လီချန်းအား ဒေါသထွက်သွားဟော၏။

"မင်းငါ့ကို မျက်နှာပျက်အောင်လုပ်နေတာလား”

သူအံကိုကြိတ်ကာ ပြောလိုက်သည်။ "မင်းသွားမှာလား မသွားဘူးလား။ အဲဒီအစ်ကိုဖုန်းဆိုတာ ဘယ်သူလဲ မင်းကိုအရင်ပြောပြလိုက်မယ်။ သူ့နာမည်အပြည့်အစုံက ဂူဖန်းဖုန်းတဲ့။ သူ့ဦးလေးက တကယ့်အကောင်ကြီးကြီးတစ်ယောက်ပဲ။ ဟုန်ချီထောင်တောင်မှ သူ့ကို လေးစားရတာ။ မကြာသေးခင်ကလည်း ဟုန်ချီထောင်က သူ့ဦးလေးကို လူကိုယ်တိုင်တောင်းပန်ခဲ့ရတယ်လို့ကြားတယ်။ အသေးစိတ်တော့မပြောတော့ဘူး။ မင်းကိုပြောချင်တာက အစ်ကိုဖုန်းက ဒီနေ့စိတ်ကောင်းဝင်နေပြီးတော့ မင်းကိုဖိတ်ချင်နေတာ။ ဟိုနားကဗီလာမှာ လူတစ်ဒါဇင်လောက်ပဲ ပါတီပွဲလုပ်နေကြတာ။ ခဏလောက်သွားထိုင်ပြီး နောက်မှပြန်ရိုက်လို့ရတယ်။ ဘာမှထိခိုက်မှာမဟုတ်ဘူး”

"စိတ်မကောင်းပါဘူး။ ကျွန်မငြင်းတယ်" ဇီယန်က သူနှင့် စကားမပြောသဖြင့် တိုက်ရိုက်ပင် ငြင်းဆန်လိုက်၏။

လီချန်း ၎င်းကြောင့် ကြက်သေသေသွားသည်။

သူ၏ဘေးနားရှိ ဖက်တီးမှာလည်း အံ့အားသင့်သွားပြီး ရယ်မောရ၍ လက်ခုပ်တီးကာပြောသည်။ "အိုး ကောင်းတယ်။ အလှလေး မင်းက ဒေါသကြီးတာပဲ။ ဒါပေမယ့် အလှလေးတွေ ရဲ့စကားက အမြဲတမ်းမှန်တယ်။ ဟားဟား... ဘယ်လောက် ပြည့်စုံလိုက်တဲ့ ကောက်ကြောင်းလဲ။ အချိုးအကွေ့လေးတွေ ကို ကြည့်ပါဦး ဟီးဟီး"

ဖက်တီးမှာ ဇီယန်အား ချီးကျူးရင်း အထက်အောက်စုံဆန် ကြည့်သည်။

သို့သော် သူ၏စကားများက လန်ယုအား မျက်မှောင်ကြုတ်သွားစေသည်ကို သူမသိလိုက်။ သူမသည် တင်းမာသွားပြီး သူ့အား အေးစက်စက်စိုက်ကြည့်ကာ ညာ

လက်အား တိုက်ခိုက်ရန်အဆင့်သင့်ဖြစ်အောင် ပြုလုပ်ထားလိုက်၏။

သူတို့၏တာဝန်မှာ ဇီယန်အား ကာကွယ်ရန်ဖြစ်သည်။ ကျန်းဟန်က သူတို့အား ဘာမှမပြောလိုက်သော်လည်း ကျောက်ဖုန်းက ပြောလိုက်သည်။

"ဘယ်သူကမှ သူဌေးကတော်ကို မနှောင့်ယှက်စေနဲ့။ နှောက်ယှက်တဲ့သူ ဘယ်သူပဲဖြစ်ဖြစ် သူ့ကို တန်းပြီးသာ တိုက်ခိုက်လိုက်”

ဖက်တီးသည် ထိုအကြောင်းများကိုမသိချေ။ သူက ခေါင်းညိတ်ရင်း ပြောလိုက်၏။ "အလှလေး ငါတို့နဲ့လိုက်ခဲ့ပါ။ အစ်ကိုဖုန်းက စိတ်ကောင်းဝင်နေပြီး မင်းနဲ့သူငယ်ချင်းဖြစ်ချင်ရုံပဲ။ သူက မင်းကိုဖိတ်ဖို့ ငါတို့ကိုခိုင်းလိုက်တာ။ မင်းသာ ငါတို့ရဲ့ဖိတ်ခေါ်မှုကို ငြင်းလိုက်ရင် သူငါတို့ကို အပြစ်တင်လိမ့်မယ်။ ငါ့နောက်က သက်တော်စောင့်တွေကိုကြည့်လိုက်။ သူတို့က အစ်ကိုဖုန်းရဲ့…”

သို့သော် သူ၏စကားမဆုံးခင်မှာပင်...

"တိုက်ခိုက်"

လန်ယွဲ့က လက်ဟန်ပြလိုက်သည်နှင့် သူမဘေးနားရှိ အမျိုးသမီးနှစ်ယောက်နှင့် ကျန်သုံးယောက်မှာ တပြိုင်နက်တည်း ပြေးတက်လာကြသည်။

သူတို့သည် အလွန်လျင်မြန်လှပြီး အသက်သုံးကြိမ်ရှူစာအတွင်း၌ ဖက်တီးထံသို့ နီးကပ်သွားသည်။

ဖက်တီးမှာ ထိတ်လန့်သွားပြီး အနည်းငယ်စိတ်ရှုပ်ထွေးသွား၏။

"အဲဒါဘာအဓိပ္ပာယ်လဲ"

"ဒီမိန်းမတွေက ငါ့ကိုရိုက်ချင်တာလား"

ကံကောင်းထောက်မစွာဖြင့် သူတို့နောက်မှ သက်တော်စောင့်များမှာ ကောင်းစွာလေ့ကျင့်ထားကြသူများဖြစ်ကြသည်။ ထိုအချိန်တွင် သူတို့သည် အမျိုးသမီးများအား

အေးစက်စွာကြည့်လိုက်ပြီး ရှေ့သို့တက်သွားပြီး ဖက်တီးနှင့် လီချန်းတို့အား သူတို့၏နောက်ဘက်တွင် ပို့ထားလိုက်သည်။

"ဗုစ် ဗုစ် ဗုစ် ဘန်း ဘန်း ဘန်း"

ထိုအမျိုးသမီးများ၏တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရချိန်တွင် သက်တော်စောင့်လေးယောက်မှာ ခုခံကာကွယ်ခဲ့ပြီး သူတို့၏ဘက်သီးချက်များကို ပိတ်ဆို့၍ အလွယ်တကူ ရိုက်ချရန် ကြိုးစားလိုက်ကြသည်။

-အခန်း(၃၅၃-က)ပြီး

wunzinnosp

## အခန်း(၃၅၂-ခ) မျက်လုံးနက်များ(၂)

သို့သော် သူတို့၏စိတ်ကူးမှာ လှပသော်လည်း လက်တွေ့အဖြစ်သည်ကား ရက်စက်လှ၏။

ထိုသက်တော်စောင့်များမှာ ၎င်းတို့၏လက်သီးများကိုခုခံရန် ဘယ်လက်များအား မြှောက်လိုက်ပြီး ညာလက်ဖြင့်တိုက်ခိုက်ရန်အသင့်ဖြစ်နေကြပြီဖြစ်သည်။

သို့သော် လက်သီးများ ကျဆင်းလာသည့်အချိန်တွင်တော့...

"ဖြောင်း"

တခဏအတွင်းမှာပင် သူတို့၏ဘယ်ဘက်လက်များမှာ တန်ချိန်များစွာဖြင့် ထုရိုက်ခံလိုက်ရသလို ခံစားလိုက်ရ၏။

လက်သီးဖြင့်အထိုးခံရသည့်နေရာများမှာ အလွန်နာကျင်လှသည်။

ထိုနောက် သူတို့ ထုံကျင်လာ၏။

၎င်းမှာ အချိန်အတန်ကြာ စကွက်ထိုင်ထားသဖြင့် ခြေထောက်များ ထုံကျင်လာသကဲ့သို့ပင်။

သူတို့၏နာကျင်မှုမှာ ထိုထက် ဆယ်ဆမက ပို၍ကြီးမား ပြီး သူတို့၏လက်များအား သူတို့မပိုင်ဆိုင်တော့ဟုပင် ခံစား လိုက်ရသည်။

"ဘာလဲ။ ဒီစွမ်းအားက ဘာကြီးလဲ"

သက်တော်စောင့်များမှာ အလွန်ထိတ်လန့်သွားကြပြီး ထို အမျိုးသမီးများအား အံ့သြတကြီး ကြည့်လိုက်ကြသည်။

သူတို့သည် သူမတို့၏ပြိုင်ဘက် လုံးဝမဖြစ်နိုင်မှန်းသိ လိုက်သဖြင့် နောက်ပြန်ဆုတ်ချင်လာသည်။

သို့သော် သူတို့ ခြေလှမ်းတစ်ဝက်နောက်ပြန်ရွေ့လိုက် သည့်အချိန်၌ ဒုတိယမြောက်လက်သီးချက်များ လျှင်မြန်စွာကျ ဆင်းလာ၏။

ဤတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရသည့်အခါ လူလေးယောက် မှာ ခုခံရန် ညာလက်များကိုဆန့်ထုတ်လိုက်ရုံသာရှိတော့သည်။

ထိုအချိန်တွင် သူတို့မှာ ထက်မြက်လာပြီး နောက်ပြန်ဆုတ်ရန်အတွက် လက်ဖဝါးများဖြင့် ခုခံရင်း အားယူရန်ကြံစည်ခဲ့ကြသည်။

သို့သော်...

"ဖြောင်း ဖြောင်း ဖြောင်း"

သူတို့၏မျက်နှာအား ဖြတ်ရိုက်လိုက်သကဲ့သို့ လက်သီးချက်များက လက်ဖဝါးများအား ထိတွေ့သွားပြီး ထုံကျင်သွားကြပြန်သည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ"

ထိုအမျိုးသမီးများ မည်သို့လုပ်လိုက်သည်ကို သူတို့စဉ်းစားနိုင်ကြချေ။

နောက်အခိုက်အတန့်တွင်တော့ ထိုအမျိုးသမီးများက သူတို့အား အကြိမ်အနည်းငယ် ကန်သွင်းလေသည်။ အခြား

သူများ၏အမြင်တွင်တော့ သူတို့၏လှုပ်ရှားမှုများမှာ ဆန်းသစ်လှပနေခဲ့သည်။

ထိုအချိန်တွင် အရိုက်ခံ အကန်ခံရသူများအတွက်တော့ ဆိုးရွားလှသည့်နာကျင်မှုကို ခံစားနေကြရ၏။

ကန်ချက်အနည်းငယ်ပြီးနောက် သူတို့ နောက်သို့ခြေလှမ်း ခုနှစ်လှမ်း ရှစ်လှမ်းခန့်ဆုတ်လိုက်ရပြီး မြေကြီးပေါ်ထိုင်ကျသွားကြသည်။

ထိုမြင်ကွင်းက အနားရှိဝန်ထမ်းများအား ထိတ်လန့်သွားစေသည်။

"အဲဒီယောက်ျားတွေရော မိန်းမတွေရောက သက်တော်စောင့်တွေမဟုတ်လား။ ဒါပေမယ့် ဘယ်လိုဖြစ်လို့ ယောက်ျားတွေက မိန်းမတွေကို ရှုံးသွားတာလဲ”

"သူတို့က အရမ်းအစွမ်းထက်တယ်”

လူတိုင်း စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်ကြပြီး အမျိုးသမီးအများစုမှာ အလွန်ဂုဏ်ယူသွားကြ၏။

"မိန်းမတွေက ယောကျ်ားတွေလောက်မတော်ဘူးလို့ ဘယ်သူပြောတာလဲ”

ဇီယန်နှင့် ကျိုးဖေးပင် အနည်းငယ်အံ့အားသင့်သွားကြသည်။

သူမတို့က ဤမျှအစွမ်းထက်လိမ့်မည်ဟု မမျှော်လင့်ထားကြချေ။

ဇီယန်၏မျက်လုံးများတွင် သိချင်စိတ်အချို့ရှိနေ၏။ "အရမ်းထူးဆန်းတယ်။ ကျောက်ဖုန်းနဲ့အားဟူက အစွမ်းထက်တယ်”

"လန်ယွဲ့အပါအဝင် မိန်းကလေးခြောက်ယောက်ကလည်း အစွမ်းထက်ကြတယ်”

"သူတို့က လုံခြုံရေးကုမ္ပဏီမှာလုပ်နေပြီးတော့ ရှောင်ဖုန်းက တာဝန်ယူထားတာ။ သူတို့အားလုံးက အံ့သြစရာတွေချည်းပဲ"

"ရှောင်ဖုန်းက ကျန်းဟန်ရဲ့တပည့်"

"အဲဒါဆို... ကျန်းဟန်က သူတို့ထက်ပိုပြီး အစွမ်းထက်နေတာလား"

ထိုအကြောင်းကိုတွေးရင်း ဇီယန်အနည်းငယ် အံ့အားသင့်သွား၏။

"ကျန်းဟန်က အရမ်းအစွမ်းထက်တာလား။ သူက ရှောင်ဖုန်းရဲ့ဆရာဆိုမှာတော့ သူအစွမ်းထက်မှာပဲ"

ဇီယန် စဉ်းစားနေသည့်အချိန်မှာပင် လန်ယွဲ့က လီချန်းနှင့် ဖက်တီးထံသို့ လျင်မြန်စွာရောက်သွားသည်။

လူနှစ်ယောက်မှာ ရုတ်တရက် သတိပြန်ဝင်လာ၏။

"မင်းဘာလုပ်နေတာလဲ” ဖက်တီးက ဒေါသတကြီး မေးသည်။

"ငါ့နားမလာနဲ့” လီချန်းက အော်သည်။

သူတို့နှစ်ယောက် နောက်သို့ဆုတ်ရင်း ပြောနေကြသော်လည်း ထိုအမျိုးသမီး၏လက်သီးက သူတို့၏မျက်စိရှေ့တွင် တဖြည်းဖြည်း ပို၍ပို၍ ကြီးမားလာသည်ကို တွေ့လိုက်ရသည်။

ဘန်း ဘန်း

သူတို့၏မျက်လုံးများကို ထိုးလိုက်ပြီးနောက် လန်ယွဲ့က သူတို့အား ကန်ထုတ်လိုက်သည်။

"ထွက်သွား” လန်ယွဲ့က မြေပြင်ပေါ်ရှိလူများကို ကြည့်ကာ အေးစက်စက်ပြောလိုက်၏။

သူမ၏ကြောက်လန့်ဖွယ်အသံကိုကြားသည့်အခါ လီချန်း၊ ဖက်တီးနှင့် သက်တော်စောင့်များမှာ အမြန်ထကာ ပြန်ပြေးကြသည်။

"အိုက်ယား ငါ့ညာဘက်မျက်လုံးအရမ်းတာတယ်။ ဖွင့်လို့မရတော့ဘူး" လီချန်းက နာကျင်စွာပြောသည်။

"ငါ့ဘယ်ဘက်မျက်လုံးလည်း မဖွင့်နိုင်တော့ဘူး။ ငါ့ရှေ့က ဟာတွေတောင် ကောင်းကောင်းမမြင်ရဘူး။ ငါ့မျက်လုံးကန်းသွားပြီလား" ဖက်တီးမှာ စိုးရိမ်တကြီးပြောသည်။

"ငါကြည့်ပေးမယ်။ ဘာမှမဖြစ်ပါဘူး။ သွေးမထွက်ဘူးရယ်။ မျက်ကွင်းညိုရုံပဲရှိတာ"

"မင်းလည်း မျက်ကွင်းညိုနေတာ"

"..."

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ငိုချင်လာ၏။

တကယ်တမ်းတွင် သူတို့သည် နာကျင်မှုအား ခံနိုင်ရည်ရှိပြီး မှုန်ဝါးဝါးဖြစ်သွားရုံလောက်သာရှိသည်။ ရက်အနည်းငယ်အတွင်း ပြန်ကောင်းသွားပေလိမ့်မည်။ သို့သော် မျက်ကွင်းညိုနေသည့်ပုံစံများဖြင့် အခြားသူများနှင့်တွေ့ရန် မည်သို့သွားနိုင်ပါမည်နည်း။

သူတို့ ဗီလာ၏ဒုတိယထပ်ရှိ ဝရံတာသို့အမြန်သွားကြသည်။

လမ်းတလျှောက်တွင် တွေ့သူတိုင်းက သူတို့အား ထူးဆန်းစွာကြည့်ကြသည်။

"သူတို့ဘယ်သွားခဲ့တာများလဲ။ ဘာလို့မျက်ကွင်းတွေညိုနေတာလဲ"

"မင်းတို့နှစ်ယောက်ဘာဖြစ်တာလဲ" ဂူဖန်းဖုန်းက မျက်မှောင်ကြုတ်ကာ မေးသည်။

"ကျွန်တော်တို့အရိုက်ခံရတာ။ အဲဒီအလုပ်လေးက သက်တော်စောင့်တွေရှိတယ်။ သူတို့က ရိုက်လိုက်တာ" ဖက်တီးက ဗလုံးဗထွေးပြောသည်။

"မင်းဘာပြောလိုက်တာလဲ" ဂူဖန်ဖုန်းက ရုတ်တရက် ထရပ်ကာ မည်းမှောင်နေသည့်မျက်နှာဖြင့် ပြောလိုက်သည်။ "သွားရအောင်"

သူပြောလိုကြီး အပြင်ထွက်ရန်ပြင်သည်။ သို့သော် ခြေလှမ်းနှစ်လှမ်းခန့်လျှောက်သွားပြီးနောက်တွင် လက်နှစ်ဖက်ဖြင့် မျက်နှာအားအုပ်ထားသည့် သက်တော်စောင့်လေးယောက်ကိုမြင်လိုက်ရာ ခြေလှမ်းတန့်သွားသည်။ သူ တုံ့ဆိုင်းစွာဖြင့် မေးလိုက်၏။ "မင်းတို့လည်း သူတို့နဲ့လိုက်သွားတာလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့လည်း အရိုက်ခံရတယ်" သူတို့ထဲက တစ်ယောက်က ခါးသီးသည့်အပြုံးဖြင့်ပြောသည်။

"သူတို့မှာ အရမ်းတော်တဲ့မိန်းကလေးသက်တော်စောင့်ခြောက်ယောက်ရှိတယ်။ ကျုပ်တို့ သူတို့နဲ့မယှဉ်နိုင်ဘူး"

"ဟမ်" ဂူဖန်းဖုန်း အံ့အားသင့်သွား၏။

တကယ်တမ်းတွင် သူသည် ဤသက်တော်စောင့်လေးယောက်အား ငှားရမ်းရန် ငွေအမြောက်အများအကုန်အကျခံခဲ့ရသည်။

"မင်းတို့ကောင်တွ မိန်းမလေးခြောက်ယောက်ကိုတောင်မနိုင်ဘူးလား။ အသုံးကိုမကျဘူး" ဆံပင်အဝါနှင့်လူကလှောင်ပြောင်လိုက်ကာ ဂူဖန်းဖုန်းအားကြည့်၍ ပြောသည်။ "အစ်ကိုဖုန်း သူတို့ကို သွားတိုက်ခိုက်ရအောင်"

"ဂလု..."

ဂူဖန်းဖုန်း တံတွေးမြိုချလိုက်သည်။

နောက်ဆုံးတစ်ခေါက်က သူခြေထောက်ကျိုးသွားသည်ကို သတိရမိသည်။

"ငါတို့မှ သူတို့နဲ့မယှဉ်နိုင်တာ ဘာလို့အဲဒီကို သွားနေမှာလာ။ အသေခံဖို့လား"

"မင်းဘာသာတစ်ယောက်တည်းသွား" ဂူဖန်းဖုန်းက ဒေါသတကြီးပြောလိုက်ပြီး သက်တော်စောင့်လေးယောက်အား လက်ဝှေ့ယမ်းပြလိုက်သည်။ "မင်းတိုသွားလို့ရပြီ"

"ဟုတ်ကဲ့" သက်တော်စောင့်များမှာ ခေါင်းညိတ်ကာ ထွက်သွားကြ၏။

ထိုနောက် လီချန်းနှင့် ဖက်တီးတို့မှာ ထိုင်လိုက်ကြည်။

"အစ်ကိုဖုန်း ကျုပ်တို့က ဘာမှမဆိုင်ပဲ အရိုက်ခံရတာလား" ဖက်တီးက မျက်လုံးများကိုပွက်ကာ မေးသည်။

"မဟုတ်ရင်ရော"

"ဒါဆို အဲ့ဒါပဲလား" လီချန်းမှာ ၎င်းကို ကြိတ်မှိတ်လက်မခံနိုင်ဖြစ်နေသည်။

သူသည် ကုမ္ပဏီမှလူတော်တော်များများ၏မျက်စိရှေ့တွင် အရိုက်ခံလိုက်ရ၏။ နောင်တွင် သူကုမ္ပဏီသို့သွားသည့်အခါ အရှက်ကွဲစရာပင်။

"ဘယ်လိုလုပ် အဲဒါနဲ့ပြီးမှာလဲ" ဂူဖုန်းဖုန်းက မျက်လုံးများကိုမှေးကာ ပြောလိုက်သည်။ "ရက်အနည်းငယ်ကြာရင် ငါ့အဖေက ငါ့အမေရဲ့ မွေးနေ့ပါတီလုပ်လိမ့်မယ်။ အဲဒီပွဲကို ဖျော်ဖြေရေးနယ်ပယ်ကလူတွေအကုန်လုံးနီးပါးလာလိမ့်မယ်။ လီချန်း ငါ့အဖေကို မင်းအဖေဆီဖုန်းဆက်ပြီး မင်းတို့ကုမ္ပဏီကလူတချို့ကိုလာဖို့ဖိတ်ခိုင်းလိုက်မယ်။ အဲဒီအချိန်ကျရင်တော့ ငါသူတို့ကို ကောင်းကောင်းလေး ဆက်ဆံပေးလိုက်ရမှာပေါ့..."

"ကောင်းတယ်" လီချန်း ခဏလောက်စဉ်းစားလိုက်ပြီး ခေါင်းညိတ်သည်။

-အခန်း(၃၅၃-ခ)ပြီး

wunzinnosp

## အခန်း(၃၅၃) ချိုမြိန်သည့်ဘဝ

ရိုက်ကွင်းတွင်...

လီချန်းနှင့် အခြားသူများထွက်ပြေးသွားသည့်အခါ အခင်းဖြစ်ရာနေရာရှိ ဝန်ထမ်းများ၏မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာသည်။ သူတို့ တစ်ယောက်ကိုတစ် ယောက်ကြည့်ကာ ဆွေးနွေးကြတော့သည်။

"ဝိုး သူတို့က အံ့ဩဖို့ကောင်းလိုက်တာ။ အကွက်နည်း နည်းလေးနဲ့ သူတို့ကို ရိုက်ပစ်လိုက်တယ်"

"သူတို့ရဲ့လှုပ်ရှားမှုတွေက အရမ်းမိုက်တာပဲ"

"မစ္စတာလီ မျက်ကွင်းညိုသွားတာ။ ဟားဟား ဒီ အတောအတွင်း သူကုမ္ပဏီကို လာမှမဟုတ်လောက်ဘူး"

"..."

ဆရာမားပင်လျှင် ဤအချိန်၌ ဘာပြောရမှန်းမသိတော့ ချေ။ သူသည် ဇီယန်၊ ကျိုးဖေး၊ လန်ယွဲ့နှင့် အခြား

သက်တော်စောင့်များကိုကြည့်လိုက်ပြီး တံတွေးမျိုချလိုက်မိ၏။

ကျိုးဖေးက လန်ယွဲ့နှင့် အခြားသူများထံ ပြေးသွားကာ သူတို့အား အထက်အောက်ကြည့်ရင်းပြောသည်။ "ဝါး... နင်က အရမ်းအစွမ်းအထက်တာပဲ။ အံ့သြဖို့ကောင်းလိုက်တာ”

"နင်ဘယ်လိုလုပ် ဒီလောက်သန်မာနေတာလဲ။ ဘယ်သူသင်ပေးတာလဲ။ နင်က ယောကျ်ားလေးဘော်ဒီဂတ်တွေထက် ပိုပြီးသန်မာတယ်”

"ကြည့်ပါဦး။ နင့်ခန္ဓာကိုယ်က အရမ်းချိုးကျပြီး လှပေမယ့် ခွန်အားကျတော့ အရမ်းကြီးတယ်”

ကျိုးဖေးမှာ အလွန်အံ့အားသင့်နေပြီး ချီးကျူးမဆုံးဖြစ်နေသည်။

ဇီယန်သည် ၎င်းမြင်ပြီးနောက် ပြုံးလိုက်၏။ သူမ လန်ယွဲ့နှင့်အခြားသူများအား သဘောကျစွာကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

ထိုနောက် ဆရာမားဘက်သို့ကြည့်ကာ ပြောလိုက်၏။ "ဆရာမား ဆက်ရိုက်ရအောင်လေ"

ယနေ့ည လုပ်ရမည့်အလုပ်များမှာ အများကြီးကျန်သေးပေသည်။ ရိုက်ကူးရေးပြီးပါက စောစောပြန်ကာ နားချင်ပြီး မနက်ဖြန်နေ့လည်တွင် အခြားအလုပ်များကို ဆက်လုပ်ရပေမည်။ ဤရက်ပိုင်း သူမ အလွန်အလုပ်များ၏။

"အိုး ကောင်းပါပြီ ဆက်ရိုက်ကြမယ်။ ခုတ်ပုံဆရာ ရှုထောင့်ကောင်းကောင်းရှာပါ။ အိုကေ... အဆင်သင့်ဖြစ်ပြီ..."

အားလုံး အလုပ်ဆက်လုပ်ကြ၏။

ထိုနောက်ပိုင်းတွင် မည်သူမျှ လာမနှောင့်ယှက်တော့ချေ။ ဂူဖန်းဖုန်းသည် ပြီးသည့်အကြိမ်က အရိုက်ခံရပြီးကတည်းက

သင်ခန်းစာရသွားခဲ့သည်။ ဇီယန်အား အတင်းအကြပ်ခေါ်ချင်သော်လည်း သူမ၏သက်တော်စောင့်များအား မနိုင်သည့်အတွက်ကြောင့် မသွားတော့ချေ။

သို့သော် ယခုတော့ သူ့တွင် ပန်းတိုင်တစ်ခုရှိနေပြီဖြစ်ကာ ဤပွဲအား အလေးအနက်ထား၍ ကစားသွားပေမည်။ သူ၏ဦးလေး ဂူချွမ်းလုံမှာ အစွမ်းအထက်ဆုံးလူဖြစ်ကြောင်း သူအသေအချာယုံကြည်၏။ သူပြဿနာတစ်ခုခုဖြစ်လျှင်ပင် သူ၏ဦးလေးက ဖြေရှင်းပေးပေလိမ့်မည်။

တစ်နာရီကျော်ကြာရိုက်ကူးပြီးနောက် အားလုံး ကာပေါ်တက်ကာ မြောက်ပိုင်းဧရိယာရှိ တစ်နေရာသို့သွားကြသည်။ နောက်ပိုင်းရိုက်ကူးရေးများအား သူတို့ ငါးနာရီမထိုးအချင်းမနားကြချေ။

"ကောင်းပြီ ဒီနေ့အတွက် အလုပ်တွေပြီးပြီ။ ပြန်ပြီးအနားယူလိုက်ကြပါ။ မနက်ဖြန် နေ့လည်သုံးနာရီမှာ ဆုံကြ

မယ်။ မမေ့ပါနဲ့” ရိုက်ကူးရေးပြီးနောက် ဆရာမအားက အားလုံး ကိုပြောသည်။

"ဝိုး နောက်ဆုံးတော့ပြီးသွားပြီ။ အိပ်ခင် မနက်စာစား ရအောင်”

"အိုကေ ငါ ယာဂုသောက်ချင်တယ်”

"မင်းတို့သွားလိုက်ပါ။ ငါတော့အရမ်းအိပ်ချင်နေပြီ။ ပြန် အိပ်တော့မယ်”

"...”

ဝန်ထမ်းများမှာ အချင်းချင်းစကားပြောကြသည်။

ထိုအချိန်တွင် ဇီယန်သည် အစောပိုင်းက သူမဝတ်ထား သည့်အဝတ်အစားများကိုလဲကာ လီမိုခန်းထဲမှ ထွက်လာခဲ့ သည်။

သူမသည် ပန်းရောင်ဖျော့ဖျော့ဦးထုပ်ကိုဆောင်း ထားသည်။ သူမ အားလုံးအား လက်ဇွေ့ယမ်းကာ နှုတ်ဆက်

လိုက်၏။ "အားလုံး ကြိုးစားခဲ့ကြပါတယ်။ ကျေးဇူးပါ။ ဘိုင့်ဘိုင့်..."

"အဲဒါတွေပြောဖို့မလိုပါဘူး ရပါတယ်" ဆရာမားက ပြုံးသည်။

အခြားသူများကလည်း ပြန်၍ လက်ပြနှုတ်ဆက်ကြ၏။

"ဘိုင့် အစ်မဇီယန်။ ဘိုင့် အစ်မကျိုးဖေး"

"အစ်မဇီယန် ဂရုစိုက်ပြန်ပါ"

"..."

လူတိုင်း၏အကြည့်များအောက်တွင် ကျိုးဖေးနှင့် ဇီယန်က Bugatti Veyron ပေါ်တက်ကာ လန်ယွဲ့နှင့်အခြားသူများက Mercedes-Benz ပေါ်သို့တက်၍ လဆန်းပင်လယ်ကွေ့သို့ ဦးတည်သွားကြ၏။

"ငါသူ့ကို အရင်ပြောလိုက်ရမလား"

ဇီယန်သည် အိတ်ထဲမှ ဖုန်းကိုထုတ်ကာ ခဏမျှစဉ်းစားလိုက်၏။ ထိုနောက် သူမ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

ငါးနာရီထိုးနေပြီဖြစ်၍ ကျန်းဟန်လည်း အိပ်နေလောက်ပေပြီ။ ထို့ကြောင့် သူမ ထိုစိတ်ကူးကိုပယ်ဖျက်လိုက်ခြင်းပင်။

"သီချင်းဖွင့်လိုက်ပါဦး" ဇီယန်က သူမ၏ထိုင်နေသည့်အနေအထားကို ပြင်လိုက်သည်။

ကျိုးဖေးက ရေဒီယိုအား ပေါ့ပေါ့ပါးပါးပင် ဖွင့်လိုက်သည်။ သီချင်းမှာ အလှပဆုံးမျှော်လင့်ချက်ဖြစ်၏။

"အိပ်မက်ကနေနိုးလာတဲ့အခါ.... မင်းအချစ်ကို ကိုယ်ဆုပ်ကိုင်ထားမယ်......."

ဇီယန်သည် ကိုယ့်သီချင်းကိုယ်နားထောင်နေရင်း ပြတင်းပေါက်အပြင်ဘက် ရှုခင်းကိုငေးကြည့်ကာ မှိန်းမောသွား၏။

သူမသည် တစ်ညလုံးအလုပ်လုပ်ထားရပြီးဖြစ်ကာ ယခုပင် အာရုဏ်တက်တော့မည်ဖြစ်သည်။ သို့သော် သူမ အိပ်ငိုက်ခြင်းမရှိချေ။ အနည်းငယ် ပင်ပန်းနေရုံသာ။ ထို့ကြောင့် သူမ ထိုင်ခုံတွင် ပျင်းရိစွာမှီထိုင်ရင်း ခြေပစ်လက်ပစ်နေလိုက်၏။

နာရီဝက်ကျော်ကြာပြီးနောက် သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်လာခဲ့သည်။

ဇီယန်နှင့် ကျိုးဖေးတို့ ကားပေါ်မှဆင်းပြီးနောက် လန်ယွဲ့ကာ သူမတို့အား နှုတ်ဆက်ကာ ကုမ္ပဏီသို့ပြန်သွားသည်။

"တံခါးသော့ခတ်ထားတယ်ထင်တယ်။ အဲ့လိုဆိုရင် ငါတို့ အထဲဝင်လို့မရတော့ဘူး" ကျိုးဖေးက ဆိုင်တံခါးအား စိုက်ကြည့်ကာ ပြောသည်။

"ငါ့မှာ သော့ရှိတယ်" ဇီယန်က အိတ်ကပ်ထဲမှ သော့တွဲကို ထုတ်ကာ ခါယမ်းပြလိုက်၏။

တံခါးဆီလျှောက်သွားပြီး ကြည့်လိုက်ရာ သော့ခတ်ထားသည်ကို လုံးဝမတွေ့ရ။

ဒါကြောင့် ဇီယန်လည်း တံခါးကိုတွန်းဖွင့်ကာ အသာဝင်သွဦးလိုက်၏။ သူမ အသံသိပ်မထွက်ချေ။

သူမတို့နှစ်ယောက်ဝင်လာသည်။ ဇီယန်က ခြေလှမ်းတစ်လှမ်း လှမ်းပြီးနောက် လှမ်းကြည့်လိုက်၏။

မီးဖိုချောင်ထဲတွင် အလုပ်လုပ်နေသည့်ပုံရိပ်တစ်ခုကိုမြင်လိုက်ရပြီး ဇီယန်အံ့အားသင့်သွား၏။

"သူ...သူ အိပ်ရာထပြီလား"

"သူ မီးဖိုချောင်းထဲမှာ ဘာလုပ်နေတာလဲ။ ငါ့အတွက်မနက်စာပြင်နေတာလား"

သူမ ကျန်းဟန်၏ပုံရိပ်အား ကြည့်နေရင်း ရုတ်တရက် ငိုချင်လာ၏။

သူမ၏မျက်ဝန်းများတွင် မျက်ရည်များ ဝေ့ဝဲလာသည်။

သူမ ရင်ထဲထိသွား၏။

သူမ၏နှလုံးသားလေးမှာ အရည်ပျော်သွားလာသည်။

"မင်းပြန်လာပြီပဲ" ကျန်းဟန်က သူမတို့နှစ်ယောက်အား လှမ်းကြည့်ကာ ပြုံး၍ပြောလိုက်သည်။ "ခဏလောက် နား လိုက်ဦး။ ကိုယ် ပေါက်စီပေါင်းထားတယ်။ နောက်ဆယ်မိနစ် လောက်နေရင် အဆင်သင့်ဖြစ်ပြီ"

ကျန်းဟန်သည် ဝက်သား၊ အမဲသား၊ ကြက်သွန်မြိတ်နှင့် ကြက်ဥတို့ကို သုံးမျိုးတွဲကာ ပေါက်စီပြုလုပ်ထားသည်။ အသားတစ်မျိုးနှစ်မျိုးနှင့် အသီးအရွက်တစ်မျိုးတွဲကာ အစာ သွတ်ထားခြင်းဖြစ်၏။

ကျောက်ဖုန်းနှ၍် အခြားသူများမှာ တောင်ပေါ်ရှိ ဟင်း ချက်စရာများအား ကုန်သွားသည့်အခါတိုင်း ပြန်ပြန်ဖြည့်ထား သည့်အတွက် ကျန်းဟန်မှာ သူစားချင်သည့်အခါတိုင်း လုပ်စား နိုင်လေသည်။ ဝက်သားစားချင်သည့်အသာ ဝက်တစ်ကောင် သတ်ကာ ဝက်သားစားပွဲလုပ်နိုင်ပေသည်။

ဇီယန်သည် အောက်နှုတ်ခမ်းကိုအသာကိုက်ကာ မျက်လုံးဝိုင်းကြီးများအား မှိတ်တုတ်မှိတ်တုတ်လုပ်လိုက်သည်။ သူမ မျက်ရည်စများကို ထိန်းလိုက်ပြီး အိတ်ကို ဆိုဖာပေါ် ချလိုက်၏။

"ငါ အပေါ်ထပ်သွားပြီး မျက်နှာသစ်လိုက်ဦးမယ်"

ကျိုးဖေးသည် ဇီယန်၏အမူအရာကိုကြည့်ရင်း သူတို့နှစ်ဦးတွင် ကိစ္စများရှိရမည်ဟု ခံစားမိသဖြင့် အပေါ်ထပ်သို့ အမြန်တက်သွား၏။

ဇီယန်သည် မီးဖိုခန်းထဲသို့ လျှောက်သွားကာ ကျန်းဟန်၏ဘေးနားတွင် ရပ်လိုက်၏။

ကျန်းဟန်မှာ ပေါက်စီလေးများအား လုပ်နေဆဲဖြစ်သည်။ ဇီယန် အနားကပ်လာသည်ကို မြင်သည့်အခါ သူ ရပ်တန့်လိုက်ပြီး ဇီယန်ကို ပြုံးကာ ကြည့်လိုက်သည်။

"ကျွန်မကို ဖက်ပါဦး" ဇီယန်သည် နီရဲရဲနှုတ်ခမ်းလေးများ ကို တွန့်ကွေးကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ပြောလိုက်၏။

"အမ်… ကိုယ့်ခန္ဓာကိုယ်မှာ ဂျုံမှုန့်တွေနဲ့" ကျန်းဟန်က သူမအား သတိပေးသည်။

သူ၏ခါးမှ အေပရွန်နှင့် လက်များတွင် ဂျုံမှုန့်များရှိနေ သဖြင့် သူမအား ပွေ့ဖက်လိုက်ပါက သူမ၏အဝတ်အစားများ ကို ပေသွားပေလိမ့်မည်။

"ကျွန်မကိုဖက်ပါ" ဇီယန်က ထပ်ပြောသည်။

"အင်း" ကျန်းဟန်က ပြုံးကာ လက်မောင်းနှစ်ဖက်အား ဖြန့်လိုက်၏။

အလှလေးမှာ အလွန်အကောင်းမြင်စိတ်ပြည့်နေ၏။ သူမ သည် ကျန်းဟန်အား တင်းကျပ်စွာ ပွေ့ဖက်ထားပြီး မျက်လုံး များကိုမှိတ်ကာ ကျန်းဟန်၏လည်ပင်းအား ညင်သာစွာ နမ်း လိုက်၏။

သင်းပျံ့၍ ယောက်ျားဆန်သည့် ရနံ့က သူမအား ပူလောင်သွားစေသည်။

"ရှင်ရှိနေတာ အရမ်းကောင်းတာပဲ" ဇီယန်သည် ကြောင်မလေးတစ်ကောင်ပမာ ကျန်းဟန်၏လက်မောင်းထဲသို့တိုးဝင်ရင်း နူးညံ့စွာပြော၏။

"မင်းက ကိုယ့်ရဲ့ဘောဘီလေးပဲ" ကျန်းဟန်က ညင်သာစွာပြောလိုက်သည်။ သူ၏မျက်ဝန်းများတွင် ကြင်နာမှုများပြည့်နေ၏။

"ရှင့်ကိုချစ်တယ်"

သူမ၏ခေါင်းကို နောက်ပြန်ဆုတ်ကာ ခြေဖျားထောက်၍ ရပ်လိုက်ပြီး ကျန်းဟန်၏နှုတ်ခမ်းများအား ခပ်ဖွဖွဆွဲနမ်းလိုက်၏။

သုံးကြိမ်နမ်းလိုက်ပြီးနောက် သူမရပ်တန့်ကာ ကျန်းဟန်၏လည်ပင်းအား လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။

သူမ ခေါင်းမော့ကာ ကျန်းဟန်အား တောက်ပသည့် မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်နေ၏။

အကယ်၍ မျက်လုံးများမှ လျှပ်စစ်ဓာတ် ထုတ်လွှတ်နိုင်လျှင် ဤအခိုက်အတန့်၌ သူတို့ထုတ်လွှတ်သော ဓာတ်အားမှဦးစားသောက်ဆိုင်အား တစ်နေ့တာလုံး ဓာတ်အားထောက်ပံ့ပေးနိုင်ပေလိမ့်မည်။

"မင်း တစ်ညလုံးအလုပ်လုပ်ခဲ့တာ။ ပင်ပန်းနေပြီလား” ကျန်းဟန်က မျက်လုံးများကို အနည်းငယ်မှေးလိုက်ပြီး နူးညံ့စွာ ပြုံး၍ မေးလိုက်သည်။ ""ခဏလောက် အရင်သွားထိုင်ဦး။ အနက်စာစားပြီးရင် ကောင်းကောင်းနားလိုက်။ ပြီးရင် အိပ်ရာမဝင်ခင် ကိုယ်မင်းကို နှိပ်ပေးမယ်”

ဤအခိုက်အတန့်တွင် သူမ အလွန်ပျော်ရွှင်ကြည်နူးနေမိ၏။

ဤသို့ယောက်ကျားတစ်ယောက် သူမအား ရတနာတစ်ပါး သဖွယ်ထားခြင်း၊ အချစ်ခံရခြင်း၊ ဂရုစိုက်ခံရခြင်းက သူမအား ပို၍ပို၍ ပျော်ရွှင်ကြည်နူးစေသည်။

ကျန်းဟန်အား သူမ၏ခင်ပွန်းအဖြစ် ရရှိခြင်းမှာ အလွန် ကံကောင်းသည်ဟု ခံစားရသည်။

သူမ ဤကဲ့သို့ ချိုမြိန်သောဘဝကို သာယာယစ်မူးလာ၏။

ကျန်းဟန်သည် ဇီယန်နှင့် ကျိုးဖေးအတွက် ပေါက်စီသုံး ဗန်းပြုလုပ်ထားခဲ့ပြီး ၎င်းက သူမတို့နှစ်ဦးအတွက် လောက်င ပေသည်။

အစာသွတ်များအများအပြားရှိသေးသည်။ မုန့်မုန့် အိပ်ရာထ မျက်နှာသစ်ပြီးပါက သူမလေးအတွက် သူ မနက်စာ ပြင်ပေးမည်ဖြစ်သည်။

အစာသွပ်အများအပြားပြင်ဆင်ထားသည့်အတွက် ဗီအိုင်ပီအဖွဲ့ဝင်များသာမက သာမန်စားသုံးသူများပါ စောစောရောက်လာပါက ပေါက်စီစားရပေမည်။

-အခန်း(၃၅၃)ပြီး

wunzinnosp

## အခန်း(၃၅၄-က) စိတ်မဝင်စားဘူး(၁)

မိနစ်အနည်းငယ်ကြာပြီးနောက် ဇီယန်နှင့် ကျိုးဖေးတို့ ဒုတိယထပ်မှ ဆင်းလာခဲ့၏။ ဇီယန်သည် ပေါ့ပေါ့ပါးပါး ညအိပ်ဝတ်စုံကို လဲထားခဲ့သည်။

မနက် ငါးနာရီသာရှိသေးသဖြင့် စားသောက်ဆိုင်တွင် အပြင်လူမရှိပေ။ ထို့ကြောင့် သူတို့ ပေါ့ပေါ့ပါးပါး လမ်းလျှောက်လာကြသည်။

ဆယ်မိနစ်ခန့်ကြာပြီးနောက် ကျန်းဟန်သည် ပန်းကန်ပြားထဲတွင် ပေါက်စီသုံးဗန်းထည့်ကာ သူမတို့ရှေ့ရှိ လက်ဖက်ရည်စားပွဲပေါ် တင်လိုက်သည်။ ထိုနောက် ငရုတ်ဆီ၊ ပဲငံပြာရည်နှင့် ဗနီကာတို့ကို ယူလာ၏။

သူမတို့နှစ်ဦးမှာ ဟင်းခတ်များဖြင့် အချဉ်ရည်ပြုလုပ်ပြီး နောက် ကျန်းဟန်က ပန်းကန်ခွက်ယောက်များ၊ နို့နှစ်ခွက်၊ ကြက်ဥပြုတ်နှစ်လုံးနှင့် ဆန်ပြုတ်တို့ ယူလာသည်။

ထိုနောက် သူ ဇီယန်၏ဘေးတွင် ဝင်ထိုင်လိုက်၏။

"လှပလိုက်တဲ့မနက်စာ။ ကျေးဇူးပဲ ခဲအို" ကျိုးဖေးက ဝမ်းသာအားရပြောကာ သူမ၏တူများဖြင့် ပေါက်စီတစ်လုံးကို ချက်ချင်းကောက်ယူလိုက်သည်။

သူမသည် အပြင်ပိုင်းအား ခပ်သေးသေးကိုက်လိုက်ပြီး နောက် အတွင်းဘက်ရှိ အသားများကိုပေါ်လာစေသည်။ အသား၏မွှေးရနံ့က လှိုင်တက်လာ၏။

"အရမ်းမွှေးတာပဲ”

ကျိုးဖေး ယစ်မူးစွာ ညည်းညူရေရွတ်လိုက်သည်။

တစ်ညလုံးအလုပ်လုပ်ထားရပြီးနောက် မနက်ခင်းတွင် ဤကဲ့သို့အရသာရှိသော အစားသောက်ကိုစားရသည်က အမှန်တကယ် သာယာဖွယ်ကောင်းပေသည်။

သူမသည် အပြင်လွှာလေးတစ်ပိုင်းမရှိတော့သည့် ဖက်ထုပ်ကို အချဉ်ရည်ထဲနှစ်ကြိမ်နှစ်လိုက်ကာ ပါးစပ်ထဲ တန်း ထည့်လိုက်သည်။

၎င်းက သူမအား ပလုတ်ပလောင်းဖြစ်သွားစေသည်။

ဂျုံမှုန့်၏အနံ့အား သူမ ပထမဆုံးခံစားမိလိုက်သော်လည်း ကိုက်ဝါးလိုက်ပြီးနောက်တွင် အသား၏သန့်စင်သည့်မွှေးရနံ့နှင့်အတူ နူးညံ့မှုအား ခံစားလိုက်ရသည်။ ကျိုးဖေးမှာ လျှာ ကိုက်မိလုနီးပါးပင်။

"ဝိုး အရမ်းသာရှိလိုက်တာ။ ငါကြိုက်တယ်...”

ကျိုးဖေးမှာ ရေရွတ်ရင်း ဝါးနေတော့သည်။

တစ်လုံးစားပြီးနောက် သူ နောက်တစ်လုံးအား အမြန်ကောက်ယူကာ အပြင်လွှာအနည်းငယ်အား ကိုက်ထုတ်လိုက်ပြီး အချဉ်ရည်ထဲသို့နှစ်၍ တစ်ခုလုံးစားလိုက်ပြန်သည်။ သူမသည် ထိုသို့ ထပ်တလဲလဲလုပ်ရင်း သူမ၏မနက်စာအား ခံစားနေတော့၏။

ဧယန်သည်တော့ သူမထက် များစွာပို၍ အိန္ဒြေရသည်။ သူမ ဗိုက်ဆာနေသော်လည်း မြင်းတစ်ကောင်လိုတော့ မစား။

အလွှာအနည်းငယ်အား ကိုက်ကာ ဖက်ထုပ်အား အချဉ်ရည်ထဲနှစ်လိုက်ပြီး သုံးပုံတစ်ပုံကိုက်လိုက်သည်။ ထိုနောက်ကျန်သည့်အပိုင်းအား အရည်ရည်ဖြင့် ထပ်မံနှစ်လိုက်ပြီး ကျန်းဟန်၏ပါးစပ်ထဲသို့ ခွံ့ပေးကာ ပြောသည်။

"ရှင်လည်း နည်းနည်းစား”

"မင်းပဲစားပါ။ ကိုယ်က ပြီးမှ မုန့်မုန့်နဲ့ အတူစားလိုက်မယ်" ကျန်းဟန်က ခေါင်းယမ်းလိုက်၏။

ကျန်းဟန်သည် သူမတို့အတွက် လောက်ငမည်ဟု အစက ထင်ခဲ့သော်လည်း ကျိုးဖေး၏စားနေပုံကိုမြင်သည့်အခါ အနည်းငယ် မသေမချာဖြစ်သွား၏။ သူတို့ သုံးဗန်းလောက် ကုန်လိမ့်မည်ဟု သူ ခံစားမိနေ၏။

"အင်း စားပါ" ဇီယန်က နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

ကျန်းဟန်ပြုံးကာ ပေါက်စီလေးအား စားလိုက်၏။

ဤသို့ဖြင့် ကျိုးဖေးမှာ စားဖို့သာ အာရုံစိုက်ထားပြီး ဇီယန်နှင့်ကျန်းဟန်တို့က အတူတူစားကြသည်။ ဇီယန်သည် တစ်ခါတစ်ရံ ပေါက်စီတစ်ဝက်နှင့် ဆန်ပြုတ်အနည်းငယ်စားကာ တစ်ခါတစ်ရံ ကြက်ဥတစ်ဝက်ခန့်နှင့် နွားနို့အနည်းငယ် သောက်သည်။

သူတို့အလွန်ရှိမန်တစ်ဆန်လွန်းနေရာ သူမ၏ဘေး ပတ်ပတ်လည်မှာပင် သန်မာသည့်အချစ်အငွေ့အသက်များ ယစ်ဝဲနေသလို ကျိုးဖေးခံစားရ၏။ သူမ သူတို့အား ခေါင်း မော့၍ပင်မကြည့်ချင်တော့။

ခဏအကြာတွင် သူတို့ စားပြီးသွား၏။

ထို့ကြောင့် ကျိုးဖေဖေးက ဆိုဖာပေါ်သို့ ပျင်းရိစွာ မှီချလိုက် သည်။ သူမ လေချဥ်တက်ကာ ပြောလိုက်၏။

"အိုး....ကောင်းလိုက်တာ။ ငါ လှုပ်တောင်မလှုပ်ချင်တော့ ဘူး။ ဗိုက်ပြည့်သွားတော့ အရမ်းအိပ်ချင်လာပြီ"

"အပေါ်ထပ်က ဒုတိယအိပ်ခန်းမှာ သွားအိပ်ပါလား" ဇီ ယန်က ပြောသည်။

"အိုကေ ငါသွားအိပ်လိုက်တော့မယ်" ကျိုးဖေးက မငြင်း။ သူမ ခေါင်းညိတ်ကာ ဒုတိယထပ်သို့တက်သွား၏။

နေ့လည်ခင်းအထိ သူမ အိပ်ရာကထမည်မဟုတ်တော့။ ညနေ ၃ နာရီတွင် အပြင်သွားရဦးမည်ဖြစ်ရာ သူမ အိမ်ကိုပြန်ပြီးနားမနေတော့။ ထို့ပြင် သူမ အလွန်အိပ်ချင်နေပြီဖြစ်သည်။

ကျိုးဖေး အပေါ်ထပ်သို့တက်သွား၏။ ကျန်းဟန်လည်း ပန်းကန်ခွက်ယောက်များကို သန့်ရှင်းဆေးကြောလိုက်ပြီးနောက် ဇီယန်၏လက်ကိုဆုပ်ကိုင်ကာ

"ကိုယ်တို့လည်း အပေါ်ထပ်သွားရအောင်။ ကိုယ်မင်းကို နှိပ်ပေးမယ်"

"အင်း"

အိပ်ခန်းထဲသို့ဝင်လာပြီးနောက် ဇီယန်က ကုတင်ပေါ် လှဲလိုက်သည်။

ကျန်းဟန်က ခဏလောက်စဉ်းစားကာ ဇီယန်၏ညဝတ်အင်္ကျီအား မတင်လိုက်၏။

တကယ်တမ်းတွင် သူ အဝတ်အစားများပေါ်မှလည်း နှိပ်နယ်ပေးနိုင်လေသည်။

သို့သော် သူသည် သူမအား ၎င်းနှင့် အစကတည်းက ရင်းနှီးကျွမ်းဝင်နေစေချင်ခဲ့၏။

ကျန်းဟန် ပြုံးလိုက်ပြီး လက်ဖဝါးများဖြင့် သူမအား နူးညံ့ညင်သာစွာ စတင်နှိပ်နယ်ပေးလိုက်သည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ဇီယန်အိပ်ပျော်သွား၏။ အိပ်မပျော်ခင် "အင်း...အရမ်းသက်သောင့်သက်သာရှိတာပဲ” ဟု သူမ ရေရွတ်လိုက်သေးသည်။

နောက်ထပ် တစ်မိနစ်ခန့်ကြာပြီးနောက် ဇီယန်လုံးဝ အိပ်ပျော်သွားသည်ကိုတွေ့လိုက်ရပြီး ကျန်းဟန် သူမ၏အင်္ကျီအား ပြန်ဆွဲချကာ စောင်ဖြင့်ခြုံပေးလိုက်သည်။ ထို့နောက် ဘေးနားရှိ ထိုင်ခုံပေါ်သို့ သွားထိုင်လိုက်ပြီး ဖုန်းကိုဖွင့်ကာ ကြည့်နေလိုက်တော့သည်။

အချိန်မှာ ၆ နာရီ ၄၀ မိနစ်။

"ဖေဖေ မေမေ သမီးရှူးပေါက်ချင်တယ်” မုန့်မုန့်က နိုး လာခဲ့ပြီး အော်ခေါ်လိုက်သည်။

"ဖေဖေလာပြီ” ကျန်းဟန်က ဖုန်းကိုအမြန်ချလိုက်ပြီး မုန့် မုန့်ကိုပွေ့ချီကာ သန့်စင်ခန်းထဲသို့သွားလိုက်၏။

သူသည် မုန့်မုန့်အား မျက်နှာသစ်ရန်လည်း ကူညီပေးခဲ့၏။ မျက်နှာသစ်ပြီးနောက် မင်းသမီးလေးမှာ လန်းဆန်းလာခဲ့၏။

"ဖေဖေ မေမေက ဘာလို့မထသေးတာလဲ။ သူ့ကိုနှိုးလိုက် မယ်။ နေမြင့်နေပြီ” မုန့်မုန့်က လက်ကလေးကိုဝှေ့ယမ်းကာ လောဆော်လိုက်သည်။

"သမီးမေမေက ညက ကောင်းကောင်းမအိပ်ရသေးဘူး။ သူမ ကောင်းကောင်းအနားယူဖို့လိုတယ်” ကျန်းဟန်က ပြုံး လိုက်ပြီး မုန့်မုန့်၏ချစ်စရာမျက်နှာလေးကို လက်ဖြင့်ဖွဖွညှစ် ကာ ပြောလိုက်သည်။ "အောက်ထပ်သွားရအောင်။ သမီး ခဏ

လောက် ကာတွန်းကြည့်နေလိုက်။ ဖေဖေ သမီးစားဖို့ချက် လိုက်ဦးမယ်။ ဖေဖေတို့ ဒီနေ့ ဖက်ထုပ်လေးတွေစားကြမယ်”

"အမ်… မေမေ့ကို မနှိုးတော့ဘူးလား” မုန့်မုန့်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်၏။ သူမလေးသည် မေမေ့အား နှိုးရသည်ကို သဘောကျသည်။ ခဏလောက် စဉ်းစားလိုက်ပြီးနောက် သူမလေး ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ အောက်ထပ်ဆင်းပြီး ကားတွန်းကြည့်မယ်”

"သွားကြမယ်” ကျန်းဟန်က မုန့်မုန့်အား ရင်ခွင်ထဲပွေ့ချီ လိုက်၏။

မုန့်မုန့်သည် ယခုအချိန်၌ ခုန်ပေါက်ပြေးလွှားနိုင်သည့် အရွယ်ရောက်နေပြီဖြစ်သော်လည်း ကျန်းဟန်သည် သူမလေး အား သူ၏ရင်ခွင်ထဲတွင် ပွေ့ချီထားဆဲပင်။ သူမလေးသည် လား ဖေဖေ၏ပွေ့ချီထားခံရခြင်းကို သဘောကျ၏။ ဖေဖေနှင့် နီးနီးကပ်ကပ်နေရသည်ကို သူမလေး နှစ်ခြိုက်သည်။

နောက်ဆုံးတော့ ဖေဖေ့ကိုရှာတွေ့ခဲ့ပြီ။ ငါ သူ့ကို ထွက်သွားခွင့်မပေးတော့ဘူး...

"သွားကြမယ်" မုန့်မုန့်က ရေရွတ်လိုက်၏။

သူတို့ အောက်ထပ်ဆင်းလာပြီး ဆိုဖာပေါ်ထိုင်လိုက်ကြသည်။ ကျန်းဟန်က တီဗီဖွင့်လိုက်သော်လည်း ပိုနီဘဲကာတွန်းကား ပြသနေခြင်းမရှိချေ။ မုန့်မုန့်က "ဘာတွေလာနေတာလဲ" ဟု ရေရွတ်လိုက်သေး၏။

၎င်းမှာ အခြားကာတွန်းကားတစ်ခုဖြစ်သည်။ မင်းသမီးလေးမှာ ၎င်းကို နှစ်မိနစ်ခန့်ကြည့်လိုက်ပြီးနောက် သဘောကျလာ၏။

ကျန်းဟန်က မီးဖိုချောင်သို့သွားကာ ဖက်ထုပ်များအား အမြန်လုပ်လိုက်သည်။

ဗန်းအနည်းငယ်ပြုလုပ်လိုက် ပေါင်းလိုက်ဖြင့် နောက်ဆုံးတွင် ဗန်းနှစ်ဆယ်ကျော်ခန့် ပေါင်းထားလိုက်သည်။ ကျန်းဟန်

သည် မုန့်ဗန်းတစ်ဝက်၊ နို့တစ်ခွက်၊ ကြက်ဥတစ်လုံးနှင့် ဆန်ပြုတ်တစ်ပန်းကန်တို့ကို လက်ဖက်ရည်စားပွဲပေါ်တင် လိုက်ပြီးနောက် မုန့်မုန့်ကို မနက်စာခေါ်ကျွေးသည်။

ထိုအချိန်၌ ဗီအိုင်ပီအဖွဲ့ဝင်လေးယောက် ရောက်ရှိလာ၏။

သူတို့ကတော့ ဟောင်ကောင်တွင်ရှိနေသရွေ့ တစ်နေ့ သုံး နပ် ပုံမှန်လာစားကြမည့် ပီရာဆန်၊ ဝမ်ချန်းနှင့် ဝူလီယင်းတို့ ပင်။ ပီရာဆန်သည် ကောင်းမွန်သည့်ခန္ဓာကိုယ်ရှိကာ အရပ် ၁.၈ မီတာခန့်ရှိသည်။ ပုံမှန်အချိန်ဇယားဖြင့် အားကစားလည်း လုပ်လေ့ရှိသဖြင့် သူ၏ခန္ဓာကိုယ်မှာ အတော်လေးကျန်းမာ၏။

နောက်ဆုံးတစ်ယောက်မှာတော့ မနက်ပိုင်းတွင် တွေ့ရ ခဲ့သည် လင်းရွှယ်ပင်။

ဗီအိုင်ပီအဖွဲ့ဝင်များသည် အစားအသောက်အတွက် ဖက်ထုပ်များပေါင်းထားသဖြင့် အတော်လေးအံ့အားသင့်သွား ကြသည်။ ဘေးခြံမှ စီချွမ်စားသောက်ဆိုင်၏မန်နေဂျာနှင့်

ဝန်ထမ်းများအပါအဝင် သာမာန်စားသုံးသူများပင် ပို၍စိတ်လှုပ်ရှားနေကြ၏။

စောစောထတဲ့ငှက် အစာပိုရတယ် ဆိုသည့်စကားမှာ အဓိပ္ပာယ်ရှိလေသည်။

မနက်စာစားပြီးနောက် ၈ နာရီ ၄၀ မိနစ်ခန့်တွင် စားသောက်ဆိုင်မှာ တိတ်ဆိတ်သွားခဲ့သည်။ ကျန်းဟန်သည် ဆိုဖာပေါ်တွင် ထိုင်ကာ မုန့်မုန့်နှင့်အတူ ရီမုဒ်ကားအား ကစားနေခဲ့၏။

ရုတ်တရက် စားသောက်ဆိုင်၏ရှေ့ ကားပါကင်၌ Rolls-Royce Phantom ကားရှည်ကြီးတစ်စီး ရပ်တန့်သွား၏။

ကျန်းဟန်သည် ၎င်းကို သတိပြုမိပြီးနောက် စိုက်ကြည့်လိုက်၏။

အသက်ငါးဆယ်ကျော် ပိန်ပိန်ပါးပါး လူတစ်ဦးနှင့် ချောမောလှပသည့် အမျိုးသမီးတစ်ဦး ကားပေါ်မှဆင်းလာခဲ့

သည်။ သူတို့အား တံခါးဖွင့်ပေးသည့်လူမှာ သက်လတ်ပိုင်း အရွယ်အမျိုးသားဖြစ်၏။

သေသေချာချာကြည့်လိုက်ပြီးနောက် ကျွန်းဟန်သည် ပြီး ခဲ့သည့်အကြိမ် ယွမ်တင်းတောင်သို့သွားစဉ်က သူတို့သုံး ယောက်လည်း ထိုနေရာတွင်ရှိခဲ့ကြောင်း မှတ်မိသွားသည်။ သူ တို့မှာ ထောင့်ပိုင်းတွင် ထိုင်နေခဲ့ခြင်းဖြစ်သော်လည်း ထို နေရာ၌ လူအနည်းငယ်သာရှိခဲ့သည်။ ထို့ပြင် ၎င်းအဖြစ်အပျက် က ရက်အနည်းငယ်သာကြာသေးသည်ဖြစ်ရာ ကျွန်းဟန် သူတို့ အား ခဏအတွင်းမှတ်မိသွားသည်။

-အခန်း(၃၅၄-က) ပြီး

wunzinnosp

## အခန်း(၃၅၄-ခ) စိတ်မဝင်စားဘူး(၂)

ကားပေါ်မှဆင်းလာပြီးနောက် သူတို့ စားသောက်ဆိုင်တံခါးဆီသို့ လျှောက်လာကြသည်။ အထဲမဝင်ခင်တွင် ဟုန်ချီထောင်သည် သူ၏လည်စည်းအား တည့်တည့်ပြင်လိုက်၏။

ယနေ့တွင် သူသည် အပြာနုရောင်အနောက်တိုင်းဝတ်စုံနှင့် လည်စီးအား ဝတ်ဆင်ထား၏။

ထန်ကျားယီသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမ၏လက်ထဲတွင် သူတို့အိမ်ရှိ တန်ဖိုးအကြီးဆုံး အရက်နှစ်ပုလင်းပါရှိသည့် အိတ်ကို ကိုင်ထားသည်။

ဟုန်ချီထောင်သည် မျက်နှာထက်တွင် အပြုံးတစ်ခုဖြင့် တံခါးအား တွန်းဖွင့်လိုက်ပြီး အထဲသို့ဝင်လာသည်။ သူသည် အတွင်း ပတ်ဝန်းကျင်အား ကြည့်လိုက်ပြီး ဆိုဖာဆီသို့ တည့်တည့်လျှောက်သွား၏။

မုန့်မုန့်သည် သူမ၏ပြိုင်ကားလေးကို ရပ်တန့်လိုက်ပြီး လက်ထဲမှ ရီမုဒ်အား ဘေးသို့ချလိုက်၏။ သူမလေးသည် ခေါင်းလေးကိုလှည့်ကာ ထိုလူများအား စူးစမ်းလိုစိတ်ဖြင့် ကြည့်သည်။

"မင်္ဂလာပါ မစ္စတာကျန်း"

ဟုန်ချီထောင်က သူ၏လက်ကို ဆန့်တန်းကာ အပြုံးငေး ဖြင့် ပြောလိုက်သည်။ "ကျုပ်က ဟုန်ချီထောင်ပါ။ ဒီကို မဖိတ်ခေါ်ဘဲ လာခဲ့လို့ စိတ်မရှိပါနဲ့"

ကျန်းဟန်က ဟုန်ချီထောင်၏လက်ကို လျစ်လျူရှုလိုက်ပြီး သူ့အား အေးစက်စွာမေးလိုက်သည်။

"ဘာကိစ္စလဲ"

"အာ..." ဟုန်ချီထောင်မှာ အံ့အားသင့်သွားပြီး ဘာပြန်ပြောရမလဲ စဉ်းစားရင်း လက်ကို တိတ်တဆိတ်ပြန်ရုတ်လိုက်၏။

"မစ္စတာကျန်း ဒါက ကျွန်မတို့ရဲ့ အဖိုးတန်အရက်နှစ်ပုလင်းပါ။ မစ္စတာကျန်းအတွက် ယူလာပေးတာ” ထန်ကျားယီက သူတို့အား ကြားဖြတ်ပြောလိုက်ပြီး လက်ထဲမှအိတ်ကို လက်ဖက်ရည်စားပွဲပေါ် တင်ပေးလိုက်သည်။ သူမ မုန့်မုန့်အား မြင်သွားသည့်အခါ မျက်လုံးများတောက်ပသွားပြီး ပြုံး၍ပြောလိုက်၏။ "လှလိုက်တဲ့ ကလေးမေး”

"အိုး...” မုန့်မုန့်မှာ အနည်းငယ်ရှက်သွားပြီး ကျန်းဟန်၏နောက်တွင် ဝင်ပုန်းလိုက်ပြီး ထန်ကျားယီအား တောက်ပသည့် မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်နေ၏။

ကျန်းဟန်သည် ထန်ကျားယီကိုကြည့်လိုက်ပြီးနောက် သူမ၏နောက်မှ သိုင်းပညာရှင်ကို ကြည့်လိုကသ်သည်။ နောက်ဆုံးတွင် သူ၏မျက်လုံးများက ဟုန်ချီထောင်ထံ ရပ်တန့်သွားပြီး တည်ငြိမ်စွာ မေးလိုက်သည်။ "ခင်ဗျားရဲ့ ရည်ရွယ်ချက်ကို တန်းပြောပါ”

သူတို့က အရက်ပုလင်းများယူလာမှတော့ ကျန်းဟန်လည်း သူတို့ကို စကားပြောခွင့်ပေးလိုက်သည်။

ပုံမှန်အခြေအနေဆိုလျှင် တစ်စုံတစ်ယောက်က သူ့အား နှုတ်ဆက်ခြင်းမရှိဘဲ မသိကျိုးကျွံပြုနေပါက ဟုန်ချီထောင်မှာ ချက်ချင်း ထွက်သွားပေလိမ့်မည်။

သို့သော် ယခုအချိန်တွင်တော့ သူ့တွင် ထိုအတွေးမရှိချေ။

တည်ငြိမ်နေသည့် ကျန်းဟန်၏အသွင်အား တွေ့လိုက်သည်နှင့် သူသည် ပို၍ ကြီးမြတ်သော မာစတာတစ်ယောက်ဖြစ်သည်ဟု ခံစားလာရသည်။

ကျန်းဟန်၏စကားကိုကြားပြီးနောက် သူ စက္ကန့်ပိုင်းမျှ စဉ်းစားကာ ဖြည်းညှင်းစွာ ပြောလိုက်သည်။

"ဒီလိုပါ မစ္စတာကျန်း။ အဲဒီနေ့က မစ္စတာကျန်း ယွမ်တင်းတောင်ပေါ်က ပြန်သွားပြီးတော့ ဂူချွမ်းလုံက ကျန့်ဇုန်ဟောင်နဲ့ တခြားသူတွေကို ရိုးရိုးရှင်းရှင်းပဲ ဆက်ဆံခဲ့တယ်။ နောက်ပိုင်း

ကျနော့် သူက ထွက်မသွားခင်မှာ မင်းကို အဆတရာ ပြန်ပေးဆပ်ရအောင်လုပ်မယ်လို့ ပြောသွားတယ်။ သူက ကျန့်ဇုန်ဟောင်တို့နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိတယ်”

ထိုနောက် သူသည် ကျန်းဟန်အား ကြည့်လိုက်ပြီး သူ၏မျက်လုံးထဲရှိအမူအရာများမှတဆင့် သူဘာတွေးနေသလဲ ဖော်ထုတ်ရန် ကြိုးစားလိုက်၏။

ဥပမာအားဖြင့် သူသာ ဂူချွမ်းလုံအား ကြောက်နေပါက မျက်လုံးများကိုဝေ့ဝိုက်ကာ သူနှင့်မည်သို့ ဖြေရှင်းရမလဲ တွေးနေပေလိမ့်မည်။

သူ ကြောက်မနေပါက သူ၏မျက်လုံးထဲတွင် ရက်စက်မှုသို့မဟုတ် မည်းမှောင်သွားခြင်းမျိုး ပေါ်လာနိုင်သည်။

သို့သော်...

ဟုန်ချီထောင်သည် မစ္စတာကျန်းက ဤမျှတည်ငြိမ်နေလိမ့်မည်ဟု မထင်ခဲ့ချေ။

ငင်းက ဟုန်ချီထောင်အား အနည်းငယ် စိတ်ရှုပ်ထွေးသွားစေ၏။

သို့သော် ကျန်းဟန်က သူ့အား ပြန်ပြောလိုက်သေး၏။ သူက ဟုန်ချီထောင်အား စိုက်ကြည့်ရင်း

"အင်း အခုခင်ဗျားပြန်လို့ရပြီ"

အကယ်၍ သူတို့သာ ငင်းကိုပြောချင်ရုံဆိုပါက ကျန်းဟန်လုံးဝ စိတ်မဝင်စားပေ။

သူတို့ အထဲမဝင်ခင် အသေးစိတ်အချက်များမှတဆင့် တစ်စုံတစ်ရာတောင်းဆိုချင်သည့်အတွက် လာခဲ့ခြင်းဖြစ်ကြောင်း သူတွေ့ခဲ့သည်။

ကျန်းဟန် သူတို့အား ကူညီမည်မဟုတ်ဟု ခံစားမိသော်လည်း သူ ကူညီပေးချင်သည်ဖြစ်စေ မပေးချင်သည်ဖြစ်စေ သူတို့ လိုချင်သည်ကို တိုက်ရိုက်ပြောနိုင်ပေသည်။

ကျန်းဟန် ထိုသို့ပြောလိုက်သည့်အခါ ဟုန်ချီထောင် အံ့အားသင့်သွား၏။

သူ၏ဘေးနားရှိ ထန်ကျားယီက ခဏလောက်စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

"မစ္စတာကျန်း သူပြောခဲ့တာတွေ အကုန်လုံးမှန်ပါတယ်။ ကိစ္စက ဒီလိုပါ။ ဂူချွမ်းလုံက ကျွန်မတို့ကို ရန်ငြိုးထားပြီး ရက်အနည်းငယ်ကြာရင် ကျွန်မသားနဲ့ သူ့ကောင်မလေးကို သူ့အိပ်မှာ သုံးရက် ခွင့်လွှတ်မှုတောင်းခံဖို့ ပြောခဲ့ပါတယ်။ အဲဒါက ထောင်ချက်ဖြစ်ပေမယ့် ကျွန်မတို့ မကာကွယ်နိုင်ပါဘူး"

"ကျွန်မတို့ အဆက်အသွယ်တွေ အသုံးပြုခဲ့ပေမယ့် အဆင်မပြေခဲ့ဘူး။ လုံးဝ အားကိုးရာမဲ့နေခဲ့တာ။ နောက်မှ မစ္စတာကျန်းအကြောင်း တွေးမိခဲ့တယ်။ ဂူချွမ်းလုံက မင်းကို တုံ့ပြန်မယ်လို့ ပြောခဲ့တာပါ။ ဒါကြောင့် မစ္စတာကျန်းက စပြီး တိုက်ခိုက်ဖို့ အကြံပြုချင်ပါတယ်။ အဲဒီအတွက် ကျွန်မတို့ အများကြီး ကူညီပေးနိုင်ပါတယ်။ အဲဒီအချိန်ကျရင် ကျွန်မတို့

ကျေးဇူးတင်ကြောင်းပြသပြီး ကျေနပ်လောက်တဲ့တစ်ခုခုပေး မှာပါ"

စကားအနည်းငယ်မျှဖြင့် မစ္စတာကျန်းသည် အပိုတွေပြော နေခြင်းကို သဘောမကျကြောင်း သူမခံစားမိ၏။ ထို့ကြောင့် သူမသည် သူမတို့၏ရည်ရွယ်ချက်ကို တိုက်ရိုက်ပြောလိုက်ခြင်း ဖြစ်၏။ သူ လက်ခံသည်ဖြစ်စေ မခံသည်ဖြစ်စေ မိုးကောင်းကင်၏အလိုအတိုင်းသာ။

ထိုစကားကိုကြားပြီးနောက် ကျန်းဟန်၏မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားပြီး "ခင်ဗျားပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ" ထန်ကျားယီက ခေါင်းညိတ်လိုက်ပြီး "မစ္စတာကျန်း မင်းစိတ်ဝင်စားတယ်ဆိုရင် ဒီထက်ပိုပြီး အသေးစိတ်ကျကျ ပြောပေးပါ့မယ်"

"ကျုပ်စိတ်မဝင်စားဘူး" ကျန်းဟန်က သူ၏လက်ကို ပေါ့ ပေါ့ပါးပါး ယမ်းလိုက်သည်။

ဂူချွမ်းလုံက သူ့အား ရန်စခဲ့မည်မဟုတ်ပါက သူ ၎င်းကို မေ့သွားပေလိမ့်မည်။ သို့သော် သူသာ လုပ်ခဲ့ပါက ကျန်းဟန် သူ့အား သေချာပေါက် တိုက်ခိုက်မည်ဖြစ်၏။

သူ ထိုနေရာသို့သွားကာ လက်ဦးမှုရယူရန် စိတ်ရှုတ်ခံမည် မဟုတ်ချေ။

သူသာ အချိန်ရှိပါက လုပ်နိုင်၏။ သို့သော် လက်ရှိတွင် သူ သည် မုန့်မုန့်၊ ဇီယန်နှင့်အတူ အချိန်ကုန်ဆုံးရန်သာ စိတ်ထဲရှိ ပြီး အခြားကိစ္စများအတွက် အချိန်ဖြုန်းနေမည်မဟုတ်။

သူ၏စကားကိုကြားပြီးနောက် ထန်ကျားယီသည် အကူအညီမဲ့စွာ မျက်လုံးများကို မှိတ်လိုက်၏။ "မစ္စတာကျန်းရဲ့ သဘောထားအရ ဒီနေ့ ငါတို့ ကျရှုံးမှာတောင် စိုးမိတယ်”

ထိုနောက် ဟုန်ချီထောင်က သက်ပြင်းချလိုက်ပြီး "ကောင်းပါပြီ” ဟုပြောကာ ခေါင်းယမ်းလိုက်၏။

"မာစတာကျန်း”

ထိုအခိုက်တွင် သူတို့နောက်မှ အထွတ်အထိပ်အဆင့်သိုင်းပညာရှင်ကာ ပြောလိုက်သည်။

"ခင်ဗျား မာစတာဂူကို ကောင်းကောင်းသိမှာမဟုတ်ဘူး။ သူက စိတ်သဘောထားကျဉ်းမြောင်းပြီး ဒေါသကြီးတယ်။ လူတိုင်းရဲ့ရှေ့မှာ ခင်ဗျားကို ပေးဆပ်ရအောင်လုပ်မယ်လို့ ပြောခဲ့တယ်ဆိုတော့ သူ သေချာပေါက် လုပ်လိမ့်မယ်။ သူ့ ရက်အတိအကျတော့ မပြောထားဘူး။ သူက ကောင်းကင်အဆင့်ကို ရောက်ခါစဆိုတော့ သူ့ရဲ့ခွန်အားကို အပြည့်အဝ မကျွမ်းကျင်သေးလို့ဖြစ်လိမ့်မယ်”

"လွန်ခဲ့တဲ့ရက်အနည်းငယ်က သူ လေ့ကျင့်ဖို့ပြန်သွားခဲ့တယ်လို့ ကြားတယ်။ အဲဒါပြီးရင်တော့ သူ ခင်ဗျားဆီလာမှာ စိုးမိတယ်။ ခင်ဗျားက မကြောက်ပေမယ့် ခင်ဗျားမှာ အရမ်းချစ်စရာကောင်းတဲ့ သမီးလေးရှိတယ်။ အဲဒီလူက မိန်းမတွေ ကလေးတွေကို သနားတတ်တဲ့လူမဟုတ်ဘူးဆိုတာတော့ ခင်ဗျား သိထားသင့်တယ်”

သူပြောလိုက်သည်နှင့် ဟုန်ချီထောင်နှင့် ထန်ကျားယီက ကျန်းဟန်ကို ထပ်၍ ကြည့်လိုက်သည်။

သူ လက်ခံလိမ့်မည်ဟု သူတို့ မျှော်လင့်ခဲ့ကြ၏။

"သူက ဂူချမ်းလုံလေးပဲမလား။ သူလာရဲရင် ငါ သူ့ကို ကိုင်တွယ်ပေးလိုက်မယ်"

ကျန်းဟန်က ထိုအကြောင်းကို တွေးကာ နောက်ဆုံးတွင် ခေါင်းယမ်းလိုက်၏။

သူက ဂူချမ်းလုံအား သတ်ပစ်သည်နှင့် ဂူချမ်းလုံက သူ့အား သတ်ရန် ကြိုးစားသည်က မတူညီပေ။

ဂူချမ်းလုံက ပြဿနာရှာခဲ့၍ အသတ်ခံခဲ့ရပါက မည်သူမှ ဘာမှပြောမည်မဟုတ်။

သို့သော် သူက ဂူချမ်လုံအား ဒီအတိုင်းသတ်လိုက်လျှင် သူ ဒုက္ခများနိုင်ပေသည်။

ဂူချွမ်းလုံတွင် သူ၏ကိုယ်ပိုင်အင်အားစုရှိသည်။ သူ့ထက် သန်မာသည့်လူတစ်ယောက်ယောက်ရှိနေခဲ့ပါက အလွန်ဒုက္ခများမည်ဟု ကျန်းဟန် ခံစားရ၏။

ထိုသို့မရှိခဲ့လျှင်ပင် ဂူချွမ်းလုံ၏မိတ်ဆွေသူငယ်ချင်းများက သူ့အား ပြဿနာရှာကြမည်ဆိုပါက သူအလွန်စိတ်ရှုပ်ရပေမည်။

ကျန်းဟန်သည် ထိုသို့သော ကိစ္စများနှင့် ဝေးဝေးနေကာ ငြိမ်းချမ်းသောဘဝတွင် နေထိုင်ချင်၏။

အကြောင်းမှာ လက်ရှိတွင် သူသည် အလွန်အစွမ်းထက်နေသည်မဟုတ်။

သူပြီးခဲ့သည့်အကြိမ် ယွမ်တင်းတောင်ပေါ်သွားစဉ်က သူသာ အခြေတည်အဆင့်တွင်ရှိနေခဲ့လျှင် ကျန့်ဇုန်ဟောင်နှင့် ဂူချွမ်းလုံအပါအဝင် အခြားသူများ အသတ်ခံရမည်မှာ သေချာ၏။

ကျန်းဟန်သည် အတိဒုက္ခအဆင့်ကို ဖြတ်ကျော်ခဲ့ပြီးဖြစ်ကာ ကြီးမားသည့် ရည်မှန်းချက်များရှိပြီး သန်မာသော်လည်း ၎င်းက သူမောက်မာမည်ဟု မဆိုလိုချေ။

တကယ်တမ်းတွင် သူသည် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်တွင်သာရှိနေသည့်အတွက် အချို့သောကိစ္စများကို စိုးရိမ်ရသေးသည်။

ထိုသို့မဟုတ်ပါက သူ၏ပြိုင်ဘက်များအား သူတိုက်ခိုက်ပါက ဒဏ်ရာရစေရုံလောက်သာဖြစ်မည်မဟုတ်ချေ။

ထိုအကြောင်းကို စဉ်းစားပြီးနောက် နောက်ဆုံးတွင် ကျန်းဟန် ခေါင်းယမ်းကာ ငြင်းဆန်လိုက်၏။

-အခန်း(၃၅၄-ခ)ပြီး

wunzinnosp

## အခန်း(၃၅၄-၈) စိတ်မဝင်စားဘူး(၃)

"ဟင်း... ဒါဆိုလည်း ဒီနေ့ ကျုပ်တို့ပြောခဲ့တာတွေကို မေ့လိုက်ပါ။ သွားရမယ့်ခရီးက အဝေးကြီးကျန်ပါသေးတယ်။ ကျုပ်တို့ မိတ်ဆွေဖြစ်နိုင်လိမ့်မည်လို့ မျှော်လင့်ပါတယ် မစ္စတာကျန်း" ဟုန်ချီထောင်က မပြန်ခင်တွင် ခေါင်းညိတ်ကာ ပြောလိုက်သည်။

သူခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ပြီးသည်နှင့် ရုတ်တရက် အပေါ်ထပ်မှ နှစ်လိုဖွယ်အသံတစ်ခုကြားလိုက်ရသည်။

"ကျန်းဟန်ရေ ကျန်းဟန်"

"ကိုယ်လာပြီ"

ကျန်းဟန်က မုန့်မုန့်အား ပွေ့ချီလိုက်ပြီး အပေါ်ထပ်သို့ တက်သွားသည်။

"ဟမ်"

ဟုန်ချီထောင်နှင့် ထန်ကျားယီတို့ ရုတ်တရက် ရပ်တန့်သွားသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

"ဒီအသံ... ဘာလို့ အရမ်းရင်းနှီးနေပါလိမ့်"

"ရှောင်ယန်ရဲ့အသံနဲ့ တူသလိုပဲ" ထန်ကျားယိက ဟုန်ချီထောင်အား ကြည့်ကာ သံသယဖြင့် ပြောလိုက်သည်။

"အဲဒါ သူမအသံနဲ့ တော်တော်တူတယ်။ သူမများလား" ဟုန်ချီထောင်က စဉ်းစားကြည့်လိုက်ပြီး "ငါတို့... အပေါ်ထပ်တက်ပြီး ကြည့်လိုက်ရင်ရော..."

ဇီယန်၏အသံမှာ အလွန်ချိုမြိန်ပြီး ထူးခြား၏။ အပေါ်ထပ်မှ ထွက်ပေါ်လာသည့်အသံသည် သူမ၏အသံနှင့် အလွန်တူသော်လည်း ဟုန်ချီထောင်မှာ မရေရာသည့်အတွက် တုံ့ဆိုင်းစွာ ပြောလိုက်သည်။

"အဲ့လိုမလုပ်နဲ့" သိုင်းပညာရှင်က အလေးတကြီး တားလိုက်သည်။ "မစ္စတာကျန်းရဲ့ သဘောထားကို ကျုပ်တို့မသိဘူး။ အဲဒါက သူတို့ရဲ့ ကိုယ်ပိုင်သီးသန့်နေရာ။ ကျုပ်တို့ကျူးကျော်လိုက်ရင် သူ ဒေါသထွက်သွားလိမ့်မယ်..."

"မင်းပြောတာ ဟုတ်တယ်" ဟုန်ချီထောင်က သက်ပြင်းချကာ ပြောလိုက်သည်။

သူ ဘာဆက်လုပ်ရမလဲဆိုသည်ကို အဖြေရှာရန် လိုသေး၏။ သူသည် ဂူချမ်လုံထက် အင်အားကြီးသည့် မာစတာတစ်ယောက်အား ပြည်မကြီးမှ ရှာဖွေရန်စဉ်းစားခဲ့သည်။

ထိုနောက် သူတို့ စားသောက်ဆိုင်မှ ထွက်လာခဲ့ကြ၏။ သူတို့သာ စိတ်အားထက်သန်စွာဖြင့် အပေါ်ထပ်သို့တက်၍ ဧယန်ဖြစ်ကြောင်း အတည်ပြုလိုက်ပါက သူတို့ ချက်ချင်းပင် ကွဲပြားခြားနားစွာ ဆက်ဆံခံရမည်ကို သူတို့ မသိခဲ့ကြပေ။

ဤကမ္ဘာပေါ်တွင် တူညီသည့်အသံများစွာရှိသောကြောင့်လည်း သူတို့ မစွန့်စားရဲခြင်းဖြစ်သည်။ ထို့ပြင် ဧယန်သည်

အပျိုတစ်ယောက်ဖြစ်သည်ဟုသာ သူတို့ ထင်ခဲ့ကြသည်မဟုတ်ပါလား။ ထို့ကြောင့် သူတို့ ၎င်းကို စဉ်းစားကာ ထိုအတွေးကို ပယ်ချလိုက်၏။

တစ်ခါတစ်ရံတွင် လူတစ်ချို့ သို့မဟုတ် တစ်စုံတစ်ခုအား ဤသို့ဖြင့် လွဲချော်တတ်ကြပေသည်။

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံရန် အလွန်နီးကပ်ခဲ့သော်လည်း အခွင့်အရေးအား သူတို့ လွတ်သွားခဲ့ရသည်။

ထိုအချိန် ဒုတိယထပ်ရှိ မာစတာအိပ်ခန်းတံခါးဝတွင်။

ကျန်းဟန်နှင့် မုန့်မုန့်တို့ သူမအနားသို့ လျှောက်လာသည်ကို မြင်သည်နှင့် အိပ်ငိုက်နေသည့် ဇီယန်မှာ မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်လုပ်၍ ရေရွတ်လိုက်သည်။

"ကျွန်မ ရှင်နဲ့အိပ်ချင်တယ်"

"မေမေ သမီးကို ဖက်" မုန့်မုန့်က လက်ကလေးနှစ်ဖက် ဆန့်တန်းလိုက်သည်။

ဇီယန်က သူမလေးအား ရင်ခွင်ထဲ ပွေ့ချီလိုက်ပြီးနောက် မုန့်မုန့်က ပြောလိုက်၏။ "မေမေ ဟိုမှာ နေမြင့်နေပြီ"

"မေမေ ခဏလောက်အိပ်ပြီးရင် သမီးနဲ့ကစားပေးမယ်" ဇီယန်က သူမလေး၏ချစ်စရာမျက်နှာလေးကို နမ်းလိုက်သည်။

"အင်း... ကောင်းပြီ" မုန့်မုန့်က နာခံစွာပင် ပြန်ဖြေ၏။

"ဒီလာလေ" ကျန်းဟန်က အိပ်ခန်းတံခါးကိုဖွင့်ကာ ကျန်းဟန်အား လောဆော်လိုက်သည်။

"လာပါပြီ" ကျန်းဟန်က ဆိုဖာပေါ်မှ အရုပ်အနည်းငယ် ယူလိုက်ပြီးနောက် ဇီယန်နှင့်အတူ အိပ်ခန်းထဲသို့သွားသည်။

အိပ်ခန်းထဲတွင်တော့ လိုက်ကာများအားလုံးချထားသဖြင့် မှောင်မဲနေသည်။ ဇီယန်သည် ကုတင်ပေါ်မှနေ၍ မုန့်မုန့်အား ဆွဲချီလိုက်၏။

"ပုံပြင်ပြောချိန်ရောက်ပြီ" မုန့်မုန့်က စောင်ထဲသို့တိုးဝင်ကာ ရေရွတ်လိုက်သည်။

"မဟုတ်ဘူး။ ဖေဖေက ညပိုင်းမှပဲ ပုံပြင်ပြောတာ" ကျန်းဟန်မှာ မရယ်ဘဲမနေနိုင်။ သူလည်း အင်္ကျီနှင့် ဘောင်းဘီကို ချွတ်ကာ အိပ်ရာပေါ်တက်လာ၏။ ထိုနောက် မုန့်မုန့်အား သူ၏ဘယ်ဘက်ခြမ်းတွင်ထားကာ အလယ်ပို့လိုက်ပြီး သူမလေး၏ရှေ့တွင် အရုပ်အနည်းငယ်ထည့်လိုက်ပြီး "အရုပ်တွေနဲ့ ကစားရအောင်" ဟု တိုးတိုးလေးပြောသည်။

"အင်း အရုပ်တွေနဲ့ ကစားကြမယ်"

"တိတ်တိတ်လေးနေ။ မေမေအိပ်နေတုန်းပဲ" ကျန်းဟန်က တိုးတိုးလေးပြောသည်။

"အင်း တိုးတိုး" မုန့်မုန့်က အသံလျှော့လိုက်ပြီး "မေမေ မကြားသွားစေနဲ့"

ကလေးမလေး၏စကားကိုကြားသည့်အခါ ဇီယန်၏နှုတ်ခမ်းထောင့်၌ အပြုံးတစ်ခုပေါ်လာသည်။ မျက်လုံးမှိတ်ထားသော်လည်း သူမ အလွန်ပျော်ရွှင်သွားသေး၏။ ကျန်းဟန်လဲချလိုက်ပြီးနောက် သူမ မှီလိုက်ပြီး သူမ၏ခြေထောက်

တစ်ဖက်ကို သူ၏ခြေထောက်များပေါ်တင်ကာ လက်တစ်ဖက်အား သူ၏ရင်ဘတ်ပေါ်တင်လိုက်သည်။ ထိုနောက် သူမ တဖြည်းဖြည်း အိပ်ပျော်သွားလေ၏။

ကျန်းဟန်သည် ဇီယန်အား ပွေ့ဖက်ထားရင်း မုန့်မုန့်နှင့် တိတ်တိတ်လေးကစားနေလိုက်သည်။

နာရီဝက်ခန့်ကြာသည့်အခါ မင်းသမီးလေးမှာ ငြီးငွေ့လာပြီး အပြင်ထွက်ချင်လာ၏။ ထို့ကြောင့် ကျန်းဟန်လည်း ကုတင်ပေါ်မှ အသာလေးဆင်းကာ ဇီယန်အား စောင်ခြုံပေးလိုက်ပြီး အဝတ်အစားများဝတ်၍ တိတ်တိတ်လေးထွက်လာခဲ့သည်။

ဇီယန်နှင့် ကျိုးဖေးတို့က တစ်နာရီခန့်ကြာပြီးမှ အိပ်ရာထလာကြသည်။

သူတို့နိုးလာပြီးသည်နှင့် ကျန်းဟန်မှာ သူတို့အတွက် အသားကင်နှင့် စားစရာများ ပြင်ဆင်ပြီးသွားသည်။လန်ယွဲ့နှင့် အခြားသက်တော်စောင့်များဖြစ်ကြသည်။ မနက်ပိုင်းတွင် သူတို့ ကုမ္ပဏီသို့ပြန်ပြီး ခဏအနားယူကာ ပြင်ဆင်စရာရှိတာ

ပြင်ဆင်သည်။ နေ့လည်စာစားပြီးနောက်တွင် သူတို့စောင့်နေကြသည့်နေရာသို့သွားကြ၏။

နေရာသို့ရောက်ရှိသည့်အခါ ဆရာမားတို့ စောစောရောက်နေပြီး သူတို့အားလုံးလည်း ကားပေါ်မှဆင်းလိုက်ကြသည်။ ဇီယန်က လန်ယွဲ့တို့အား စားသောက်ဆိုင်တစ်ခုခုမှစောင့်နေရန် ပြောလိုက်သည်။

ထိုကဲ့သို့ ဂရုစိုက်သည့်စကားများကြောင့် လန်ယွဲ့နှင့် အခြားသူများမှာ နွေးထွေးသွားကြ၏။

သူတို့သည် ဇီယန်အတွက် သက်တော်စောင့်သက်သက်မဟုတ်ဟု ခံစားမိကြသည်။

ဟောင်ကောင်မှာ သိပ်မကြီးပေ။ သုံးရက်အတွင်း နေရာများစွာကို ရိုက်ကူးရေးလုပ်ရန်လိုအပ်ပြီး အလုပ်အလုပ်များသည်။ တစ်ခါတစ်ရံ MV တစ်ခုအား တစ်လနီးပါးရိုက်ကူးရပြီး အချို့မှာ တစ်ပတ် နှစ်ပတ်အတွင်း ပြီးသွားနိုင်သည်။ ရိုးရှင်း

သည့်သီချင်းဗီဒီယိုများကိုတော့ တစ်ရက်နှစ်ရက်အတွင်း ပြီးစီးအောင်လုပ်နိုင်ပေ၏။

ဇီယန်၏သီချင်းဆယ်ပုဒ်အတွက်တော့ ဆရာမား၏ ပရော်ဖက်ရှင်နယ်ပလန်များနှင့်အတူ ရက်ပေါင်းနှစ်ဆယ်နီးပါးကြာပေမည်။ ထို့ပြင် လူအင်အား ငွေအင်အား များစွာအသုံးပြုရန်လို၏။ ဝန်ထမ်းနည်းပါက အလွန်ကြန့်ကြာပေလိမ့်မည်။ ကံကောင်းစွာဖြင့် ကုမ္ပဏီက လုံလောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ထောက်ပံ့ပေးခဲ့သည်။

သုံးရက်ဆက်တိုက်အလုပ်လုပ်ပြီးနောက်တွင် ဟောင်ကောင်အတွင်း ရိုက်ကူးရေးပြီးဆုံးခဲ့သည်။

လွန်ခဲ့သည့်ရက်များအတွင်း ဇီယန်ထွက်ရှိခဲ့သည့် သီချင်းခြောက်ပုဒ်မှာ အလွန်ရေပန်းစားခဲ့သည်။

သီးချင်းအက်ပ်များတွင် ကျပန်းဖွင့်လိုက်ရုံဖြင့် သူမ၏သီချင်းများပေါ်လာပြီး သီချင်းများ၏အောက်တွင် မှတ်ချက်ပေါင်း ၂ သိန်းကျော်ရှိလေ၏။ ထို့ကြောင့် သီချင်းသစ်

များမှာ လူများ၏အာရုံကို ချက်ချင်းဖမ်းစားနိုင်သည်။ ထိုသို့မြင်ရသည့်အခါ အခြားအနုပညာရှင်များမှာ ဇီယန်အား မနာလိုအားကျဖြစ်ကြသည်။ ထီပေါက်သကဲ့သို့ပင် သူမသည် ဟန်ယန်၏သီချင်းဆယ်ပုဒ်အား ရရှိလောက်သည့်အောင်ကံကောင်းခဲ့၏။

စတုတ္ထနေ့ မနက်ဆယ်နာရီတွင်။

တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ၏ကွန်ဖရင့်ခန်း၌။

မိန်ချီ၊ ဇီယန်နှင့် ကျိုးဖေးတို့သည် သတင်းစာရှင်းလင်းပွဲ၌ အဓိကထိုင်ခုံများတွင် ထိုင်နေကြ၏။

သတင်းထောက်တစ်ရာနီးပါးကိုကြည့်ရင်း ရင်းနီးနေပြီးသား ဖလက်ရှ်များကိုကြည့်ကြောင့် ဇီယန်မှာ ခံစားချက်များရောထွေးနေခဲ့သည်။

သူမ၏အယ်လ်ဘမ်မှာ ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်ဟု ပြော၍ရသည်။ ဆိုလိုသည်မှာ သူမ၏ကမ်းဘက်ကို မြင်တွေ့ရပေပြီ။

"ဇီယန် ဟန်ယန်ရဲ့သီချင်းဆယ်ပုဒ်ကို ဘယ်လိုရခဲ့တာလဲ။ ဟန်ယန်က သူ့သီချင်းတွေမရေးခင်မှာ Weibo မှာ အမြဲတမ်း Reply ပြန်ခဲ့တယ်ဆိုတာ သိကြတယ်။ ဒါပေမယ့် မင်းမှာ အဲ့လိုမျိုးဖြစ်ခဲ့တဲ့ပုံမရဘူး။ အရင်က သူနဲ့သိခဲ့တာလား"

"ကျွန်မက........."

မီဒီယာများနှင့်ရင်ဆိုင်ရသည့်အခါ ဇီယန်မှာ သူတို့၏မေးခွန်းများကို ချောမွေ့ဆိုဖြေဆိုခဲ့ပြီး အတော်လေး အတွေ့အကြုံပြည့်ဝခဲ့သည်။

တစ်နာရီခန့်ကြာပြီးနောက် သတင်းစာရှင်းလင်းပွဲ ပြီးဆုံးသွားခဲ့ပြီး အယ်လ်ဘမ်ထုတ်ရန် ရက်နှစ်ဆယ်ခန့်တွင် စီစဉ်ထားပြီး အချိန်မှာ အောက်တိုဘာ ၁၅ ရက်ဖြစ်သည်။ ထိုကိစ္စ

ပြီးသွားပြီးနောက် သူမ နောက်နေ့ နေ့လည်ပိုင်းအထိ အနားယူနိုင်သည်။

သို့သော် သတင်းစာရှင်းလင်းပွဲပြီးနောက် မိန်ချီမှာ ဖုန်းခေါ်ဆိုမှုတစ်ခုကို ဖြေကြားခဲ့သည်။ ဇီယန်ပြန်ခါနီးတွင် သူမ အလျင်စလိုထရပ်လိုက်ပြီး "ဇီယန် ခဏလေး။ သူဌေးဝူက နင်နဲ့တွေ့ချင်လို့တဲ့။ သူ့မှာ ပြောစရာရှိတယ်ပြောတယ်”

"အင်း ကောင်းပြီ” ဇီယန်က ခေါင်းညိတ်ကာ ကျိုးဖေးနှင့်အတူ ဝူချန်းဒုန်၏ရုံးခန်းသို့သွားလိုက်သည်။

သူတို့ တံခါးခေါက်ကာ ရုံးခန်းထဲ ဝင်သွားကြသည်။

ထိုအချိန်တွင် ဝူချန်းဒုန်မှာ အတော်လေးဖော်ရွေနေ၏။ သူသည် လက်ဝှေ့ယမ်းပြလိုက်ပြီး ပြုံးပြုံးလေးပြောသည်။ "ထိုင်ပါဦး”

ဇီယန်နှင့် ကျိုးဖေးက ခေါင်းညိတ်ကာ ဆိုဖာပေါ် ထိုင်လိုက်ကြသည်။

"မနက်ဖြန် နေ့လည်ကျရင် မင်းပြည်မကြီးကို သွားရမယ်။ အဲ့ဒီနေ့ ညနေပိုင်းမှာ ပါတီတစ်ခုရှိတယ်။ မင်းအဲဒီကိုသွားလိုက်တာ ပိုကောင်းမယ်" ဝူချန်းဒုန်က တိုက်ရိုက်ပြောသည်။

"ဒါပေမယ့် ကျွန်မ ညဘက်မှာ လုပ်စရာရှိတယ်" ဇီယန်က ပြောသည်။

"တစ်ခါတည်း မငြင်းပါနဲ့" ဝူချန်းဒုန်က ပြုံးလိုက်ပြီး "အဲဒါက ဖျော်ဖြေရေးနယ်ပယ်လူကုံထံတွေရဲ့ စုဝေးပွဲတစ်ခုဖြစ်လိမ့်မယ်။ ငါတို့ကုမ္ပဏီက လူတော်တော်များများ အခွင့်အရေးရှိတယ်။ စီနီယာအမှုဆောင်တချို့နဲ့ ငါလည်း သွားမှာပါ"

"နန်ရှင်းအန်တာတိတ်မန့်ရဲ့ ဥက္ကဋ္ဌ ဂူဖန်းက ဒီပွဲကို စီစဉ်တာ။ သူက မင်းကို အထူးတလည်ဖိတ်ထားတယ်။ သူ့မှာ သန်းငါးဆယ်ကျော် ရင်းနှီးမြှုပ်နှံထားတဲ့ ဇာတ်ညွှန်းတစ်ခုနဲ့ သန်းနှစ်ရာကျော်ရင်းနှီးမြှုပ်နှံထားတဲ့ ဇာတ်ညွှန်းရှိတယ်တဲ့။ သူက ငါတို့ တော်ဝင်အန်တာတိတ်မန့်နဲ့ ပူပေါင်းချင်တာ။ ဒါကြောင့်

ငါ အနုပညာရှင်တချို့ ခေါ်သွားဖို့ ရည်ရွယ်ထားတယ်။ အဲဒါ အခွင့်အရေးတစ်ခုလို့ ငါထင်တယ်။ မင်းသွားကြည့်သင့်တယ်”

"သိပ်မကြာပါဘူး။ တစ်နာရီ နှစ်နာရီလောက်ပဲကြာလိမ့်မယ်။ အိုး ဟုတ်သားပဲ မစ္စတာဂူက မင်းကိုလည်းပြောသေးတယ်။ မင်းရဲ့အယ်လ်ဘမ်အကြောင်း မကြာသေးခင်က ကြားခဲ့တယ်တဲ့။ သူက ဇာတ်ညွှန်းရဲ့ အဓိကဇာတ်ဆောင်မင်းသမီးကို မင်းနဲ့သင့်တော်တယ်ထင်နေတာ”

"မစ္စတာဂးက ဒီပါတီကို သူ့မိန်းမရဲ့ မွေးနေ့အတွက် အဓိကလုပ်တာ။ ပြီးတော့ မင်းက ငါတို့နဲ့လိုက်ရမှာပါ။ ဒါကြောင့် မင်းရဲ့လုံခြုံရေးအတွက် စိုးရိမ်စရာမလိုပါဘူး”

ဝူချန်းဒုန်က သူမအား ကိစ္စအားလုံးကို လိုရင်း ရှင်းပြသည်။

သူ၏စကားကိုကြားပြီးနောက် ဇီယန် အတွေးနက်သွားသည်။

တကယ်လို့ သူပြောသလိုသာဆိုရင် ဒါက အခွင့်အရေး တစ်ခုပဲ။ တစ်နာရီ နှစ်နာရီလောက်ပဲကြာမှာဆိုတော့ ကိစ္စမရှိပါဘူး။

၎င်းကို စဉ်းစားပြီးနောက် ဇီယန်က ခေါင်းညိတ်ကာ "ဘယ်အချိန်လဲ”

"၈ နာရီ။ ကျန်းရှခရိုင်မှာရှိတဲ့ ဒရယ်ဝွန်ထရိုင်ယန်ကလပ်မှာ” ဝူချန်းဒုန်က ပြန်ဖြေသည်။

"ကောင်းပြီ။ ကျွန်မတို့ အချိန်မီလာခဲ့ပါမယ်”

-အခန်း(၃၅၄-ဂ) ပြီး

wunzinnosp

## အခန်း(၃၅၅) ဒရယ်ဝွန်ထရိုင်ယန်ကလပ်

ဇီယန်က ခေါင်းညိတ်ကာ လက်ခံလိုက်သည်။

အဆိုတော်တစ်ယောက်အနေဖြင့် ကမ်းဘက်လာခဲ့သော်လည်း အနာဂတ်တွင် ရုပ်ရှင်နယ်ပယ်ကိုလည်း အောင်မြင်အောင် လုပ်ဆောင်ချင်သေးသည်။

ဝူချန်းဒုန်ပြောသလိုပင် အခွင့်အရေးတစ်ခုဖြစ်၏။

ဝူချန်းဒုန်ပင် ထိုသို့ တွေးမိသည်။

သူ့တွင် ဩဇာတချို့ရှိသော်လည်း ထိပ်တန်းအဆင့် အသိုင်းအဝိုင်းတွင် ဝင်ဆံ့မှုမရှိချေ။ စုဝေးပွဲက ထိုမျှရိုးရှင်းမည် မဟုတ်ကြောင်းကို သူလည်း မသိပေ။

ဇီယန်၏အဖြေကိုရရှိပြီးနောက် ဝူချန်းဒုန်က ပြုံး၍ ခေါင်းညိတ်ကာ ပြောသည်။

"လက်တလော မင်းထွက်ထားတဲ့သီချင်းတွေကို ငါလိုက်ကြည့်သေးတယ်။ တုံ့ပြန်မှုကောင်းကောင်းရတာပဲ။ မင်းရဲ့ အယ်လ်ဘမ်က ပလက်တီနမ်ဖြစ်သွားနိုင်လောက်တယ်။ အရမ်းကောင်းတယ်”

"မြှောက်ပင့်လွန်းနေပါပြီ သူဌေးဝူ" ဇီယန်က အသာအယာခေါင်းညိတ်ကာဖြေသည်။

"ဟားဟားဟား..." ဝူချန်းဒုန်က ရယ်မောကာ ခေါင်းယမ်းလိုက်ပြီး "သွားပြန်နားလိုက်ပါဦး။ နောက်မကျစေနဲ့"

"အင်း" ဇီယန် ပြန်ဖြေလိုက်ပြီး ထရပ်ကာ ကျိုးဖေးနှင့်အတူ ထွက်ခွာသွားခဲ့သည်။

သူတို့ပြန်သွားပြီးနောက် ဝူချန်းဒုန်က ခေါင်းကိုအသာယမ်းလိုက်မိ၏။

အစောပိုင်းက သူအမှားများလုပ်ခဲ့မိသည့်အတွက် နောင်တရမိသည်။ ဇီယန်၏စွမ်းရည်များကြောင့် မကြာခင်သူမက တော်ဝင်အန်တာတိတ်မန့်၏ကျောရိုးဖြစ်လာပေလိမ့်မည်။ သို့သော် သူသည် အရင်တစ်ကြိမ်က လင်းကျဲအားကူညီပေးခဲ့ပြီး ဇီယန်နှင့် ဆက်ဆံရေးဆိုးရွားစေခဲ့၏။ ဇီယန်သည် ယခုအချိန်တွင် ကုမ္ပဏီအား အလွန်မှီခိုခြင်းမရှိကြောင်း

သူသတိပြုမိခဲ့သည်။ အခွင့်အရေးရှိပါက ဇီယန်သည် ထွက်ခွာရန် ရွေးချယ်လိမ့်မည်ဟု သူခံစားမိ၏။

သို့သော် အနာဂတ်ကို မည်သူမျှ မခန့်မှန်းနိုင်ချေ။ သူလုပ်နိုင်သည်ကား စောင့်ကြည့်ရုံသာ။

ဝူချန်းဒုန် သက်ပြင်းချလိုက်မိသည်။

ဇီယန် တံခါးမှ ထွက်လာပြီးနောက် လန်ယွဲ့နှင့် အခြားသူများလည်း သူမနောက်မှလိုက်ကာ အောက်ထပ်သို့ ဆင်းသွားကြသည်။

သူတို့ခြောက်ယောက်မှာ ဇီယန်၏ကိုယ်ပိုင်သက်တော်စောင့်များဖြစ်ပြီး သူမသွားလေရာ နောက်မှလိုက်ကြရသည်။

အစပိုင်းတွင် ကုမ္ပဏီမှလူများမှာ လန်ယွဲ့နှင့် အခြားသူများကိုမြင်ပြီး အံ့သြသွားကြသော်လည်း အကြိမ်အနည်းငယ်တွေ့ပြီးနောက် အသားကျသွားကြသည်။

အောက်ထပ်သို့ဆင်းလာပြီး သူတို့ ကားပေါ်တက်ကာ လဆန်းပင်လယ်ကွေ့သို့ ဦးတည်သွားကြသည်။

တစ်ချိန်တည်းမှာပင် မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်၌။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦးသည် ကျန်းဟန်ထံသို့လျှောက်လာ၏။ သူသည် စစ်တပ်ပုံစံ အလေးပြုပြီး "ဗိုလ်ချုပ်ကျန်း" ဟုခေါ်လိုက်သည်။

"ဘာလဲ" ၎င်းကိုကြားပြီးနောက်မှ ကျန်းဟန်သည် သူ့တွင် ဗိုလ်ချုပ်ရာထူးရှိသေးကြောင်း သတိရသွား၏။

၎င်းက သာမန်လူများ၏အမြင်တွင် အလွန်မြင့်မားသည့် အဆင့်အတန်းတစ်ခုဖြစ်သော်လည်း ကျန်းဟန်သည်တော့ မေ့လုမေ့ခင်ပင်။ သူသည် ရာထူးရာခံများကို လုံးဝဂရုမစိုက်ချေ။ သူ့အနေဖြင့် သိုင်းပညာရှင်များကို အသုတ်လိုက်မွေးထုတ်ပေးရန် သူ၏စွမ်းရည်များကို အသုံးချလိုက်သည့်အတွက် ထိုရာထူးကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိ၏။

သူတို့ လဆန်းတောင်ကိုလည်း သတိပြုကြပေမည်။ သို့သော် ကိုယ်ခန္ဓာကြွံခိုင်မှုမြှင့်တင်ပေးနိုင်သည့် ယန်ချင်ရေသည် မည်သည့်အရပ်ကလာသည်ကို သိလိမ့်မည်မဟုတ်။

ပထမအသုတ် ရရှိပြီးနောက်တွင် ဒုတိယအသုတ်ကိုလည်း သေချာပေါက် လိုချင်ပေလိမ့်မည်။ သို့သော် ယန်ချင်ရေ ပမာဏက ထက်ဝက်လျော့ကျသွားခဲ့ပြီး အုပ်စုလိုက် သုံးစွဲရန်အတွက် မလောက်ငတော့ချေ။ တောင်ပေါ်ရှိ တိရစ္ဆာန်များအား ဖွံ့ဖြိုးစေရန်အတွက်က တစ်နှစ်ခန့်ကြာသည်။

ထို့ကြောင့် တစ်စုံတစ်ယောက်က သူ့အား ဗိုလ်ချုပ်ကျန်းဟု ခေါ်သည်ကို မြင်သည့်အခါ သူနှင့် တရားဝင်စကားပြောရန် ဆုံးဖြတ်လိုက်သည်။

"ထန်ကျန့်အကြောင်း ဘာမှထပ်ပြောမှမဟုတ်တဲ့အကြောင်းပြောဖို့ ဦးစီးကေဒါလျိုက လွှတ်လိုက်တာပါ။ ယွမ်တင်းတောင်ပေါ်က ဒဏ်ရာရသူတွေကိုလည်း နောင်မှ ဗိုလ်ချုပ်ကျန်းကို ဘယ်သူမှ မနှောင့်ယှက်ဖို့ သတိပေးထားပြီး

ပါပြီ” ထိုလူက စစ်သားတစ်ယောက်ကဲ့သို့ ကျယ်လောင်စွာ ပြောသည်။

"အင်း တခြားပြောစရာရှိသေးလား” ကျန်းဟန်က ပြုံးကာ မေးသည်။

“ဟုတ် ရှိပါတယ်” ထိုလူက တုံး၂တိတိပြန်ဖြေ၏။

ကျန်းဟန်မှာ အနည်းငယ်ရယ်စရာကောင်းသည်ဟု ခံစားမိသည်။ ဤကဲ့သို့ ရိုးရိုးရှင်းရှင်း တိုတိုတုတ်တုတ်ပြောရသည်ကို သဘောကျသည့်အတွက် သူလည်း အသာခေါင်းညိတ်ကာ ပြောလိုက်သည်။ "ဆက်ပြောပါ”

"ကျွန်တော်တို့က ကျောက်ဖုန်းနဲ့ သူ့ရဲ့လုံခြုံရေးအဖွဲ့ဝင်တွေကို ဝံပုလွေခေါင်း ဒုတိယတပ်ဖွဲ့ခွဲအဖြစ် ပေါင်းစည်းစေလိုပါတယ်။ ဒါက ပူပေါင်းဆက်ဆံရေးသဘောမျိုးပါ။ ဗိုလ်ချုပ်ကျန်း သဘောတူလား” ထိုလူက တုံးတိတိပြောသည်။

"အင်း....” ကျန်းဟန်က ခဏလောက်စဉ်းစားကာ ခေါင်းယမ်းလိုက်ပြီး "ရှောင်ဖုန်းဆီသွားလိုက်။ သူဆုံးဖြတ်လိမ့်မယ်”

၎င်းတို့အား ဝံပုလွေခေါင်းတပ်ဖွဲ့တွင် ပေါင်းထည့်ခြင်းသည် အမည်ခံသာဖြစ်သည်။ ပူပေါင်းဆက်ဆံရေးဆိုသည်မှာ ထိုလူများသည် တာဝန်များ ထပ်ဆောင်သည့်အခါ ကူညီပေးနိုင်ရမည်ဟု ဆိုလိုသည်။ ကျန်းဟန်သည် ထိုအရာများကို စိတ်မဝင်စားဘဲ ဝင်မပါချင်သည့်အတွက် ကျောက်ဖုန်းထံ လွှဲထားရန် ဆုံးဖြတ်လိုက်၏။ ကျောက်ဖုန်းက မှန်ကန်သည့် ဆုံးဖြတ်ချက် ချနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

"ဟုတ်ကဲ့ပါ ဆာ” ထိုလူက ပြန်ဖြေပြီး အလေးပြုကာ သပ်သပ်ရပ်ရပ်ပင် လှည့်ထွက်သွား၏။

သူထွက်သွားပြီး ဆယ်မိနစ်အကြာတွင် ဇီယန်နှင့် ကျိုးဖေးတို့ ပြန်လာခဲ့ကြသည်။

"မေမေ အဲဒါဘာလဲ” မုန့်မုန့်သည် ဇီယန်၏လက်ထဲမှ အစားအသောက်ဘူးကို ရုတ်တရက် သတိထားမိလိုက်၏။

အဲဒါက ရေခဲမုန့်နဲ့တူသလိုပဲ

မင်းသမီးလေးမှာ အံ့သြသွားသည်။ သူမလေးသည် ဆိုဖာပေါ်မှာ ထရပ်လိုက်ပြီး ဇီယန်၏ပွေ့ဖက်မှုကို တောင်းဆိုရန် လက်ကလေးနှစ်ဖက်အား ဆန့်တန်းလိုက်၏။

ထိုနောက် ဇီယန်သည် သူမလေးကိုပွေ့ချီကာ ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောလိုက်သည်။ "ဘာလဲ ကြည့်လိုက်လေ"

"ရေခဲမုန့်" မုန့်မုန့်က ဝမ်းသာအားရဆို၏။

"စားချင်လား"

"စားချင်တယ် စားချင်တယ်"

"ဒါဆို မေ့မေ့ကို အရင်အာဘွားပေး" ဇီယန်က သူမ၏နှုတ်ခမ်းရဲရဲလေးကို ရှေ့သို့တိုးလိုက်သည်။

"မွ မွ မွ"

နမ်းလိုက်ပြီးနောက် ဇီယန်က မုန့်မုန့်အား ဆိုဖာပေါ် ချလိုက်ပြီး ရေရွတ်လိုက်သည်။

"သမီးက ပိုပိုလေးလာပြီပဲ။ နောက်ဆို မေမေ သမီးကိုချီနိုင်မှာ မဟုတ်တော့ဘူး။ ရော့"

စကားပြောရင်းဖြင့် သူမက ရေခဲမုန့်အား ပေးလိုက်ရာ မုန့်မုန့်မှာ ပျော်ရွှင်စွာဖြင့် စားလေတော့သည်။

"လာ ထိုင်ပါဦး" ကျန်းဟန်က ဇီယန်အား ပြုံး၍ ပြောလိုက်ပြီး သူ၏ဘေးကို ပုတ်ပြသည်။

ဇီယန် ထိုင်လိုက်ပြီးနောက်တွင် သူမ၏လက်ကို ဆွဲကာ ပြုံး၍ ပြောသည်။ "မနက်ဖြန်နေ့လည်ထိ အားတယ်မလား"

ဆိုလိုရင်းကား "မင်းကိုယ်နဲ့ သီးသန့်အချိန်လေးဖြုန်းသင့်တယ်မထင်ဘူးလား" ဟူ၍ပင်။

ထိုစကားကိုကြားပြီးနောက် ဇီယန် နှုတ်ခမ်းကိုကိုက်လိုက်ပြီး သူ့အား မျက်စောင်းထိုးကာ တွေးလိုက်သည်။

"ရှင်က ဒီအကြောင်းတွေပဲ အမြဲတမ်းတွေးနေတာပဲ"

သို့သော် သူ၏စကားများမှာ သူမ အချိန်အတန်ကြာ တောင့်တနေသည့်အရာဖြစ်သည့်အတွက် သူမအား အလွန်ပူလောင်လာစေသည်။ သူတို့ ဘာလုပ်မယ်ဆိုသည်ကို တွေးမိလိုက်သည်နှင့် ဇီယန်မှာ တစ်ကိုယ်လုံး ထုံထိုင်းလာသလို ခံစားလိုက်ရသည်။

ပျာယာခတ်နေသည့် ယုန်ငယ်လေးပမာ သူမ ဘာလုပ်လို့လုပ်ရမှန်းမသိ။

"ညနေကျရင် ပါတီတစ်ခုသွားရမယ်။ ဓာတ်ညွှန်းတွေအကြောင်း ပြောဖြစ်မယ်ထင်တယ်" ဇီယန်က ပြန်ဖြေသည်။

"ခဲအို ဇီယန်က စူပါစတားတစ်ယောက်ဖြစ်တော့မယ်။ အယ်လ်ဘမ် ပေါက်ပြီးရင် သူ့အိတ်ထဲ ပိုက်ဆံတွေ ဆက်တိုက်ဝင်လာတော့မှာ" ကျိုးဖေးက ဝမ်းသာအားရပြောသည်။

"အင်း ဘယ်အချိန်လဲ" ကျန်းဟန်က ပေါ့ပေါ့ပါးပါး မေးသည်။

"၈ နာရီစမှာ ဆိုတော့ ကျွန်မတို့ ၇ နာရီခွဲလောက် ထွက်မယ်" ဇီယန်က ဖြေသည်။ ထိုနောက် သူမ ခဏလောက် စဉ်းစားကာ "နေ့လည်ပိုင်းတော့ အားတယ်။ ကျွန်မ လှေစီးပြီး လှိုင်းစီးချင်တယ်"

အရင်တစ်ခေါက် လှိုင်းလုံးကြီးများပေါ်၌ လှိုင်းစီးပြီး ကတည်းက သူမ ပြန်ပြန်တွေးမိသည်။ ရောမလှိုင်းလုံးကြီးများ က အလွန်စိတ်လှုပ်ရှားစရာကောင်း၏။ ထို့ပြင် လှိုင်းလုံးများ နောက်တွင် ဖွဲ့ထားသည့် ရေကန့်လန့်ကာမှာ အလွန်လှပ၏။ ရေစီးသံကို နားထောင်ရင်း လက်များကို ဆန့်တန်းထားခဲ့ သည်။ ၎င်းမှာ အလွန်အံ့သြစရာကောင်းသည့် အတွေ့အကြုံ တစ်ခုဖြစ်သည်။

ကျန်းဟန်သည် ဇီယန်၏တောင်းဆိုမှုအား ငြင်းဆန်ခြင်းမရှိဘဲ ထုံးစံအတိုင်းပင် ခေါင်းညိတ်ပြလိုက်၏။

မုန့်မုန့်မှာ ၎င်းကိုကြားပြီးနောက် မျက်လုံးများတောက်ပလာပြီး ရေလှိုင်းစီးခြင်းအတွက် အလွန်စိတ်လှုပ်ရှားလာသည်။

ထို့ကြောင့် သူတို့အဖွဲ့ အပြင်ထွက်လာကြသည်။ လန်ယွဲ့နှင့် အခြားသူများမှာ အပြင်ဘက်ရှိ ကားထဲတွင်ရှိနေဆဲဖြစ်ပြီး သူတို့စထွက်သည်နှင့် နောက်မှလိုက်လာခဲ့သည်။

ရေနက်ပင်လယ်ကွေ့အပျော်စီးလှေကလပ်ကိုရောက်ပြီးနောက် သူတို့ လှေငှားကာ လူတိုင်းတက်လာကြသည်။ လန်ယွဲ့နှင့် အခြားသက်တော်စောင့်များမှာ ရေကူးဝတ်စုံဝတ်မထားသည့်အတွက် အောက်ထပ်တွင် ထိုင်ကြသည်။ ကျန်းဟန်၊ ဇီယန်၊ မုန့်မုန့်နှင့် ကျိုးဖေးတို့မှာ ရေကူးဝတ်စုံဝတ်ဆင်ထားပြီး အပေါ်ထပ်တွင်နေကြသည်။

မုန့်မုန့်သည် အရုပ်ငယ်လေးများဖြင့် ကစားနေ၏။ ရေလွှာလျှောစီးရန် ဆုံးဖြတ်လိုက်သည့်အချိန်က ဇီယန်မှာ အနည်းငယ်စိုးရိမ်နေသဖြင့် မုန့်မုန့်အား လုပ်ခွင့်မပြုချေ။ ထို

အစား ကျန်းဟန်က သူမအား ရင်ခွင်ထဲပွေ့ကာ အကြိမ်အနည်းငယ် ရေလှိုင်းစီးခဲ့သည်။

ကျိုးဖေးမှာ သူတို့၏ရင်းနှီးလွန်းသော အပြုအမူကိုမြင်ပြီးနောက် မနာလိုဖြစ်လာ၏။ သူမသည်လည်း ယောက်ျားတစ်ယောက်၏ရင်ခွင်ထဲတွင် ရေလှိုင်းစီးချင်သော်လည်း ထိုယောက်ျားမှာ ပေါ်မလာသေးချေ။

သူတို့ အချိန်အကြာကြီး မနေခဲ့ကြ။ ငါးနာရီထိုးသည့်အချိန်တွင် အားလုံး ပြန်လာခဲ့ကြသည်။

ကျန်းဟန်က ညစာပြင်ဆင်သည်။ ညစာစားချိန်တွင် လန်ယွဲ့အပါအဝင် မိန်းကလေးခြောက်ယောက်အား ဇီယန်က ဆိုင်ထဲသို့ခေါ်လာပြီး စန္ဒယားအနီးရှိ စားပွဲ၌ စားသောက်ကြသည်။

ထမင်းစားပြီးနောက်တွင် ဇီယန်နှင့် ကျိုးဖေးက အိပ်ခန်းသို့သွားကာ အချိန်အတော်ကြာနေခဲ့သည်။ သူတို့ထွက်လာပြီးနောက်တွင်တော့ တောက်ပသည့်အသွင်အပြင်များရှိနေပြီဖြစ်သည်။

"အရမ်းလှတယ်" ကျန်းဟန်က ဇီယန်အား တောက်ပသည့်မျက်လုံးများဖြင့်ကြည့်ရင်း ချီးမွမ်းသည်။

ဇီယန်သည် အဝါရောင် Chanel ဝတ်စုံကို ဝတ်ဆင်ထားသည်။ လည်ပင်းတစ်ဝိုက်တွင် သေးငယ်သည့် ပိုးဇာလွှာလေးရှိသည်။ အဝတ်အစားမှာ ဒူးအထိရှိပြီး သူမ၏နူးညံ့သွယ်လျသည့် ခြေသလုံးလေးများကို မြင်နိုင်လေသည်။ သူမ၏အရပ်မှာ အလွန်ရှည်သည့်အတွက်ကြောင့် ဒေါက်မြင့်ဖိနပ်မစီးခဲ့ချေ။ ထိုအစား ခရစ်စတယ်ကြိုးသိုင်းဖိနပ်ကို စီးထား၏။ ဆံပင်ကို စည်းထားကာ လည်တိုင်သွယ်သွယ်လေးကို လှစ်ဟာထား၏။ နားတွင် နားကပ်ဝတ်ဆင်ထားပြီး ကျန်းဟန်သူမအတွက် ဝယ်ပေးထားသည့် ကျောက်စိမ်းလက်ကောက်ကို ဝတ်ထားကာ Hermes လက်ကိုင်အိတ်ကို ကိုင်ဆောင်ထားသည်။

သူမ၏အသွင်အပြင်မှာ အလွန်လှပကျော့ရှင်း၏။

ကျိုးဖေးသည်လည်း အနီရောင်ဂါဝန်ကို ဝတ်ဆင်ထားသည်။ သို့သော် ဇီယန်က အလွန်အမင်းစွဲဆောင်မှုရှိနေသည့်အတွက် သူမ၏အသွင်မှာ မှိန်သွားခဲ့ရသည်။

"ဘယ်လိုနေလဲ" ဇီယန်သည် အိတ်ကို ဘယ်လက်ဖြင့်ကိုင်ကာ အကျီအား အနည်းငယ်မြှောက်၍ ကျန်းဟန်၏ရှေ့တွင် လှည့်ပြလိုက်သည်။ ထိုနောက် သူမ ကျန်းဟန်၏ရင်ခွင်ထဲ တိုးဝင်ကာ သူ၏လည်ပင်းအား သိုင်းဖက်၍ မေးလိုက်သည်။ "ကျွန်မ လှလား"

"ဝိုး မေမေ အရမ်းလှတာပဲ" မုန့်မုန့်က ဆိုဖာပေါ်မှ လှမ်း၍ ချီးကျူး၏။

"အင်း မင်း အရမ်းလှတယ်" ကျန်းဟန် သူမအား တိုးတိုးလေးချီးမွမ်းသည်။

"မွ..." ဇီယန်သည် ခေါင်းလေးမော့ကာ သူ၏နှုတ်ခမ်းပေါ် ညင်သာစွာနမ်းလိုက်ပြီး "ကျွန်မ သွားတော့မယ်"

"ကဲ သခင်မလေး ကျွန်မတစ်ယောက်လုံး ဒီမှာရှိပါသေးတယ်နော်" ကျိုးဖေးက နဖူးကိုပုတ်ကာ ပြောသည်။

"ငါတကယ် သည်းမခံနိုင်တော့ဘူး"

"ဟမ့်" ဇီယန်က သူမအား မျက်စောင်းထိုးလိုက်၏။ အောက်ထပ်တွင် စားသုံးသူများရှိနေသေးသည့်အတွက် နေကာမျက်မှန်တပ်ကာ ထွက်လာကြသည်။

ကျိုးဖေးသည် ဒေါက်မြင့်ဖိနပ်စီးထားသည့်အတွက် ကားမမောင်းချေ။ သူတို့ လန်ယွဲ့မောင်းသည့် မာစီးဒီးပေါ်သို့တက်ကာ ကားသုံးစီးဖြင့် ကျန်းရှုခရိုင်ရှိ ဒရယ်ဂွန်ထရှိုင်ယန်ကလပ်သို့ မောင်းသွားခဲ့သည်။

ဒရယ်ဂွန်ထရှိုင်ယန်ကလပ်သည် ဟောင်ကောင်ရှိ လူကုံထံများသာ တက်ရောက်နိုင်သော သီးသန့်ကလပ်ဖြစ်သည်။ ပါတီများ ပွဲများကို ထိုနေရာတွင် ကျင်းပကြ၏။ ကျန်းရှုခရိုင်၏တောင်ပိုင်းတွင်ရှိပြီး တောင်ပေါ်စံအိမ်ကြီးတစ်ခုကဲ့သို့ အလွန်ကြီးမား၏။ ရှုခင်းနှင့် အလှဆင်မှုမှာ အလွန်ခမ်းနားပြီး

တောင်ကုန်းအတုများ ရေကန်များ စံအိမ်များ နေရာတိုင်းတွင် ရှိသည်။

ဖျော်ဖြေရေးအဆောက်အဦး၊ ရေပူစမ်း၊ အထူးစုဝေးခန်းမ စသည်တို့လည်းရှိသည်။

၇ နာရီ ၄၅ မိနစ်တွင် ဝူချန်းဒုန်၊ မိန်ချီ၊ ဒါရိုက်တာဖူနှင့် အခြား စီနီယာအမှုဆောင်အရာရှိများအပါအဝင် လူအများ အပြားရောက်ရှိလာသည်။

အတူတူမလာကြသော်လည်း အားလုံးမှာ နာရီဝက်ခန့် စော၍ ရောက်လာကြ၏။

အဆင့်အတန်းမမြင့်မားသည့်လူများက ဤနေရာသို့ ကြို၍ ရောက်လာလေ့ရှိသည်။ နောက်ဆုံးအခိုက်အတန့်တွင် တော့ တကယ့်အကောင်ကြီးကြီးများသာ ပေါ်လာပြီး သူတို့ နောက်ကျနေလျှင်ပင် မည်သူမှ ဝေဖန်ရဲမည်မဟုတ်ချေ။

မိန်ချီရောက်ရှိလာပြီးနောက် သူမသည် ရှလောယွီ၊ သူမ၏အေဂျင့်နှင့် အခြား ကုမ္ပဏီမှ အမျိုးသမီးဝန်ထမ်းသုံးဦး ကို ကလပ်အဝ၌ တွေ့ဆုံခဲ့သည်။

"နင်ဘာလို့ ဒီရောက်နေတာလဲ" မိန်ချီက သိချင်စိတ်ဖြင့် မေးသည်။

"အစ်မမိန် မစ္စတာလီက ကျွန်မတို့ကို ဖိတ်ထားတာ" ရှလောယွီက ပြုံးကာ ပြောသည်။

ကားပါကင်တွင် ဖြတ်သွားသည့်အခါ များပြားသည့် ဇိမ်ခံ ကားများက သူမအား အနည်းငယ် စိတ်လှုပ်ရှားစေ၏။ ဂူဖန်းဖုန်း၏ဖခင် ကျင်းပသည့် လူကုံထံများ စုဝေးခြင်းဖြစ်သည်ကို သူမ သိရှိသည်။ သူမသည် ဂူဖန်းဖုန်းအကြောင်းကို နက်နက်ရှိုင်းရှိုင်း နားလည်ထားပြီး သူ မည်သူမျှ အင်အားကြီးကြောင်း သိရှိ၏။

ရှလောယွီသည် ဂူဖန်းဖုန်း၏အကူအညီကိုရနိုင်လျှင် လီချန်းအား ချက်ချင်းစွန့်ပစ်မည်ဟုပြောခြင်းမှာ အပိုပြောနေခြင်းမဟုတ်ချေ။

သူမသည် လီချန်းနှင့် နက်ရှိုင်းစွာ အလုပ်မလုပ်ချင်သော်လည်း လက်ရှိတွင် သူနှင့် လိုက်လျောညီထွေဖြစ်အောင်ဟန်ဆောင်နေရမည်ဖြစ်သည်။

"အင်း အတူတူသွားရအောင်လေ”

မိန်ချီက ပြုံးကာ အဆောက်အဦးထဲသို့ ဦးဆောင်လျှောက်ဝင်သွားသည်။

-အခန်း(၃၅၅)ပြီး

စာစဉ်(၂၈) ပြီး